မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ မတ် ၁၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၆၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ (တပ်ပါ)ချီတက်လေ့ကျင့်မှုများဆောင်ရွက်

ရန်ကုန် မတ် ၁၀

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၆ နာရီမှ ၁၀ နာရီအထိ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန် (တပ်ပါ)ချီတက်လေ့ကျင့်မှုများကို စစ်ရေးပြအမိန့်စဉ်များအတိုင်း ဆောင်ရွက်ကြသည်။

စစ်ရေးပြလေ့ကျင့်

စစ်ရေးပြလေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်းနှင့် အရန်စစ်ရေးပြမှူးကြီး ဗိုလ်မှူးကြီးညီထွန်းတို့ဦးဆောင်၍ အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်း၊ မြဝတီစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက (တပ်ပါ)စစ်ရေးပြလေ့ကျင့်မှုများကို ပါဝင်ချီတက် စစ်ရေးပြလေ့ကျင့်ကြသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ စစ်ရေးပြလေ့ကျင့်ရာသို့ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လာရောက်ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့အကြို မြန်မာ့အလင်းသတင်းစာ အထူးကဏ္ဍများဖြင့် ဂုဏ်ပြုတင်ဆက်မည်

၂၀၀၄ ခုနှစ် မတ်လ ၂၇ ရက်နေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏သမိုင်းဝင် (၅၉) နှစ်မြောက် တပ်မတော်နေ့ နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိရေးအတွက် စွမ်းစွမ်းတမံတိုက်ပွဲဝင်ခဲ့ကြသူများ၊ ရရှိခဲ့သော လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြသည့် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ၊ ပြည်ထောင်စု မပြိုကွဲရေးအတွက် အသက်၊ သွေး၊ ချွေးပေါင်း မြောက်မြားစွာ ရင်းနှီးပြီး ကာကွယ်စောင့်ရှောက်ခဲ့ကြသည့် တပ်မတော်သားများနှင့် တိုင်းရင်းသားပြည်သူများ၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်ရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်လက်တွဲ၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြသည့် တပ်မတော်သားများအား ဂုဏ်ပြုသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာကို ဆန်းသစ်သောအပြင်အဆင်ကဏ္ဍတို့ဖြင့် မတ်လ ၁၂ ရက်မှစတင်၍ ဝေဝေဆာဆာ တင်ဆက်သွားမည် ဖြစ်ပါသည်။

ယင်းကဏ္ဍများတွင် နိုင်ငံတော်အကြီးအကဲ၏ အဆိုအမိန့်များ၊ ခေါင်းကြီး၊ ဆောင်းပါး၊ သတင်းဆောင်းပါး၊ ဓာတ်ပုံစာမျက်နှာ၊ တွေ့ဆုံမေးမြန်းခန်း၊ သမိုင်းပုံရိပ်လွှာ၊ နိုင်ငံတော်တည်ဆောက်ရေး မြင်ကွင်းအဖုံဖုံနှင့် ကဗျာ၊ ကာတွန်းတို့ဖြင့် ထူးခြားလေးနက်စွာ ဖော်ပြသွားမည် ဖြစ်ပါကြောင်း သတင်းစာဖတ်ပရိသတ်အား ကြိုတင်သတင်းစကားပါးအပ်ပါသည်။

(မြန်မာ့အလင်း)

ယနေ့ထုတ်စောင်ရေ ၂၀၀၁၃၂

(၅၉)နှစ်မြောက် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ (တပ်ပါ)ချီတက်လေ့ကျင့်မှုကို ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်၊ ဗိုလ်မှူးချုပ်ဉာဏ်ဝင်းနှင့် တာဝန်ရှိသူများ ကြည့်ရှုစဉ်။

(ထပဆ)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မတ်လ ၁၁ ရက်)

ပြည်သူများ၏ လူနေမှုအဆင့်မြင့်မားရေး ပံ့ပိုးပေးနေ မိမိဒေသဖွံ့ဖြိုးရေး ဝီရိယစိုက်ထုတ် ကြိုးစားဆောင်ရွက်

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားလူမျိုးများအပေါ် နီးသည်ဝေးသည်မဟုတ်၊ ဆူကြွနိမ့်မြင့်မရွေး အားလုံးမျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေလိုသည့်စေတနာဖြင့် ပြည်ထောင်စုကြီး တစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ဆောင်ပေးလျက်ရှိသည်။

ထိုသို့လုပ်ဆောင်ပေးလျက်ရှိရာတွင် အခြားပြည်နယ်၊ တိုင်းများနည်းတူ ရခိုင်ပြည်နယ်ကိုလည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေပြည်သူများ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် အထောက်အကူဖြစ်စေမည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာအခြေခံအကျိုးစီးပွားများကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဖေဖော်ဝါရီလ ၂၉ ရက်နေ့ မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် တောင်ကုတ်မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ သံတွဲခရိုင်နှင့် တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်-

"ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် နိုင်ငံတော်က လမ်း၊ တံတားများစွာကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ လွန်ခဲ့သည့် သုံးနှစ်ခန့်ကပင် ရန်ကုန်-စစ်တွေလမ်းမကြီးကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ရန်ကုန်မှ စစ်တွေလမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် ကိုယ်တိုင်သွားရောက် ဖွင့်လှစ်ပေးခဲ့ကြောင်း"

ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်အတွင်း ကတ္တရာလမ်း ၅၃၇ မိုင်အပါအဝင် ကျောက်ချောလမ်း၊ အမာခံလမ်း၊ မြေသားလမ်း စုစုပေါင်း လမ်းမိုင်အရှည် ၈၉၄ မိုင် ဖောက်လုပ်ပေးခဲ့ပြီးဖြစ်သည်။

လမ်းဖောက်လုပ်ရာတွင် လမ်းကြောင်းတံတားများအနေဖြင့် ၂၅၁၃ ပေရှည်သော ကစ္ဆပနဒီတံတား၊ ၂၀၀၃ ပေအရှည်ရှိ မင်းချောင်းတံတားကြီးများအပါအဝင် ပေ ၁၈၀ အထက် တံတားကြီးပေါင်း ၂၇ စင်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည်။

ယခုအခါ စစ်တွေမှ ရန်ကုန်မြို့သို့ စစ်တွေ-မြောက်ဦး-အမ်း-မင်းဘူး-မကွေးလမ်းမကြီးဖြင့်လည်းကောင်း၊ စစ်တွေ-အမ်း-တောင်ကုတ်-ပန်းတောင်း-ပြည်လမ်းမကြီးဖြင့်လည်းကောင်း၊ စစ်တွေ-အမ်း-တောင်ကုတ်-သံတွဲ-ငွ-သေိုင်းချောင်းလမ်းမကြီးဖြင့်လည်းကောင်း၊ မော်တော်ယာဉ်ခရီးဖြင့် တောက်လျှောက်သွားလာနိုင်ကြပြီ ဖြစ်သည်။ ထို့အပြင် ရန်ကုန်-ကျောက်ဖြူလမ်းမကြီးကိုလည်း ဖောက်လုပ်ပေးလျက်ရှိသည်။

ရခိုင်ပြည်နယ်အတွင်းနေထိုင်သည့် တိုင်းရင်းသားများ၏ ပညာရေးအခွင့်အလမ်းများ တိုးတက်ကောင်းမွန်စေရေး၊ လူသားစွမ်းရည်တိုးတက်စေရေးအတွက်လည်း အခြေခံပညာကျောင်းများကို အဆင့်တိုးမြှင့်ပေးခြင်း၊ အသစ်တိုးချဲ့ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စစ်တွေမြို့တွင် စစ်တွေတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ်တို့ကို တည်ထောင်ဖွင့်လှစ်ပေးခဲ့သည်။

ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့် တိုးမြှင့်ပေးနိုင်ရေးအတွက် ခုတင် (၂၀၀)ဆံ့နှင့် ခုတင် (၁၀၀)ဆံ့ အထူးကုဆေးရုံကြီးများကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။

အလားတူ ရခိုင်ပြည်နယ်တွင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ရေလှောင်တမံနှင့် မြစ်ရေတင်စီမံကိန်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒေသအတွင်း စီးပွားဖြစ်ထွန်းနိုင်သည့် ပုစွန်မွေးမြူရေးလုပ်ငန်းအပါအဝင် ရေလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်မွေးမြူလာစေရေး စီမံဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အပိုင်းက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာရေးတို့အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးနေသည့်အချိန်အခါတွင် ပြည်သူများအပိုင်းကလည်း မိမိရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့၏ စီးပွားရေးနှင့် လူနေမှုဘဝတိုးတက်မြင့်မားရေးတို့အတွက် ဝီရိယစိုက်ထုတ် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

အမှတ် ၂၆ မြေကွက်အမှတ် ၆၃၆ အေးရိပ်သာ ၁ လမ်း (၄၃) ရပ်ကွက် ဒဂုံ မြို့သစ် (မြောက်ပိုင်း) နေ ဆရာမကြီး ဒေါ်ခင် အေး ကျောင်းအုပ်ဆရာမကြီး (ငြိမ်း) အသက် (၇၀)ပြည့် မွေးနေ့ အတွက် အလှူငွေကျပ် တစ်သိန်းကို ဗြဟ္မစိုဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်ာန်းကျွန်းမြို့နယ် နာရေးကူညီမှုအသင်း ရန်ကုန်အသင်းရုံးသို့ လာရောက်လှူဒါန်းရာ အလုပ်အမှုဆောင် ဒေါ်သီတာရွှေနှင့် ဒေါ်သန်းချို တို့က လက်ခံရယူစဉ်။ (က-ပ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မတ် ၅ ရက် (တပေါင်းလပြည့်နေ့)က နိုင်ငံခြားရေးဝန်ကြီးဌာန အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း (၉/၂၀၀၃)မှ နံနက်ပိုင်း သင်တန်းသား သင်တန်းသူများ ရွှေတိဂုံဘုရားတောင်ဘက်စောင်းတန်းတွင် ဒုတိယအကြိမ် အချိုရည်များ စတုဒိသာတိုက်ကျွေးကြစဉ်။ (က-ပ)

ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၀

မန္တလေးမြို့တွင်ရောက်ရှိနေသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် တာဝန်ရှိသူများ လိုက်ပါ၍ မတ် ၈ ရက်က ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း၏ မန္တလေးဘက်ကမ်း လုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးငွေးမြင့်က မန္တလေးဘက်ကမ်းရှိ တည်ဆောက်ပြီးစီးနေသော ချဉ်းကပ်တံတားတိုင်လုပ်ငန်း အခြေအနေများ၊ ပင်မတံတားတိုင် ရေလယ်လုပ်ငန်း တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် တံတားတွင်တပ်ဆင်မည့် သံမဏိပေါင်များရောက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ စစ်ကိုင်းဘက်ခြမ်းကို တာဝန်ယူတည်ဆောက်နေသော စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းက ချဉ်းကပ်တံတားများ တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ ပင်မတံတား ရေလယ်တိုင်လုပ်ငန်း ဆောင်ရွက်နေမှုများ၊ သံမဏိပေါင်များတပ်ဆင်ရန် ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် မန္တလေးဘက်ကမ်းရှိ တည်ဆောက်ပြီးစီးနေသော ချဉ်းကပ်တံတားတိုင်လုပ်ငန်းများ၊ သံမဏိပေါင်များတပ်ဆင်ရန် သယ်ယူဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေယာဉ်ဖြင့် စစ်ကိုင်းဘက်ခြမ်းသို့ သွားရောက်၍ ရေလယ်တိုင်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ သံမဏိပေါင်များ ရောက်ရှိနေမှုအခြေအနေများနှင့် ချဉ်းကပ်တံတားတိုင်လုပ်ငန်းပြီးစီးမှုများကို လုပ်ငန်းခွင်တစ်လျှောက် ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ မုံလယ်သကြၤန်တရားစခန်းပွဲ

ရန်ကုန် မတ် ၁၀

ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါ မုံလယ်တောရ ဆရာတော်ဘုရားကြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရသည် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း သင်္ကြန်ရက်များတွင် ဝိပဿနာတရားများ ဟောကြားပြသမည်ဖြစ်သည်။

စခန်းဝင်လိုသူ ယောဂီများသည် ပဲခူး၊ အင်းတကော် ဆယ်မိုင်ကုန်း၊ မုံလယ် တောရဓမ္မရိပ်သာ၌ ဧပြီ ၁၁ ရက် တနင်္ဂနွေနေ့ ညနေ ၃ နာရီမှ ဧပြီ ၁၉ ရက် တနင်္လာနေ့နံနက် ၇ နာရီအထိ စခန်းဝင်ရောက်နိုင်ကြောင်း နှိုးဆော်ထားသည်။ **(က-ပ)**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အလက(၄)ရှိ ပညာ့ဗိမာန်ခန်းမတွင် လူငယ်နှင့် တရားဥပဒေအကြောင်းသိကောင်းစရာ ဟောပြောပွဲကို မတ် ၈ ရက်က ကျင်းပရာ (ဒဂုံတောင်)ရဲတပ်ဖွဲ့မှ ဒုတိယမြို့နယ်မှူး မျိုးရင်က တရားဥပဒေနှင့် ပုဒ်မများအကြောင်းဟောပြောပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဆင့်က ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ရွှေနိုင်ငံဂျာနယ် အတွဲ(၂)၊ အမှတ်(၂၃) ထုတ်ဝေဖြန့်ချိ



ရန်ကုန် မတ် ၁၀

ရွှေနိုင်ငံဂျာနယ် အတွဲ(၂)၊ အမှတ်(၂၃)ကို ယနေ့ ထုတ်ဝေဖြန့်ချိသည်။ **(ဝဲပုံ)**

အဆိုပါဂျာနယ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည့်သတင်း၊ မောင်ဆုရှင်၏ ကဗိတို့၏လက္ခဏာ၊ တက္ကသိုလ်မြတ်သူ၏ အဘယ့်ကြောင့်လူငယ်(၈)၊ ချစ်နိုင်(စိတ်ပညာ)၏ နိုင်ငံ့အကျိုးများကိုသာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်များ စုံလင်စွာဖော်ပြပါရှိသည်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၀

ဧရာဝတီတိုင်း မအူပင်မြို့နယ် ထနီးကျေးရွာ ထနီးအဝပိုင်း ဦးတိုးမောင် (ဒေါ်မြတင်)၏နေအိမ် တရားမဏ္ဍပ်တွင် မူလသဲအင်းဂူ ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ဆရာတော် ဘဒ္ဒန္တစိန္တာမယ(ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိက)က ခန္ဓာကိုယ်တွေ့ ဝိပဿနာ အလုပ်ပေးတရားတော်များကို မတ် ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက် တရားစခန်းဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မတ် ၁၀ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အဂ္ဂမဟာ သီရိသုဓမ္မသီင်္ဂီဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ဒေါ်နီ(ရွှေသံလွင်ကုမ္ပဏီ နာယက)နှင့် သီရိသုဓမ္မသီင်္ဂီ ဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ဒေါ်တင်တင်ဝေ (ဒုတိယဥက္ကဋ္ဌ ရွှေမင်းဝံသာသနာ့ရိပ်သာ ပုညသီအမျိုးသမီးအဖွဲ့)တို့အား ရွှေမင်းဝံသာသနာ့ရိပ်သာက ထပ်ဆင့်ချီးကျူးဂုဏ်ပြုပွဲအခမ်းအနားကို ဗဟန်းမြို့နယ်ရှိ ခြောက်ထပ်ကြီးကျောင်းတိုက် ရွှေမင်းဝံသာသနာ့ရိပ်သာ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၏ ဇနီး ဒေါ်မြင့်မြင့်ရီက ဒေါ်တင်တင်ဝေအား ရွှေတံဆိပ်ဆု ချီးမြှင့်စဉ်။

(သတင်းစဉ်)

ပြွန်တန်ဆာမြို့ အထက်တန်းကျောင်း အာစရိယပူဇော်မည်

ရန်ကုန် မတ် ၁၀

ပဲခူးတိုင်း ပြွန်တန်ဆာမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)နှစ်ပြည့် အငြိမ်းစားဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၄ ရက်က အစိုးရအလယ်တန်းကျောင်း ဘိုးရာဇာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေ လှူဒါန်းလိုသူများနှင့် ကန်တော့ခံ အသက် (၆၀)နှစ်ပြည့် အငြိမ်းစားဆရာ ဆရာမကြီးများသည် ဒေါ်ခင်စောမူ ဖုန်း-၆၆၃၁၇၉၊ ဦးစန်းမောင် ဖုန်း-၀၂-၂၃၅၉၁နှင့် (ပြွန်တန်ဆာ) ဦးတင်ဦး ဖုန်း-၅၆နှင့် ဒေါက်တာခင်မောင်အေး ဖုန်း-၄၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၄၇)သင်တန်းဆင်း ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၄၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာနစစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီး ရဲမှူးချုပ်ခင်မောင်၊ ညွှန်ကြားရေးမှူး(စီမံ/လေ့ကျင့်) ရဲမှူးကြီး ဝင်းခေါင်၊ မန္တလေးတိုင်းတွင်ရှိ ပြည်ထဲရေးဝန်ကြီးဌာနအောက်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းဆင်း ဒုတိယရဲအုပ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ချီတက်အလေးပြု

စစ်ရေးပြအခမ်းအနားတွင် ရဲချုပ်က ဒုတိယရဲအုပ်လောင်း တပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူ၍ တပ်ခွဲများကို စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်း တပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ဆုများချီးမြှင့်

ထို့နောက် ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုရ ကျောင်းသားအမှတ်(၁၁၇) ဒုတိယရဲအုပ်လောင်း ဗိုလ်အောင်၊ ဥပဒေထူးချွန်ဆုရ ကျောင်းသား အမှတ်(၁၀၄) ဒုတိယရဲအုပ်လောင်း မျိုးမင်း၊ စစ်ပညာထူးချွန်ဆုရ ကျောင်းသားအမှတ်(၂၁၀) ဒုတိယရဲအုပ်လောင်းဇော်ဇော်ညွှန့်နှင့် သေနတ်ပစ် ထူးချွန်ဆုရ ကျောင်းသားအမှတ်(၇၅) ဒုတိယရဲအုပ်လောင်း သန်းနိုင်တို့အား ဆုများကို ချီးမြှင့်သည်။

မှာကြား

ထို့နောက် ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မျိုးချစ်စိတ်ရှိသော၊ စွမ်းရည်ပြည့်ဝသော၊ ခေတ်မီသော၊ အရာရှိများဖြစ်ရေး ကြိုးစားဖြည့်ဆည်းကြရန်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ရေတိုရေရှည် ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော်ရန်၊ ပြည်သူနှင့်တစ်သားတည်းဖြစ်ရေးအတွက် တပ်ပြင်စည်းရုံးရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏ အထူးဒေသဖွံ့ဖြိုးရေးလုပ်ငန်းကြီးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ဖော်ဆောင်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာ၌ တက်ကြွစွာပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန်၊ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို လုံခြုံရေးသတိဖြင့် စောင့်ကြပ်ထိန်းသိမ်းသွားကြရန်၊ လုပ်ငန်းများဆောင်ရွက်ရာ၌ အမြင်ငါးမြင်ဖြင့် သုံးသပ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်သွားကြရန် မှာကြားသည်။

(သတင်းစဉ်)

သံဃာ့မဟာပရိဝါသ်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ် (၁၅၃)ရပ်ကွက် တဲပိုင်းကြီး တောရကျောင်းတိုက်၌ (၃)ကြိမ်မြောက် ပရိဝါသ်ပွဲ ကျင်းပမည်ဖြစ်ပါ၍ အားထုတ်လိုသော အရှင်မြတ်များသည်မတ် ၁၄ ရက်(တနင်္ဂနွေနေ့)ညနေ အရောက်ကြွရောက်ကြပါရန် နှင့် ဖုန်း၀၉-၅၀၁-၇၄၇၄ နှင့် ၀၉-၅၀၀-၇၂၃၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်အောင်မြင်ဓမ္မာရုံတွင် ဓမ္မပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၁၀

သာကေတမြို့နယ် ၂/တောင် ရပ်ကွက် ရန်အောင်မြင်ဓမ္မာရုံကြီး တွင် အကျိုးတော်ဆောင် လူကြီးများကမကထပြုလျက် နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော ဓမ္မပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်သည်။

ဓမ္မပူဇာသဘင်တွင်-မတ် ၂၄ ရက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အင်္ဂီသပါဠိကာရီဆရာတော်၊ မတ် ၂၅ရက် ဦးသုမင်္ဂလ မဟာဓမ္မာစရိယ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်ကမ္ဘာအေး ရန်ကုန်၊ မတ် ၂၆ ရက် မဟာစည်နယ်လှည့် ဓမ္မကထိက ဗဟုဇနဟိတဓရ တွံတေးအရှင်ဣန္ဒက၊ မတ် ၂၇ ရက် သာကေတ ဆင်ဖြူတောင်ကျောင်းတိုက် ပဓာန နာယက ဓမ္မာစရိယဘဒ္ဒန္တဂုဏိန္ဒ ဆရာတော်၊ မတ် ၂၈ ရက် ဦးဣန္ဒောဘာသ(ညောင်လေးပင်)မဟာဓမ္မာစရိယ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ် ကမ္ဘာအေး၊ မတ် ၂၉ ရက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက(ယော)ဆရာတော် ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ၊ မတ် ၃၀ ရက် အုတ်ဖိုဆရာတော် ဦးဝေပုလ္လ၊ မတ် ၃၁ ရက် ဦးသြဘာသ ဓမ္မာစရိယ၊ ဘီအေ ခြောက်ထပ်ကြီး ရွှေဘုန်းမြင့်ကျောင်းဆရာတော်၊ ဧပြီ ၁ ရက် ဦးသုဇာတ ဓမ္မာစရိယ မဟာစည်နည်းလှည့် ဓမ္မကထိက မေတ္တာအေးဆရာတော်၊ ဧပြီ ၂ ရက် အရှင်ဇဝန(ပဲခူး) နည်းလှည့်ဓမ္မကထိက ဆရာတော်၊ ဧပြီ ၃ ရက် သီတဂူကြာတစ်ပွင့်ရွှေပြည်ဟိန်းဆရာတော်၊ ဧပြီ ၄ရက် မဟာစည် သာသနာ့ရိပ်သာ ပဓာနနာယက သာသနတက္ကသိုလ ဓမ္မာစရိယ ဘဒ္ဒန္တ ကောဝိဒ (B.A, M.A, Ph.D) ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။

(က-ပ)

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၏ ပညာရပ်ဆိုင်ရာဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၏ ပညာရပ်ဆိုင်ရာဟောပြောပွဲကို ၂၀၀၄ ခုနှစ် မတ် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ အခန်းအမှတ် ၂၀၂ ၌ ကျင်းပမည်ဖြစ်ရာ ဦးစိုးမြင့်(ညွှန်ကြားရေးမှူးချုပ်၊ စွမ်းအင်စီမံကိန်းဦးစီးဌာန)က Myanmar's Potential as a Major Natural Gas Supplier in the Region၊ ဦးအောင်ကြင်(MD, Explorers Consulting Ltd.)က Practical Gold Seeker (လက်တွေ့ရွှေမုဆိုး) ခေါင်းစဉ်များဖြင့် စိတ်ဝင်စားဖွယ်ရာ ဟောပြောကြမည်ဖြစ်သဖြင့် အသင်းဝင်များ တက်ရောက်ကြရန် နှိုးဆော်ထားပြီး အခြားစိတ်ပါဝင်စားသူများလည်း တက်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

မတ် ၇ ရက်က ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမက(၁) ဗဟိုကျောင်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့်သင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်မြင့်က ကျောင်းသားမောင်ဖြိုးကိုကိုအား လက်မှတ်ပေးအပ် ချီးမြှင့်စဉ်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၁-၃-၂၀၀၄

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချို့အေးမင်္ဂလာတေး

၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၈:၀၅ ၇။ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ

၈:၂၀ ၈။ အကပဒေသာ

၈:၃၀ ၉။ International News

၈:၄၅ ၁၀။ Let's Go

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ English for Everyday Use

၁၁:၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၂ ခုနှစ်)

၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရက္ခဗေဒ၊သတ္တဗေဒ အထူးပြုများ)(ရက္ခဗေဒ)

၁၇:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၁၇:၃၅ ၇။ တေးဂီတအစီအစဉ်

၁၇:၅၀ ၈။ မြန်မာစာ မြန်မာစကား

၁၈:၁၀ ၉။ တေးဂီတအစီအစဉ်

၁၈:၃၀ ၁၀။ ညနေခင်းသတင်း

၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ

၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **“မိုးနတ်မယ်”** (အပိုင်း-၅)

၁၉:၃၅ ၁၃။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၁၉:၄၅ ၁၄။ သာယာငြိမ်းချမ်းစိမ်းလန်းစိုပြည် ရန်ကုန်မြေ (အပိုင်း-၁)

၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ရန်ကုန်ပန်တျာကျောင်း သင်တန်းဆင်းပွဲ တင်ဆက်မှုအစီအစဉ်

၁၉။ နောက်တစ်နေ့အစီအစဉ်

၂၀။ အစီအစဉ်ပြီး၏။

ကန်တို့နှင့်ပူးပေါင်းသူမြူနီစီပယ်ကောင်စီဝင်တစ်ဦး တိုက်ခိုက်ရေးသမားများ၏ သတ်ဖြတ်ခြင်းခံရ

မိုဆူးလ် မတ် ၁၀

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် အမည်မသိ ခုခံတိုက်ခိုက်ရေးသမားများက ကားမောင်းသွားရင်း မိုဆူးလ် မြူနီစီပယ်ကောင်စီဝင်တစ်ဦးကို တနင်္လာနေ့၌ ပစ်သတ်သွားကြသည်ဟု ရဲအဖွဲ့က ပြောကြားသည်။

မြူနီစီပယ်ကောင်စီဝင်သည် မိုဆူးလ်မြို့တွင် ကားမောင်းသွားစဉ် လူလေးဦးသည် အခြားကားတစ်စီးဖြင့် သူ့ကားနံဘေးမှနေ၍ ကျော်တက်ပြီး စတင်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ကောင်စီဝင်နှင့် အတူပါသူမှာ ဒဏ်ရာရရှိခဲ့သည်။

တိုက်ခိုက်

ခုခံတိုက်ခိုက်ရေးသမားများသည် သိမ်းပိုက်မှုကို ဆန့်ကျင်တိုက်ခိုက်ရာတွင် ရဲအဖွဲ့နှင့် တပ်ဖွဲ့ဝင်များကဲ့သို့ အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်များနှင့် ပူးပေါင်းဆောင်ရွက်နေကြသည့် အီရတ်တို့ကို မကြာခဏ ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြသည်။

သေဆုံး

ထိုသို့တိုက်ခိုက်မှုကြောင့် မိုဆူးလ်မြို့တွင် အမေရိကန်တို့နှင့် ပူးပေါင်းဆောင်ရွက်သူ နိုင်ငံရေးအရာရှိကြီးအချို့ သေဆုံးခဲ့ကြရသည်။ **အမ်အင်အေ၊ရိုက်တာ**

မတ် ၉ရက်က တီကရစ်မြို့တွင် အိမ်တစ်အိမ်အတွင်း စီးနင်းရှာဖွေမှုပြုလုပ်ရန် ကြိုးပမ်းနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရှာဖွေစစ်ဆေး

မတ် ၁၀ ရက်က ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးချုပ်အနီး ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၅၁၃ဦးရှိပြီ

ဝါရှင်တန် မတ် ၁၀

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်ပြီး စစ်ပွဲဆင်နွှဲခဲ့ရာတွင် မတ် ၉ရက် အင်္ဂါနေ့ရောက်ချိန်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၁၅၁၃ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ယင်းအနက် ၁၁၈၉ဦးမှာ တိုက်ခိုက်မှုကြောင့် သေဆုံးခြင်းဖြစ်ပြီး ၁၇၄ ဦးမှာ တိုက်ခိုက်ခြင်းကြောင့် မဟုတ်ဘဲ သေဆုံးခြင်းဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ပြောကြားသည်။

ပြီးခဲ့သည့်နှစ် မတ် ၂၀ ရက်၌ စစ်ပွဲစတင်ခဲ့သည်မှ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၂၇၅၃ ဦးဖြစ်ပြီး ၄၂၄ဦးမှာ တိုက်ခိုက်မှုကြောင့် မဟုတ်ဘဲ ဒဏ်ရာရခြင်းဖြစ်သည်ဟု ကာကွယ်ရေးဌာနက ပြောကြားသည်။ မေ ၁ ရက်၌ စစ်ပွဲကြီးပြီးကြောင်း သမ္မတဂျော့ဒဗလျူဘုရှ်က ကြေညာခဲ့သည်။ ထိုမေ ၁ ရက်မှစပြီး အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၁၅ဦးဖြစ်ပြီး ယင်းအနက် ၂၆၄ဦးမှာ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ပြီး ၁၅၁ဦးမှာ တိုက်ခိုက်မှုကြောင့် မဟုတ်ဘဲ သေဆုံးခဲ့သည်။

(အင်တာနက်)

အာရပ်ကမ္ဘာတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမည့် ကန်၏အစီအစဉ် အကြမ်းဖက်မှုပိုမိုဖြစ်လာနိုင်ဟု အီဂျစ်သမ္မတမူဘာရက် ပြောကြား

ပါရီ မတ် ၁၀

အာရပ်ကမ္ဘာတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမည့် အမေရိကန်ပြည်ထောင်စု၏ အစီအစဉ်များသည် အကြမ်းဖက်မှုကို ပိုဖြစ်လာစေနိုင်သည့်ပြင်အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခအဆုံးသတ်ခြင်းမရှိဘဲ မအောင်မြင်နိုင်ကြောင်း၊ အီဂျစ်သမ္မတ ဟိုစ်နီမူဘာရက်က တနင်္လာနေ့၌ ပြောကြားလိုက်သည်။

ယင်းသည် အမေရိကန်ကို နားလည်သဘောပေါက်ပုံမရသော အန္တရာယ်ပင်ဖြစ်သည်ဟု မူဘာရက်က လီဖီဂါရိုသတင်းစာသို့ ပြောကြားသည်။

ပြောကြား

ပြည်ပမှ ပြဋ္ဌာန်းချက်ကို သက်ဆိုင်ရာပြည်သူများ ကန့်ကွက်ကြမည်ဖြစ်ပြီး ယင်းသို့ပြဋ္ဌာန်းခြင်းသည် ဒေသတစ်ခုလုံး၌ မင်းမဲ့စရိုက်ဆီသို့ ဦးတည်သွားမည်ဖြစ်သည်ဟု တွေ့ဆုံမေးမြန်းခန်း၌ မူဘာရက်က ပြောကြားသည်။

ထိုသို့အရှေ့အလယ်ပိုင်းဒေသအတွက် ဦးစားပေးသည့် အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခကို ဖြေရှင်းရန်ဖြစ်သည်ဟု အာရပ်ခေါင်းဆောင်အများအပြား၏သုံးသပ် ချက်အတိုင်း မူဘာရက်ကပြောကြားသည်။

ဆွေးနွေးမည်

မူဘာရက်သည် ၎င်း၏ရှုမြင်သုံးသပ်ချက်ကို ဧပြီလ၌ တက္ကဆက်တွင် သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့် တွေ့သည့်အခါ တင်ပြဆွေးနွေးဖွယ်ရှိသည်။

သို့သော် အမေရိကန်တို့ စီစဉ်ထားသည့် အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အစီအစဉ်များနှင့်ပတ်သက်၍ အာရပ်ခေါင်းဆောင်များက ဆန့်ကျင်ကန့်ကွက်လျက်ရှိသည်။

စိုးရိမ်

အီရတ်နိုင်ငံတွင် မကြာမီကဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုများနှင့် ပတ်သက်၍ အီရတ်လုံခြုံရေးအပေါ် အာရပ်ကမ္ဘာက စိုးရိမ်လျက်ရှိသည်။

ဝေဖန်

အီရတ်တွင် အမေရိကန်နှင့်အပေါင်းပါတို့ ဆက်လက်တည်ရှိနေမှုအပေါ် အာရပ်ခေါင်းဆောင်များက ဆန်းစစ်ဝေဖန်လျက်ရှိရာ ၎င်းတို့တည်ရှိမှုအချိန်ကာလနှင့်ပတ်သက်၍လည်း ဝေဖန်ပြောဆိုလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

အီရတ်သို့ ဂွာတီမာလာတပ်များ စေလွှတ်ခြင်းမပြု

မက္ကဆီကိုစီးတီး မတ် ၉

ငွေကြေးရန်ပုံငွေမရှိသဖြင့် အီရတ်သို့ မိမိနိုင်ငံက တပ်ဖွဲ့ဝင်များစေလွှတ်မည်မဟုတ်ကြောင်း ဂွာတီမာလာ သမ္မတ အော်စကာဘာဂါက တနင်္လာနေ့တွင် ပြောကြားသည်။

ဂွာတီမာလာစီးတီး၌ ပြုလုပ်သော သတင်းစာရှင်းပွဲတွင် စပိန်ဦးဆောင်သည့် အီရတ်တည်ငြိမ်ရေးတပ်ဖွဲ့တွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရန် အစိုးရက ဆုံးဖြတ်လိုက်ကြောင်း၊ တပ်ဖွဲ့ဝင်များ စေလွှတ်ရန် အရင်းအမြစ်များ မိမိတို့၌ မရှိကြောင်း သမ္မတဘာဂါက ပြောကြားသည်။

စပိန်နိုင်ငံမြို့တော် မက်ဒရစ်တွင် စပိန်ဝန်ကြီးချုပ် ဂျို့စ်မာရီယာ အက်ဇ်နာနှင့် ပြီးခဲ့သောသောကြာနေ့က ပြုလုပ်ခဲ့သည့် ပူးတွဲသတင်းစာရှင်းပွဲ၌ တပ်ဖွဲ့ဝင်များ အီရတ်သို့စေလွှတ်ရေး ဆုံးဖြတ်ချက်ကို ဘာဂါက ကြေညာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

မူးယစ်ဆေးဆန့်ကျင်ရေး စင်ကာပူ၌လှုပ်ရှား

စင်ကာပူ မတ် ၉

စင်ကာပူနိုင်ငံတွင် မူးယစ်ဆေးအတု အလွဲသုံးစားမှု ပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းသည့် အစိတ်အပိုင်းအဖြစ် တစ်လကြာ မူးယစ်ဆေးဆန့်ကျင်ရေး လှုပ်ရှားမှုကို တနင်္ဂနွေနေ့တွင် စတင်ခဲ့သည်။

အဆိုပါ လှုပ်ရှားမှုကို စင်ကာပူ မူးယစ်ဆေးဆန့်ကျင်ရေး အမျိုးသားကောင်စီ(အင်စီအေဒီအေ)က စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး အသက် ၁၅ နှစ်နှင့် ၃၀ကြားရှိသော လူငယ်များအတွက် ရည်ရွယ်သည်။

မကြာသေးမီနှစ်များအတွင်း ဖမ်းဆီးမိခဲ့သော မူးယစ်ဆေးအတု သုံးစွဲသည့် အုပ်စုကြီးနှင့်လူငယ်များဆက်စပ်မှုရှိလာခြင်းကြောင့် ယခုကဲ့သို့ လှုပ်ရှားဆောင်ရွက်ခြင်းဖြစ်သည်ဟုဆိုသည်။

မူးယစ်ဆေးဆန့်ကျင်နှိမ်နင်းမှုများကို ရုပ်မြင်သံကြား၊ ရုပ်ရှင်၊ ပိုစတာ၊ သတင်းစာ၊ မဂ္ဂဇင်း၊ အင်တာနက်အပြင် ရေဒီယိုဖြင့် ဖန်တီးမည်ဖြစ်ပြီး လူငယ်များအား မူးယစ်ဆေး ကင်းရှင်းစွာနေကြရန် အသိပညာပေးမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကင်ဆာ ဝေဒနာရှင်များ သားသမီးရရှိရေး စမ်းသပ်နေ

ဝါရှင်တန် မတ် ၉

ကင်ဆာရောဂါဝေဒနာရှင်များကို ဓာတ်ရောင်ခြည်ပေးပြီး ကုသခြင်းအားဖြင့် အသက်ရှင်ကျန်းမာလာစေနိုင်သော်လည်း သားသမီးရရှိရေးအတွက် ထိခိုက်စေနိုင်သည်။

ထို့ကြောင့် ကုသမှုခံယူသော ကင်ဆာရောဂါရှင်အမျိုးသား အမျိုးသမီးများအဖို့ သားသမီးရရှိလာစေရေးအတွက် စမ်းသပ်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

အမျိုးသားကင်ဆာရောဂါရှင်များကို ဓာတ်ရောင်ခြည်ပေးပြီး မကုသမီ ကြိုတင်ကာကွယ်မှုများ လုပ်နိုင်ခြင်းကြောင့် သားသမီးရရှိစေရန် လွယ်ကူသော်လည်း အမျိုးသမီးများအတွက် ကြိုတင်ကာကွယ်ဖို့ မလွယ်ကူကြောင်း၊ သို့သော်လက်တွေ့စမ်းသပ်မှုများကိုပြုလုပ်လျက်ရှိကြောင်း သိရသည်။

ယခုစမ်းသပ်နေသည့် နည်းပညာအရ အမျိုးသမီးများ သားသမီးရရှိစေရန် နီးစပ်လာသော်လည်း မွေးဖွားလာမည့် သားသမီးများ ကျန်းမာရေးကောင်းမွန်ရန် အထူးဂရုစိုက်ရမည်ဖြစ်ကြောင်း ကျွမ်းကျင်သူပညာရှင်များက သတိပေးပြောကြားလိုက်သည်။ **(စီအင်န်အင်န်)**

အမေရိကန်ဆန့်ကျင်ရေးစိတ်ဓာတ်များ အီရတ်ပြည်သူများအတွင်း ပိုမိုတိုးပွားလာနေ

အမေရိကန်တပ်ဖွဲ့ဝင်များနှင့်ပြောက်ကျားတို့ ကယ်ကွတ်မြို့၌အပြန်အလှန်တိုက်ခိုက်

မတ် ၉ ရက်က ကယ်ကွတ်မြို့၌ စစ်ပွဲကြောင့် ပျက်စီးခဲ့သော ရေနံချက်စက်ရုံကို အီရတ်တို့ ပြန်လည်ပြင်ဆင်နေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မတ် ၉ ရက်က ကယ်ကွတ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့ အပြန်အလှန်တိုက်ခိုက်မှုဖြစ်ပွားစဉ် ဒဏ်ရာရရှိခဲ့သော အီရတ်ကလေးငယ်တစ်ဦးကို ၎င်း၏မိခင်က ကြည့်ရှုနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကြည့်ရှုနေ

မတ် ၉ ရက်က ဘဂ္ဂဒက်ရှိ အမေရိကန်နှင့် အပေါင်းပါဌာနချုပ်ရုံးကို ပြောက်ကျားတို့က ဒုံးကျည်ဖြင့် ပစ်ခတ်ပြီးနောက် အပျက်အစီးများကို အီရတ်တို့ ကြည့်ရှုနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း အီရတ်မြင်ကွင်း

မတ် ၉ ရက်က မိုဆူးလ်မြို့တွင် အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြနေသော အီရတ်တို့ကို အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးက ပစ်ခတ်ရန် အသင့်အနေအထားဖြင့် စောင့်ကြည့်နေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဒုံးကျည်ထိမှန်

မတ် ၉ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်တို့ပစ်ခတ်သည့် ဒုံးကျည် ထိမှန်သဖြင့် ပျက်စီးသွားသော အိမ်ကို အီရတ် တစ်ဦးက ကြည့်ရှုနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

မတ် ၁၀ ရက်က ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးအတွက် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်၏ တားမြစ်လက်နက်များကိစ္စ ပုံကြီးချဲ့မှု ဘုရှ်နှင့်ဘလဲတို့ ကြိုတင်သိထားခဲ့ဟု ဘလစ်ဇ် ပြောကြား

လန်ဒန် မတ် ၁၀

အီရတ်ကို စစ်ပွဲဆင်နွှဲရန်အတွက် ပြင်ဆင်ကြသည့်အခါ အီရတ်၏ ခြိမ်းခြောက်မှုအနေအထားကို ၎င်းတို့ ချဲ့ကားထားကြောင်း အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့် ဗြိတိသျှဝန်ကြီးချုပ်တို့ သေချာသလောက်သိထားခဲ့ကြသည်ဟု ကုလသမဂ္ဂလက်နက်စစ်ဆေးရေးအဖွဲ့ အကြီးအကဲဟောင်း ဟန်းစ်ဘလစ်ဇ်က ပြောကြားလိုက်သည်။

အီရတ်၏ နျူကလီးယား၊ ဓာတု သို့မဟုတ် ဇီဝလက်နက်အစီအစဉ်များနှင့်ပတ်သက်၍ ထောက်လှမ်းရေးအဖွဲ့များထံမှ အစီရင်ခံစာများတွင် မဆုံးဖြတ်မိဌ် အချို့အချက်များ စဉ်းစားရန် သတိပေးထားသည်များကို အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲတို့သည် လျစ်လျူရှုခဲ့ကြသည်ဟု ဟန်းဘလစ်ဇ်က ပြောကြားသည်။

ထို့ပြင် အမေရိကန်နှင့် ဗြိတိသျှအစိုးရများသည် နိုင်ငံရေးအရ ထောက်ခံမှုရရှိရန်အတွက် အဆိုပါထောက်လှမ်းရေးသတင်းများကိုချဲ့ကားခြင်းပြုလုပ်ရန် သတိရခဲ့ကြသည်ဟု ဘလစ်ဇ်က ပြောဆိုသည်။

ဘလစ်ဇ်သည် ၁၉၈၁ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ နိုင်ငံတကာဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီ အကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့ပြီးနောက်ပိုင်း၌ ကုလသမဂ္ဂ စောင့်ကြပ်စစ်ဆေးအတည်ပြုရေးကော်မရှင် အကြီးအကဲအဖြစ် ၂၀၀၃ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။

မိမိအနေဖြင့် ဘလဲနှင့် ဘုရှ်တို့ သဘောမရိုးဟု ပြောနေခြင်းမဟုတ်ကြောင်း၊ သို့ရာတွင် ပြည်သူလူထုကို လိမ်ညာလှည့်စားသော ကြေညာချက်များ မပြုမိစေရန်အတွက် ၎င်းတို့၏ အပိုင်းကဏ္ဍ သို့မဟုတ် ၎င်းတို့၏ အကြံပေးများ အပိုင်းကဏ္ဍနှင့်စပ်လျဉ်း၍ လေးလေးနက်နက် တွေးခေါ်ထားခြင်း ရှိမည်မဟုတ်ကြောင်းသာ မိမိပြောဆိုကြောင်း ဘလဲက ပြောကြားသည်။

ပြင်သစ်အပါအဝင် ထောက်လှမ်းရေးအဖွဲ့အစည်း အများအပြားသည် အီရတ်၌ အဖျက်စွမ်းအားကြီး လက်နက်များကျန်ရှိကြောင်း သဘောပေါက်ခဲ့ကြသော်လည်း ပြရန်အထောက်အထားမရှိခဲ့ကြောင်း ဘလစ်ဇ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

တောင်ကိုရီးယားရုပ်မြင်သံကြား အမှုထမ်းသုံးဦးအား အီရတ်ရှိ အမေရိကန်တပ်ဖွဲ့က ဖမ်းဆီးမှု ဆန့်ကျင်ကန့်ကွက်

ဆိုးလ် မတ် ၉

တောင်ကိုရီးယား ရုပ်မြင်သံကြားသတင်းဌာန အမှုထမ်းသုံးဦးကို အီရတ်နိုင်ငံရှိ အမေရိကန်တပ်များက ဖမ်းဆီးထိန်းသိမ်းခြင်းကို တောင်ကိုရီးယား သတင်းစာဆရာများအသင်းက တနင်္လာနေ့တွင် အပြင်းအထန်ကန့်ကွက်လိုက်ပြီး ၎င်းတို့အား ဖမ်းဆီးထိန်းသိမ်းခြင်းအတွက် တရားဝင်တောင်းပန်ရန် တောင်းဆိုလိုက်သည်။

အမေရိကန်စစ်တပ်က တောင်ကိုရီးယား သတင်းစာဆရာများကို လေးနာရီကြာ ဖမ်းဆီးထိန်းသိမ်းထားခြင်းသည် သတင်းစာကို ဖိနှိပ်ထိန်းချုပ်မှုတစ်ရပ်ပင်ဖြစ်သည်ဟု ကိုရီးယား သတင်းစာဆရာများအသင်းက ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

၎င်းတို့၏မှတ်ပုံတင်ကတ်များအား ဘဂ္ဂဒက်ရှိ တောင်ကိုရီးယားသံရုံးက အတည်ပြုခဲ့သော်လည်း ၎င်းတို့အား လွှတ်ပေးရန် လေးနာရီမျှ ကြာခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မသင်္ကာသူများကို အမေရိကန်တို့ဖမ်းဆီးရာတွင် အင်အားအလွန်အကျွံ အသုံးပြုခဲ့ကြဟုဆို

ကဘူးလ် မတ် ၉

အမေရိကန်တပ်များသည် အာဖဂန်နစ္စတန်နိုင်ငံ၌ မသင်္ကာသူများကို ဖမ်းဆီးရာတွင် အင်အားကို အလွန်အကျွံ အသုံးပြုခဲ့ကြသည်ဟု လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က တနင်္လာနေ့၌ ပြောကြားသည်။

အာဖဂန်နစ္စတန်၌ အမေရိကန်ဦးဆောင်သောတပ်များသည် အာဖဂန်နှင့် နိုင်ငံခြားသား ၁၀၀၀ ထက်မနည်းကို ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်ဟု အမေရိကန်ပြည်ထောင်စု အခြေစိုက်အုပ်စု၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ဖော်ပြ

အများအပြားကို လွှတ်ပေးခဲ့သော်လည်း အချို့မှာ အာဖဂန်နစ္စတန်ရှိ ထိန်းသိမ်းရေးစခန်းများနှင့် ကျူးဘားရှိ အမေရိကန် ရေတပ်အခြေစိုက်စခန်းဖြစ်သော ဂွမ်တာနာမိုတွင် ကျန်ရှိသေးကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

ရှုတ်ချ

ထို့အပြင် အစီရင်ခံစာ၌ အာဖဂန်တွင် အမေရိကန်တို့ ဖမ်းဆီးထိန်းသိမ်းထားခိုက် လူသုံးဦး သေဆုံးခဲ့ကြောင်းလည်း အစီရင်ခံစာ၌ ဖော်ပြထားပြီး သေဆုံးမှုကို စုံစမ်းစစ်ဆေးမှုမပြုခြင်းနှင့် တွေ့ရှိချက်များကို ထုတ်ဖော်အသိပေးခြင်း မရှိခြင်းတို့အတွက် အမေရိကန်စစ်တပ်ကို ပြစ်တင်ရှုတ်ချထားသည်။

အမ်အင်အေ၊ရိုက်တာ

စောင့်ကြပ်

မတ် ၉ ရက်က ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

စွမ်းအင်ကဏ္ဍတိုးတက်စေရန် တရုတ်ရည်ရွယ်ထား

ဘေဂျင်း မတ် ၁၀

တရုတ်နိုင်ငံအစိုးရသည် စွမ်းအင်ကဏ္ဍအတွင်း ကျွမ်းကျင်မှုရှိစေရန် ဆောင်ရွက်ခြင်းဖြင့် စွမ်းအင်ကဏ္ဍတိုးတက်လာစေရန် ရည်ရွယ်ထားကြောင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးဝန်ကြီးဌာန ဝန်ကြီး မာကိုင်က ယမန်နေ့ကပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားလိုက်သည်။

နိုင်ငံ၏မြောက်ပိုင်းဒေသများအတွင်း ကျောက်မီးသွေးသယ်ယူရန် ရထားလမ်းသစ်ဖောက်လုပ်ခြင်းသည် အဓိကစီမံကိန်းတစ်ရပ်ဖြစ်ပြီး စွမ်းအင်ထုတ်လုပ်မှု တိုးမြှင့်ခြင်းသည်လည်း ရေရှည်စီးပွားရေးစီမံကိန်းတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

တရုတ်နိုင်ငံ၏ ပင်မစွမ်းအင်အရင်းအမြစ်သည် ကျောက်မီးသွေးဖြစ်ပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ နျူကလီးယားစွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရေးကိုလည်း ဆောင်ရွက်သွားမည်ဟု မာကိုင်က ဆက်လက်ပြောကြားသည်။ ထို့အပြင် တရုတ် စီးပွားရေးလုပ်ငန်းများအနေဖြင့် ပင်လယ်ရပ်ခြားဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်ရေးအတွက် အစိုးရက အားပေးဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ နိုင်ငံ၏အရှေ့မြောက်ဒေသနှင့် အနောက်ပိုင်းဒေသ ဖွံ့ဖြိုးရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ပြောကြားသည်။ **(စီစီတီဗွီ)**

သဘောကွဲမှုများ အချိန်အတန်ကြာ ဆက်ဖြစ်နိုင် အီရတ် ဆန်းစစ်လေ့လာသူများက သတိပေး

ဘဂ္ဂဒက် မတ် ၁၀

အီရတ်နိုင်ငံ ကြားဖြတ်ဥပဒေကို အီရတ်အုပ်ချုပ်ရေးကောင်စီဝင်များ ယမန်နေ့က သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော်လည်း သဘောထားကွဲလွဲမှုများသည် အချိန်တော်တော်ကြာသည်အထိ ဆက်လက်ဖြစ်ပွားနေနိုင်ကြောင်း လေ့လာသူများက သတိပေးပြောကြားလိုက်သည်။ အီရတ်နိုင်ငံရှိ လူမျိုးအုပ်စုများအတွင်း ကြီးမားကျယ်ပြန့်သော သဘောထားကွဲလွဲမှုများသည် ကြားဖြတ်ဥပဒေ လက်မှတ်ရေးထိုးပွဲ၏ နောက်ကွယ်၌ရှိကြောင်း ဆန်းစစ်သူများက ပြောကြားသည်။ ကာ့ဒ်လူမျိုးများကို ဗီတိုအာဏာပေးရေးကိစ္စပါဝင်သော အခြေခံဥပဒေကို အများစုက ကန့်ကွက်ကြကြောင်း၊ ကာ့ဒ်လူမျိုးစုကို နိုင်ငံတော်၏ မူဝါဒလမ်းစဉ်များအား ကန့်ကွက်မည့်အာဏာ မပေးသင့်ကြောင်း၊ စောဒကတက်ခဲ့ကြောင်း၊ နောက်ထပ် သဘောထားကွဲလွဲမှုတစ်ခုမှာ သမ္မတရွေးချယ်တင်မြှောက်ရေးဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

အီရတ်၌ သမ္မတတစ်ဦးနှင့် ဒုတိယသမ္မတနှစ်ဦး တင်မြှောက်မည်ဖြစ်ကြောင်း ပြီးခဲ့သည့်သီတင်းပတ်က ဗုံးခွဲတိုက်ခိုက်ခြင်းသည် နိုင်ငံရေးအရ အာဏာခွဲဝေမှုကို တွန်းအားပေးသလိုဖြစ်ခဲ့ပြီး သဘောထားကွဲလွဲမှုများက ကြားဖြတ်ဥပဒေမူကြမ်းရေးဆွဲသည့်အပေါ် အရိပ်ကဲ့သို့လိုက်နေကြောင်း ဝေဖန်ဆန်းစစ်သူများက ပြောကြားသည်။ **(စီစီတီဗွီ)**

စက်မှုစွမ်းအား ခေတ်ကျော်လွှား

(၅၉)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

မြို့တော်စည်ပင်သာယာအတွင်းရေးမှူး လမ်းများအဆင့်မြှင့်ခြင်းလုပ်ငန်းများစစ်ဆေး

ရန်ကုန် မတ် ၁၀

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်သည် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေးလိုက်ပါလျက် ယနေ့နံနက်က မြို့နယ်အသီးသီးတွင် လမ်းဟောင်းများကို အသစ်ထပ်မံခင်းခြင်း၊ လမ်းများအဆင့်မြှင့်လုပ်ကိုင်နေခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အတွင်းရေးမှူးသည် မရမ်းကုန်းမြို့နယ်ရှိ ကျောက်ရေတွင်းလမ်းဟောင်းပေါ်တွင် ထပ်မံ၍နှစ်လက်မမြှင့်တင်၍ ကတ္တရာခင်းခြင်းဆောင်ရွက်နေသည်ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ခြောက်လမ်းမောင်းခရေပင်လမ်းကို အပိုင်း(၁)၊ အပိုင်း(၂)ခွဲခြား၍ လမ်းသား သုံးလက်မမြှင့်တင်၍ ကတ္တရာလမ်း အချောသတ်ဆောင်ရွက်နေသည်ကို စစ်ဆေးကြည့်ရှုပြီး **(အောက်ပုံ)** လုပ်ငန်းဆောင်ရွက်ရာတွင် အရည်အသွေးနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ကြရန်မှာကြားခဲ့သည်။ **(၂၁၀)**

ကူးသန်းရောင်းဝယ်ရေး သင်တန်းများဖွင့်လှစ်မည်

ရန်ကုန် မတ် ၁၀

သမဝါယမကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်းများတွင် အမှတ်စဉ် (၁/၂၀၀၄–၂၀၀၅) စာရင်းကိုင်သင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် ရုံးလုပ်ငန်းသင်တန်းများကို ဧပြီ ၁ ရက်၌ ဖွင့်လှစ်မည်ဖြစ်ရာ အနိမ့်ဆုံးပညာအရည်အချင်းအဖြစ် အခြေခံပညာအထက်တန်း သင်ယူပြီးမြောက်ကြောင်း လက်မှတ်ရရှိထားပြီးသူများ လျှောက်ထားနိုင်သည်။

အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့အတွက် (၁၂၃) နတ်မောက်လမ်း ဗဟန်းတွင်လည်းကောင်း၊ မန္တလေးမြို့အတွက် (၁၆၉) ၈၃လမ်း စစ်ကိုင်းတန်းတွင်လည်းကောင်း၊ မော်လမြိုင်မြို့အတွက်အထက်လမ်းမကြီး ရွှေတောင်ရပ်တွင်လည်းကောင်း၊ သက်ဆိုင်ရာကျောင်းအသီးသီး၌ လည်းကောင်း စုံစမ်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

မတ် ၅ ရက်က လှိုင်သာယာမြို့နယ် ကျန်စစ်သားအိမ်ရာ အမှတ်(၂၄) အခြေခံပညာ မူလတန်းကျောင်း ၂၀၀၃–၂၀၀၄ ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမွန်က စတုတ္ထတန်းကျောင်းသားမောင်သက်မှူးမျိုးကျော်အား လက်မှတ် ချီးမြှင့်စဉ်။ (က–ပ)

ရန်ကုန်ဆေးရုံကြီးသို့ အလှူငွေကျပ်သိန်း ၅၀ လှူဒါန်း

ရန်ကုန် မတ် ၁၀

ကွယ်လွန်သူ ဦးဖေကြိုင်–ဒေါ်တင်ကြည်တို့အားရည်စူး၍ အမှတ်(၂၂၃) ဗိုလ်တထောင်ဘုရားလမ်း ရန်ကုန်မြို့နေ တူ၊ တူမများဖြစ်ကြသည့် ဦးကြည်ဝင်း၊ ဒေါ်မြင့်မြင့်၊ ဒေါ်ဆွေဆွေဦး၊ ဒေါ်ခင်နီလာ၊ ဒေါ်ခင်သီတာ မောင်နှမတစ်စုကဆီးနှင့်ကျောက်ကပ်ဆေးကုဌာနကိုအဓိကထား၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ လူနာဆောင်များအတွက် ဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၅၀ လှူဒါန်းပွဲကို မတ် ၄ ရက် နံနက် ၁၁ နာရီတွင် ဆေးရုံအုပ်ကြီးများရုံးခန်း၌ ကျင်းပရာ **(အပေါ်ပုံ)** ဆေးရုံအုပ်ကြီးဒေါက်တာတိတ်ဝမ်နှင့် ဆေးရုံစီမံခန့်ခွဲရေး အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

အလှူရှင်များက လှူဒါန်းရခြင်းအကြောင်းပြောကြားပြီး အလှူငွေ ကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာတိတ်ဝမ်က လက်ခံယူ၍ ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၃)၊အမှတ်(၂)ဖြန့်ချိ

ရန်ကုန် မတ် ၁၀

ခြောက်လမ်းသွားလမ်းမကြီးများတွင် ယာဉ်ရပ်နားခြင်း တားမြစ်၊ ပုဂ္ဂလိက ဘောလုံးသင်တန်း ရန်ကုန်မြို့တွင် ပထမဆုံးအကြိမ် ဖွင့်လှစ်၊ မုတ္တမပင်လယ်ကွေ့ လုပ်ကွက် အမ်–၇ နှင့် အမ်–၉ တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ တွင်းတူးခြင်း လုပ်ငန်းများ မကြာမီစတင်ဖွယ်ရှိ စသည့် ပြည်တွင်း သတင်းဦး သတင်းထူး ဝေဝေဆာဆာဖြင့် ထွက်ရှိနေသည်။

ကမ္ဘာ့အကောင်းဆုံး ရွှေသိုးမွေးသြစတြေးလျခြံက ထွက်၊ ပိန်သောကလေး ဆီးချိုအလားအလာပိုရှိနေ၊ နောက်ဆုံးပေါ်မှောင်ခိုပစ္စည်း ထင်ရှူးအပင်လိုက်ဖြစ်နေ စသည့် စီးပွားရေး၊ လူမှုရေး၊ ဖျော်ဖြေရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း–၇၀၃၈၁၃ က တစ်ပြည်လုံးသို့ ဖြန့်ချိသည်။

(က–ပ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၁၀

မိုင်းဆတ်မြို့ ဘုရင့်နောင်ဂေါက်ကွင်းတွင် ဇန်နဝါရီ ၁၆ ရက်က မိုင်းဆတ်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဌေးသည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးကြီးတင်စိုး၊ ဗိုလ်မှူးကိုကိုအောင်နှင့် ဦးထွန်းရွှေတို့နှင့်အတူ အမှတ်(၃)ကျင်းတွင် ၁၈၅ ကိုက်အကွာအဝေးမှ တုတ်အမျိုးအစား Trident Wood-7ဖြင့် ဂေါက်သီးအမျိုးအစား Precep-2ကို ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့်ကျင်းဝင်သွားကြောင်းသိရသည်။ **(က–ပ)**

ခန္တီးမြို့နယ်အတွင်း တရားမဝင် စိုက်ပျိုးထားသော ဘိန်းခင်း ၃၃ ဒသမ ၇ ကေကို ဖေဖော်ဝါရီ ၁၉ နှင့် ၂၀ ရက်များက ပူးပေါင်းအဖွဲ့က ဖျက်ဆီးနေကြစဉ်။
(သတင်းစဉ်)

ခန္တီးမြို့နယ်၌ တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်း ၃၃ ဒသမ ၇ ကေ ရှာဖွေတွေ့ရှိဖျက်ဆီး

ရန်ကုန် မတ် ၁၀

၂၀၀၃–၂၀၀၄ခုနှစ် ဘိန်းစိုက်ပျိုးရာသီ၌ ဘိန်းခင်းဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နယ်မြေခံတပ်မတော်သားများ၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ရက်နှင့် ၂၀ရက်တို့တွင် ခန္တီးမြို့နယ် ပဒူးမုန်းနှင့် နန့်ပုတ်ချောင်းတစ်ဝိုက်၌ တရားမဝင်စိုက်ပျိုးထားသည့်ဘိန်းခင်း ၃၃ ဒသမ ၇ ကေကို ရှာဖွေတွေ့ရှိ ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

(၅၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်နှင့်ကျပန်းစကားပြောပြိုင်ပွဲဆုရရှိသူများ

ရန်ကုန် မတ် ၁၀

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ယနေ့ထုတ်ပြန်ကြေညာသည်။

စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ အရာရှိအဆင့်တွင် ပထမဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဗိုလ်မင်းသူ၊ ဒုတိယဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်ကြီးဒေါ်ဖြူဖြူဖွေးမြင့်၊ တတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဗိုလ်ကျော်ဇေလင်းတို့ကလည်းကောင်း၊ အရာခံအဆင့်တွင် ပထမဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယအရာခံဗိုလ်ညွှန့်ဝင်း၊ ဒုတိယဆုကို ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ အရာခံဗိုလ်ကျော်အေး၊ တတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ လေကြောင်းလမ်းပြ(၁)အောင်ဇော်ထွန်းတို့ကလည်းကောင်း၊ အကြပ်အဆင့်တွင် ပထမဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယတပ်ကြပ်သန်းဦး၊ ဒုတိယဆုကို ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ တပ်ကြပ်ကြီးအောင်ကျော်ဌေး၊ တတိယဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်ကြပ်သန်းဌေးတို့ကလည်းကောင်း၊တပ်သားအဆင့်တွင် ပထမဆုကို ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ တပ်သားဉာဏ်စိုး၊ ဒုတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တပ်သားကျော်မင်းထွန်း၊တတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ တပ်သားမျိုးညွှန့်တို့ကလည်းကောင်း အသီးသီးရရှိကြသည်။

ကျပန်းစကားပြောပြိုင်ပွဲ အရာရှိအဆင့်တွင် ပထမဆုကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်ကြီးလင်းသူ၊ ဒုတိယဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်ကြီးဒေါ်ခင်နှင်းမြင့်၊ တတိယဆုကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်သိန်းဇော်တို့ကလည်းကောင်း၊ အရာခံအဆင့်တွင် ပထမဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ လေကြောင်းလမ်းပြ(၁)အောင်သန်းထွန်း၊ ဒုတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ လေကြောင်းအချက်ပြကြီး စိုးလွင်မိုး၊ တတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဒုတိယအရာခံဗိုလ်စိုးသိန်းတို့ကလည်းကောင်း၊ အကြပ် အဆင့်တွင် ပထမဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်ကြပ်ကြီးဖြိုးမောင်လှ၊ ဒုတိယဆုကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်မှ တပ်ကြပ်မျိုးဆွေ၊ တတိယဆုကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဒုတိယတပ်ကြပ်သက်မြင့်ထွေးတို့ကလည်းကောင်း၊ တပ်သားအဆင့်တွင် ပထမဆုကိုအနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တပ်သားကျော်ဇေယျ၊ ဒုတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ တပ်သားရဲဇော်ထူး၊ တတိယဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တပ်သားအောင်ဇော်ဝင်းတို့ကလည်းကောင်း အသီးသီးဆုများရရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုင်းတုံမြို့နယ် ပုံပါကျင်မြို့နှင့်မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့ရှိ ပြန်ကြားရေးလုပ်ငန်းများ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးမြင့်အောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၆ရက် နံနက်ပိုင်းတွင် မိုင်းဆတ်မြို့သို့ရောက်ရှိပြီး မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဌေး လိုက်ပါလျက် ဆက်လက်ထွက်ခွာရာ မိုင်းတုံမြို့နယ် ပုံပါကျင်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပုံပါကျင်မြို့ စုပေါင်းခန်းမ **(အပေါ်ပုံ)** တွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။ ယင်းနောက် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်းတုံမြို့သို့ ပြန်လည်ရောက်ရှိသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မတ် ၇ ရက် နံနက်ပိုင်းတွင် မိုင်းတုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

မိုင်းခုတ်

ထို့နောက် ဒုတိယဝန်ကြီးသည် မြို့နယ်ပြန်/ဆက်ရုံးနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့သို့ ရောက်ရှိသည်။

ယင်းနောက် မိုင်းခုတ်မြို့စုပေါင်းခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ ညပိုင်းတွင် ဒုတိယဝန်ကြီးသည် မိုင်းဆတ်မြို့သို့ရောက်ရှိပြီး မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအားတွေ့ဆုံမှာကြားသည်။

တာချီလိတ်

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မတ် ၈ ရက် နံနက်ပိုင်းတွင် မိုင်းဆတ်မြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ တာချီလိတ်မြို့သို့ ဆက်လက် သွားရောက်သည်။

ပုံပါကျင်မြို့နှင့် မိုင်းခုတ်မြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံစဉ်တွင် ဒုတိယဝန်ကြီးက ဝန်ထမ်းများသည် မိမိတို့ရောက်ရှိရာဒေသအား မိမိတို့ဇာတိဒေသဖြစ်သည် ဟူသော ခံယူချက်ဖြင့် စေတနာထားလုပ်ဆောင်သွားကြရန်နှင့် ထိုသို့ဆောင်ရွက်သွားပါက နယ်မြေခံလူထုနှင့် တစ်သားတည်းဖြစ်၍ ဆိုင်ရာလုပ်ငန်းများ ထိရောက်အောင်မြင်ပြီး သိသာထင်ရှားစွာနယ်မြေအကျိုးဖြစ်ထွန်းလာမည်ဟု ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ် ၉ ရက်က အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်ခြင်းအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်ကေသီစိုးသိမ်းက မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်များကို ကျောင်းသား ကျောင်းသူများအား ပေးအပ်စဉ်။ (သတင်းစဉ်)

မြေတိုင်းဦးစီးဌာန မဂ္ဂဇင်းထုတ်ဝေ

ရန်ကုန် မတ် ၁၀

သစ်တောရေးရာ ဝန်ကြီးဌာန မြေတိုင်းဦးစီးဌာန၏ ၂၀၀၄ ခုနှစ်အတွက် နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေထားသည်။ မဂ္ဂဇင်းတွင် Indian Datum မှ Myanmar Datum သို့ ပြောင်းလဲအသုံးပြုပုံ၊ မြန်မာနိုင်ငံ တစ်ဝန်းလုံးအတွက် UTM စနစ်ဖြင့် ဒီဂျစ်တယ် မြေပုံများထုတ်လုပ်ခြင်းလုပ်ငန်းများ၊ မြေပုံများအသုံးချခြင်း၊ မြေတိုင်း သဘောသဘာဝနှင့် ရှေ့အလားအလာများ၊ နာမည်ကြီးစာရေးဆရာများနှင့်မြေတိုင်းဦးစီးဌာနမှ အရာထမ်းအမှုထမ်းများ လက်စွမ်းပြထားသော ကဗျာ၊ကာတွန်း၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်များကို ရောင်စုံဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားကြောင်း သိရသည်။ **(က-ပ)**

ဂီတနန္ဒဝန်ဂီတပွဲတော်ကြီးကျင်းပမည်

ရန်ကုန် မတ် ၁၀

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်၏ ပံ့ပိုးမှုဖြင့် ဗိုလ်ကလေးတင့်အောင်နှင့် ဂီတလုလင်မောင်ကိုကို တို့ဦးစီး၍ ဂီတနန္ဒဝန်ဂီတပွဲ တော်ကြီးကို မတ် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။

ဂီတနန္ဒဝန်ဂီတပွဲတော်ကြီးတွင် ဂီတလုလင်မောင်ကိုကို၊ စန္ဒရားချစ်ဆွေ၊ စန္ဒရားစိန်သောင်း၊ စန္ဒရားမောင်ရည်နွယ်၊ စန္ဒရားနီနီ၊ စန္ဒရားငွေစိုး၊ စန္ဒရားတင်လှ၊ စန္ဒရားမော်မော်ထွန်းညွှန့်၊ စန္ဒရားတင်ဝင်းလှိုင်၊ စန္ဒရားမောင်လှအေး၊ စန္ဒရားဘိုတာထွန်းညွှန့်၊ စန္ဒရားမျိုးနိုင်၊ စန္ဒရားမောင်ခင်လှ၊ စန္ဒရားကွန်းဇော်စသည့် နိုင်ငံကျော်စန္ဒရားပညာရှင်များနှင့် စန္ဒရားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ အိဖြိုးပိုင်၊ အိယဉ်မွန်၊ ဖူးဖူးသန့်၊ အိမ့်သရသူတို့က စန္ဒရားဆိုင်ရာအနုပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်လိမ္မာမှု ဂီတအရည်အသွေးများကို လက်စွမ်းပြသကြမည်ဖြစ်သည်။

ဤဂီတပွဲ တော်ကြီးတွင် တယောကိုတင်ငွေ၏ တယောသြခက်စတြာနှင့် အတူ ခေတ်ပေါ်တူရိယာများ၊ တိမ်မြုပ်နေသောရှေးဟောင်း မွန်၊ မြန်မာတူရိယာတီးခတ်မှုများနှင့် သုမောင်၊ကေတုဝင်းထွဋ်၊သန်းမြတ်စိုး၊ ရန်ပိုင်စိုး၊ ရာဇာဝင်းတင့်၊ မောင်မောင်အေး(အလင်္ကာဝတ်ရည်)၊ ဖိုးသောကြာ၊ တင်တင်မြ၊ ထား၊ဖြူသီ၊ ရီရီသန့်၊နှင်းရည်သန့်၊ စိုးစန္ဒာထွန်း၊ ခင်မျိုးအေး၊ ပန်းအိဖြူ၊ အိအိချွန်၊ရွှေယမင်းဦးတို့နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် မျိုးဆက်သစ်တေးသံရှင်များ၏ တေးသံသာများကို နားဆင်ကြရမည်ဖြစ်သည်။ ထို့ပြင် မိုးဒီ၊ အရိုင်း၊ရန်ပိုင်စိုးတို့၏ ဟာဒယနှလုံး ရွှင်ပြုံးစေမည့် ဟာသရသများကိုလည်း ရရှိခံစားနိုင်မည်ဖြစ်သည်။

ဂီတပွဲတော်ကြီး၏ ဝင်ကြေးမှာ ကျပ်ငါးရာ၊ တစ်ထောင်၊ နှစ်ထောင်၊ သုံးထောင်နှင့် ငါးထောင်အသီးသီးဖြစ်ပြီး ညစဉ် ၇ နာရီမှစ၍ ဂီတပွဲ တော်ကြီးကျင်းပမည်ဖြစ်သည်။ကြိုတင်လက်မှတ်များကို ချမ်းသာစာပေတိုက် အမှတ်(၁၂၀) ၃၄ လမ်းနှင့် နေပြည်တော်ရုပ်ရှင်ရုံတို့တွင် မတ် ၁၃ ရက်မှစ၍ ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၀

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ကမ္ဘာ့ဌာနာစရိယ ပိဋကတစ်ပုံဆောင် ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်သောဘဏ (ဒီဃနိကာယကောဝိဒ သာသနာ့ဓဇ သိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ မတ် ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ဖုန်း-၀၁-၅၇၁၂၅၈ သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဒဂုံမြို့သစ်(မြောက်ပိုင်း) အမက(၁၅)မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကို မတ် ၅ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းမြင့်က ကျောင်းသား မောင်စည်သူအောင်အား သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်စဉ်။ (က-ပ)

ရှေးဟောင်းသမိုင်းဝင်ခနုတ်စေတီတော်မြတ်ကြီးဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်း တွံတေးမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော ရှေးဟောင်းသမိုင်းဝင် ခနုတ်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကို ၁၃၆၅ခုနှစ် တန်ခူးလဆန်း၁၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် သံဃာတော်အရှင်သူမြတ်များနှင့် စတင်ဖွင့်လှစ်ပြီး တန်ခူးလဆန်း ၁၄ ရက် ညနေတွင် ဆွမ်းတော်ကြီးတင်လှူ၍ ၁၅ ရက် ညနေ ၃ နာရီတွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ် အပါး၄၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူ၍ ရေစက်ချ အမျှပေးဝေမည်ဖြစ်သည်။ စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းများ ဆောင်ရွက်နေပါ၍ လာရောက်ကုသိုလ်ယူလှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(က–ပ)**

❀ အဆင့်မြင့်တန်းမှ

ထိုပုဂ္ဂိုလ်တွင် အလားအလာကောင်းသော ဘောလုံးကလပ်အသင်းတစ်သင်းရှိနေကြောင်းကိုမူ လူနည်းစုကသာ သိကြမည်ဖြစ်ပါသည်။

ထိုဘောလုံးအသင်း၏အမည်ကား "ကမ္ဘောဇဘောလုံးအသင်း" ဖြစ်ပေသည်။ ကမ္ဘောဇဘောလုံးအသင်းကို ၂၀၀၂ ခုနှစ် မတ်လ ၁ ရက်တွင် စတင်တည်ထောင်ဖွဲ့စည်းခဲ့သည်။ ကမ္ဘောဇ ဘောလုံးအသင်းကို ဖွဲ့စည်းခဲ့ရာ၌ ဦးအောင်ကိုဝင်းသည် ပုဂ္ဂလိက ဘောလုံးအသင်းတစ်သင်းဖြစ်သော တံခွန်ဘောလုံးအသင်းအား တာဝန်ယူထားကြသည့် အုပ်ချုပ်မှုအဖွဲ့အား အကူအညီတောင်း တာဝန်လွှဲအပ်ခဲ့သည်။ ထိုအချိန်က တံခွန်ဘောလုံးအသင်းသည် အဆင့်မြင့်တန်းသို့ စတင်တက်လှမ်းခဲ့သော အချိန်ဖြစ်သည်။ ကမ္ဘောဇသည် တံခွန်နှင့် ညီနောင်ဘောလုံးအသင်းဟုဆိုသော် မမှားပါပေ။

ကမ္ဘောဇဘောလုံးအသင်းကို ဖွဲ့စည်းလေ့ကျင့်ပျိုးထောင်ပေးခဲ့ရာတွင် အသင်း၏ နာယကပုဂ္ဂိုလ်များအဖြစ် ဦးအောင်ကိုဝင်းနှင့် ဗိုလ်ချုပ်ကျော်ဝင်းတို့က ဦးဆောင်ပါဝင်ခဲ့ကြသည်။ အုပ်ချုပ်မှုအဖွဲ့၌ ဦးဇော်ဝင်းနိုင်၊ ဦးဝေယံအောင်၊ ဗိုလ်မှူးတင်စောနိုင်၊ ဦးထွန်းထွန်းလင်း၊ ဦးစိန်မျိုးမြင့်တို့ ပါဝင်ခဲ့ကြပြီး တာဝန်ယူခဲ့ကြသည်။ နည်းပြအဖွဲ့တွင် မူလက တံခွန်ကလပ်သင်းအား တာဝန်ယူခဲ့ကြသော ဦးကီးလှတင်၊ ဦးဝင်းမောင်၊ ဦးသိန်းထွန်းသိန်း၊ ဦးအောင်သက်တို့အပြင် ဦးဝင်းတင်၊ ဦးလှဌေး၊ ဦးခင်မောင်ရွှေ၊ ဦးတင်ရွှေ၊ ဦးဌေးမြင့်တို့ကို ထပ်မံအားဖြည့် တာဝန်ပေးခဲ့သည်။

၂၀၀၂ ခုနှစ် မတ်လ ၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့သော ကမ္ဘောဇအသင်းသို့ စာနယ်ဇင်းများ၏ လှုံ့ဆော်မှုဖြင့် လူပေါင်း ၂၀၀ ခန့် လာရောက်ဆက်သွယ်ခဲ့ကြသည်။ ထိုလူငယ် ၂၀၀ ခန့်အား စမ်းသပ်လေ့ကျင့်ပေးပြီး လေးလတာမျှ အချိန်ယူကာ လူများစိစစ်ရွေးထုတ်ခဲ့ရပါသည်။ လူစစ်ထုတ်ပြီး ရရှိခဲ့သော လူငယ်လေးဆယ်ခန့်ကို အသင်းဖွဲ့စည်းကာ ၂၀၀၂ခုနှစ် ဇူလိုင်လဆန်းတွင် ပထမတန်းအဆင့် ကွင်းဖွင့်ဖလားပွဲ နွှဲခဲ့ရသည်။ ကမ္ဘောဇအသင်းအနေဖြင့် လူငယ်များဖြင့်ဖွဲ့စည်းတည်ထောင်ထားသော အသင်းဖြစ်၍ ဒုတိယတန်းတွင် ပါဝင်ယှဉ်ပြိုင်ခွင့် လျှောက်ထားခဲ့သော်လည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ပထမတန်းတွင်ပါဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့၍ ပထမတန်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြရသည်။

ကွင်းဖွင့်ဖလားတွင် ကွာတားအဆင့်၊ အမှတ်ပေးပွဲတွင် တတိယ၊ ကွင်းပိတ် ဖလားတွင် ဆီမီးဖိုင်နယ်အဆင့်ဖြင့် ၂၀၀၂–၂၀၀၃ ဘောလုံးရာသီတွင် ပထမတန်းအဆင့်၌ ကမ္ဘောဇစာရင်းပိတ်ခဲ့ပါသည်။

၂၀၀၃–၂၀၀၄ ခုနှစ် ဘောလုံးရာသီတွင် ကမ္ဘောဇအသင်း အတန်းမတက်နိုင် ပထမတန်းပင်ပြန်နွှဲရပါသည်။ ထိုစဉ်က အမှတ်ပေးတွင် တတိယရ၍ ဖြစ်ပါသည်။ လက်ဆင့်ကမ်းဖြင့် အတန်းတက်ခွင့်လွဲခဲ့ရသည်။ သတ္တုတွင်းနှင့် မလိခတို့ပထမ၊ ဒုတိယရကြကာ အဆင့်မြင့်တန်းတက်သွားသည်။

၂၀၀၃–၂၀၀၄ခုနှစ်တွင် ကမ္ဘောဇအသင်းသည် ကွင်းဖွင့်ဖလားလုပွဲ၌ ကွာတားဖိုင်နယ်အဆင့်မှာပင် အရှုံးနိမ့်ခဲ့ရသည်။ အမှတ်ပေးပြိုင်ပွဲတွင် ဆက်လက်ပြိုင်ပွဲဝင်ခဲ့ကာ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းအသင်းကို ၂–၀ ဂိုး၊ စက်မှု(၁)အသင်းကို ၂–၁ ဂိုး၊ ငွေဇုန်အသင်းကို ၃–၁ဂိုး၊ လယ်ယာထွက်ကုန်အသင်းကို ၁–၀ ဂိုး၊ ကြယ်ပွင့်လေးများအသင်းကို ၅–၃ဂိုး၊ အားကစားဝန်ကြီးဌာနအသင်းကို ၃–၁ ဂိုး၊ တပ်မတော်ကြည်း(ခ)အသင်းကို၂–၀ဂိုး၊ ကကနအသင်းကို ၃–၀ ဂိုး၊ ရထားပို့ဆောင်ရေးအသင်းကို ၄–၀ ဂိုးတို့ဖြင့် နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းနှင့် ၁–၁ဂိုး၊ တပ်မတော်ရေနှင့် ၁–၁ဂိုး၊ တပ်မတော်(လေ)နှင့် ၂–၂ဂိုးသရေကျခဲ့ပါသည်။ ပွဲစဉ်အပြီးအဖြေတွင် ကိုးပွဲနိုင်၊သုံးပွဲသရေဖြင့် အမှတ် ၃၀ ရကာ လွတ်လွတ်ကျွတ်ကျွတ် ပထမတန်းချန်ပီယံ ဖြစ်ခဲ့ပါသည်။ ၂၀၀၄–၂၀၀၅ခု ဘောလုံးရာသီတွင် အဆင့်မြင့်တန်းသို့ တက်ခွင့်ရခဲ့ပါသည်။

ကမ္ဘောဇဘောလုံးအသင်းသည် လက်ရှိအားဖြင့် မွေးမြူလေ့ကျင့်ပေးနေသော ဘောလုံးသမားလူငယ် ၄၀ ကျော်ရှိသည့်အနက် ပထမတန်းပြိုင်ပွဲများတွင် ဘောလုံးသမား၂၆ ဦးကို မှတ်ပုံတင်ပြီး ပြိုင်ပွဲဝင်လျက်ရှိပေသည်။ အသင်း၌ အလားအလာရှိသောလူငယ်များ မွေးမြူလေ့ကျင့်ပေးနေသလို ထပ်မံလည်း အင်အားဖြည့်သွားရန် အစီအစဉ်များရှိနေသည်။ လက်ရှိကမ္ဘောဇအသင်းမှာ အသက်များငယ်ရွယ်ကြပြီး ပျမ်းမျှအသက် ၁၉ နှစ် ၂ လသာရှိသော အသင်းဖြစ်သည်။ အသက်အငယ်ဆုံးဘောလုံးသမားမှာ ယခုဆောင်းပါးရေးချိန်တွင် အသက် ၁၅ နှစ် ၄ လသာရှိသေးသူဖြစ်၏။ အများစုမှာ အသက်၁၇နှစ်ဝန်းကျင် လူငယ်အများစုဖြစ်ကြသည်။ အဆင့်မြင့်တန်းတက်ချိန်တွင် အသက်ငယ်သော အသင်းများ၌ ထိပ်ဆုံးမှပါဝင်မည်ဟု ယူဆရပေသည်။ ကမ္ဘောဇအသင်းအနေဖြင့် အဆင့်မြင့်တန်းပြိုင်ပွဲဝင်ချိန်တွင် အသင်း၏ ရည်မှန်းချက်မှာ ၂၀၀၄–၂၀၀၅ခု ဘောလုံးရာသီ၌ နောင်တော်တံခွန်အသင်းကဲ့သို့ပင် အတန်းမဆင်းရရေးနှင့် အသင်းအားခိုင်မာတောင့်တင်းသော အသင်းအဖြစ် တည်ဆောက်သွားနိုင်ရန် ကြိုးစားမည်ဟု အသင်းမှတာဝန်ရှိသူတို့က ပြောပြခဲ့ကြသည်။ ။

မြောင်းမြ(ဝါးကျောင်း)ဝိသုဒ္ဓိဆရာတော်တရားဟောမည်

ရန်ကုန် မတ် ၁၀

မြောင်းမြ(ဝါးကျောင်း) ဝိသုဒ္ဓိဆရာတော်သည် မတ် ၁၃ ရက်ည ၇ နာရီတွင် ဂေါပကအဖွဲ့၏ပင့်ဖိတ်ချက်အရ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြေးသွန်းဘုရားကြီး တန်ဆောင်း၌လည်းကောင်း၊ မတ်၁၄ရက်ည၇နာရီတွင် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ရန်ကုန်–ပုသိမ်ကားလမ်းမကြီးဘေးရှိ ဆုကြီးရွာ ဇမ္ဗူဒီပကျောင်းတိုက်၌ ဝိပဿနာတရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က–ပ)**

စာအုပ်ပြပွဲခင်းကျင်းပြသ

ရန်ကုန် မတ် ၁၀

၁၉၉၉ခုနှစ် အမျိုးသား စာပေဆုရ ကောင်းသန့်စာအုပ်တိုက်ပိုင်ရှင် စာရေးဆရာ ဦးခင်မောင်ကြွယ် (ကောင်းသန့်)၏ (၅)နှစ်မြောက် အုပ်(၁၀၀)ပြည့် စာအုပ်ပြပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ပန်းဆိုးတန်းလမ်းရှိ လောကနတ်ခန်းမ၌ ခင်းကျင်းပြသရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ) တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း–တွံတေး)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ဖိတ်ကြားထားသည့် စာရေးဆရာကြီးများ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များက ခင်းကျင်းပြသထားသော ၁၉၉၉ခုနှစ် အမျိုးသားစာပေဆုရ စာရေးဆရာ ကောင်းသန့်၏ အိပ်မက်အလွမ်း စာအုပ်နှင့် ယင်း စာပေတိုက်မှ ထုတ်ဝေသော ဘာသာပြန် စာအုပ်များ၊ ဝတ္ထုအသစ်များ၊ အချစ်နှင့်ပတ်သက်သော ဘဝဒဿနစာအုပ်များ၊ သုတ၊ ရသ စာပေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြပွဲကိုမတ် ၁၅ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ခင်းကျင်း ပြသထားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မတ် ၇ ရက်က ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း ၂၀၀၃–၂၀၀၄ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်ပွဲအခမ်းအနားကို နဝရတ်ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမြင့်သူက စတုတ္ထတန်းမှ မခင်စန္ဒာကျော်အား သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (က–ပ)

ဆည်ရေသောက်ဧရိယာအတွင်း ဆည်ရေအကျိုးရှိစွာအသုံးချရေးဆွေးနွေး

ရန်ကုန် မတ် ၁၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲတွင် မြန်မာ–ဂျပန် နှစ်နိုင်ငံ နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရမြန်မာနိုင်ငံဆည်မြောင်းဦးစီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (JICA)မှ ပညာရှင်များ ပူးပေါင်း၍ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ (လှည်းကူး) စီမံကိန်း အဆင့်(၂) ပြီးဆုံးအောင်မြင်ခြင်းအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဌာနဆိုင်ရာအကြီးအကဲများ ကွင်းဆင်းကြည့်ရှုခြင်းနှင့် စမ်းသပ်စိုက်ကွင်းအတွင်းရှိ တောင်သူလယ်သမားများနှင့် ရေစီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးပွဲကို ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ အဆင့်(၂) ရှင်းလင်းဆောင်တွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်နှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဂျပန်မှ ကျွမ်းကျင်ပညာရှင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)၊ မြေစာရင်းနှင့် စိုက်ပျိုးရေးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် တောင်သူလယ်သမားများက ဆည်ရေသောက်ဧရိယာအတွင်း ဆည်ရေကို အကျိုးရှိထိရောက်စွာ စနစ်တကျ အသုံးချရေးများကို တရင်းတနှီး ဆွေးနွေးကြသည်။ **(အပေါ်ဝဲပုံ)** **(က–ပ)**

စီးပွားကူးသန်း ရှေ့သို့လှမ်း

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင်အလှူရှင်များကအလှူငွေများလှူဒါန်း

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံဘက်စုံခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင် အလှူရှင် မြန်မာနိုင်ငံရှိ စင်ကာပူအသင်း Singapore Association of Myanmar (SAM)မှ လှူဒါန်းငွေကျပ် ၃၅၀၀၀၀၀ ကို မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Simon Tensing de Cruz က အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံရှိ စင်ကာပူအသင်း Singapore Association of Myanmar (SAM) ဥက္ကဋ္ဌ Mr. Chandran Menon က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြန်လည်ပေးအပ်

ထို့နောက် မြန်မာနိုင်ငံရှိ စင်ကာပူအသင်း Singapore Association of Myanmar (SAM) မှ လှူဒါန်းငွေကျပ် ၃၅၀၀၀၀၀ ကို မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Simon Tensing de Cruz က ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကျေးဇူးတင်စကားပြော

ယင်းနောက် အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တရုတ်စာရေးဆရာကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

ရန်ကုန် မတ် ၁၀

တရုတ်–မြန်မာ နှစ်နိုင်ငံ စာရေးဆရာများ အပြန်အလှန် နားလည်မှုနှင့် နှစ်နိုင်ငံပြည်သူများ ချစ်ကြည်မှုကို တိုးပွားလာစေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာများအသင်း သဘာပတိအဖွဲ့ အဖွဲ့ဝင် ဝမ်ချုံးလို့ ခေါင်းဆောင်ပြီး အဖွဲ့ဝင်လေးဦး ပါဝင်သော တရုတ်စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန် မြို့သို့ရောက်ရှိလာသည်။

အဆိုပါ တရုတ်စာရေးဆရာကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန် စာတည်းမှူးချုပ်ဦးမောင်လှိုင်(မောင်ဆွေငယ်)နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Mr. Pan Feng နှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

❐ မြန်မာနိုင်ငံမှ

အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးသည် ငါးလာရောက်ရောင်းချသူများနှင့် အပြည်ပြည်ဆိုင်ရာမှ ငါးဝယ်ယူလိုသူများအတွက် အဆင်ပြေစေရန် ဝန်ဆောင်မှုပေးနေသော ဈေးကြီးဖြစ်သည်။ ယင်းဈေးကြီးသည် ကမ္ဘာ့အဆင့်မီ ငါးဒိုင်ကြီးတစ်ခုအဖြစ် ရပ်တည်နိုင်ရန် နိုင်ငံတကာမှ ငါးဝယ်ယူလိုသူများအတွက် အခွန်ကောက်ခံရေး၊ လူဝင်မှုကြီးကြပ်ရေး၊ ဘဏ်ငွေသွင်းငွေထုတ်နိုင်ရေးစသည့် ဝန်ဆောင်မှုများကိုလည်း တစ်နေရာတည်းတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းမှ ငါးလုပ်ငန်းရှင်များ ကြိုက်ဈေးမရသေးမီ လှောင်ထားနိုင်ရန်နှင့် ကြိုက်ဈေးရနိုင်ငံများသို့ တင်ပို့နိုင်ရန်အတွက် ငါးတန်ချိန် ၁၀၀၀ခန့် လှောင်ထားနိုင်သော အအေးခန်းကြီးများလည်း တည်ဆောက်ထားသဖြင့် ပြည်တွင်းငါးဈေးကွက်ကို ထိန်းသိမ်းမြှင့်တင်ထားနိုင်သည်။

တနင်္သာရီတိုင်းအတွင်းရှိ ငါးဖမ်းစက်လှေအများစုမှာ ယခင်က ထိုင်းနိုင်ငံ ရနောင်းမြို့သို့ သွားရောက်ရောင်းချနေရသည်။ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးကြီး မကြာမီ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ပြည်တွင်း ငါးလုပ်ငန်းရှင်များနှင့် နိုင်ငံတကာ ငါးလုပ်ငန်းရှင်များ တစ်နေရာတည်းတွင် အဆင်ပြေလွယ်ကူစွာ ရောင်းဝယ်နိုင်ကြတော့မည်ဖြစ်၍ မြန်မာနိုင်ငံတွင် နိုင်ငံတကာ ငါးဈေးကွက်ကြီးမကြာမီပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**

မိုး

သတိပြု

ရတနာမဥ္ဇူမမ္မရိပ်သာ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၀

ကမ္ဘာ့ဦးသာသနာ့စရိယ အရှင်ဇေယျာနန္ဒ (ပုဂံ)ကြီးမှူး၍ မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် ၂ လမ်း ရတနာမဥ္ဇူမမ္မရိပ်သာ၌ မတ် ၁၃ ရက်မှ ၂၀ ရက်အထိ ဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် ကမ္မဋ္ဌာနာစရိယများက တရားပြသမည် ဖြစ်သည်။ တရားစခန်းဝင်လိုသူများ မတ် ၁၃ရက် နံနက် ၉နာရီ အရောက် ရတနာမဥ္ဇူမမ္မရိပ်သာသို့ လာရောက်ကြရန်နှင့် မင်္ဂလာဗျူဟာ အသင်းချုပ်မှ ကားဖြင့် ကြိုပို့ပြုလုပ်ပေးမည်ဟု သိရသည်။

(က-ပ)

သားငါးပွဲ့ဖြိုး ပြည်အကျိုး

အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့်ဖွံ့ဖြိုးမှုညီလာခံနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကဏ္ဍ

ဇွဲဇွဲကြည်
(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့်ဖွံ့ဖြိုးမှုညီလာခံ (ICPD -International Conference on Population Development)ကို ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့က ဦးဆောင်၍ ၁၉၉၄ခုနှစ်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ကျင်းပခဲ့သည်။ ယင်းညီလာခံသို့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၇၉ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါညီလာခံက ကမ္ဘာ့လူသားအားလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် အနှစ် ၂၀ ရှေ့လုပ်ငန်းစဉ်များကို သဘောတူရေးဆွဲခဲ့ကြသည်။ ယင်းလုပ်ငန်းများတွင် အဓိကအကြောင်းအရာမှာ အမျိုးသမီးများ ပါဝင်လုပ်ကိုင်နိုင်သည့် စွမ်းပကားကို တိုးမြှင့်ပေးရန် ဖြစ်သည်။ အမျိုးသမီး ငယ်ရွယ်များအတွက် ပညာရေး တန်းတူဖြစ်စေရေး၊ မျိုးဆက်ပွားကျန်းမာရေး အသိပညာများကို သိရှိနားလည်၍ မိမိခန္ဓာကိုယ်နှင့်ကျန်းမာရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးတို့ ပါဝင်သည်။ တက်ရောက်လာကြသည့် နိုင်ငံများကလည်း ထိုလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မည်ဟု တညီတညွတ်တည်း ဆုံးဖြတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

ညီလာခံအပြီး ငါးနှစ်အကြာ ၁၉၉၉ခုနှစ်တွင် ပညာရေးကဏ္ဍ၌ ကမ္ဘာတစ်ဝန်းလုံး မူလတန်းပညာရရှိရန်၊ အမျိုးသား၊အမျိုးသမီးတို့အကြား မူလတန်းနှင့် အလယ်တန်းပညာ သင်ကြားနိုင်သော အခွင့်အရေး ကွာဟမှု ပပျောက်စေရန်နှင့် မူလတန်းကျောင်းဝင်နှုန်း ၉၀ရာခိုင်နှုန်း ရရှိစေရန်တို့ ဖြစ်သည်။

ကျန်းမာရေးကဏ္ဍ၌ ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ကျွမ်းကျင်သူများဖြင့် မွေးဖွားကြရန်နှင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းတွင် အသက်၁၅နှစ်မှ ၂၄နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီး ငယ်ရွယ် ၉၀ရာခိုင်နှုန်းသည် HIVနှင့်ပတ်သက်သည့် သတင်းအချက်အလက်နှင့်ပညာပေးခြင်း ဝန်ဆောင်မှုရရှိခြင်းဖြင့် ရောဂါပိုးကူးစက်နိုင်ချေရှိသည့် အနေအထား လျော့နည်းသွားစေရန်၊ မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုနှင့် သားဆက်ခြားရေးလုပ်ငန်းတို့တွင် လိုအပ်နေသော ကွက်လပ်များကိုဖြည့်ဆည်းပေးရန်တို့ ဖြစ်သည်။

ယင်းလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံကလည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ဥပမာအားဖြင့် ကျန်းမာရေးဝန်ကြီးဌာနက သားဆက်ခြားခြင်းလုပ်ငန်းကို ပိုမိုကျယ်ပြန့်သည့် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းအဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့ပြီး ၂၀၀၁ခုနှစ်တွင် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ မူဝါဒကိုလည်း ရေးဆွဲခဲ့သည်။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနကလည်း ပြည်သူ့အင်အားဦးစီးဌာနဟု သီးခြားဌာနတစ်ခု ဖွင့်လှစ်ကာ လူဦးရေနှင့်ဆိုင်သည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ICPD၏ လုပ်ငန်းများကို အစိုးရအဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များကလည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ညီလာခံအပြီး ငါးနှစ်အကြာ နယ်သာလင်နိုင်ငံ သည်ဟိဂ်မြို့၌ ကျင်းပခဲ့သော ICPD+10 ညီလာခံတွင် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုကို အလေးထားဖော်ပြခဲ့သည်။ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်သည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့် ICPD က ချမှတ်သည့် လုပ်ငန်းစဉ်များကို တတ်စွမ်းသရွေ့ တစ်တပ်တစ်အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ အလားတူ အခြားပြည်တွင်းပြည်ပအစိုးရ၊ အဖွဲ့အစည်းများကလည်း မျိုးဆက်ပွားကျန်းမာရေးနှင့်သက်ဆိုင်သော လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေကြသည်။

၂၀၀၄ခုနှစ်သည် ICPD ၏ ၁၀နှစ်မြောက် ကာလဖြစ်သည်နှင့်အညီ မူလရေးဆွဲခဲ့သည့် လုပ်ငန်းစဉ်များ မည်မျှအောင်မြင်မှုရှိကြောင်း ပြန်လည်ဆန်းစစ်ရန် လိုအပ်သဖြင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် မိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် မလေးရှားနိုင်ငံ အခြေစိုက် International Planned and Parenthood federation (IPPF) နှင့်ပူးပေါင်း၍ ICPD+10 Advocacy and Alliance Building Workshop တို့ကို ဖေဖော်ဝါရီ ၂၄ရက်မှ ၂၅ရက်အထိ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ၏ အဓိကအကြောင်းရင်းမှာ ICPDက ချမှတ်ထားသော လုပ်ငန်းစဉ်များအပေါ် မြန်မာနိုင်ငံအတွင်းရှိ အဖွဲ့အစည်းအသီးသီး၏ ၁၀နှစ်တာကာလအတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြသုံးသပ်ကြကာ နောင်လာမည့် ၁၀နှစ်တာကာလအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများတွင် အကောင်းဆုံးဖြစ်စေမည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ကြရန် ဖြစ်သည်။

ထိုအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ၌ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိတို့ဆောင်ရွက်ခဲ့ကြသော လုပ်ငန်းကဏ္ဍများအလိုက် အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြရန် တိုက်တွန်းကြောင်း၊ အားသာချက်၊ အားနည်းချက်များကို ဖလှယ်ကြခြင်းအားဖြင့် ရှေ့ဆက်ရမည့်ခရီးအတွက် နည်းဗျူဟာများ ပေါ်ထွက်လာမည်ဟု ယုံကြည်ကြောင်းဖြင့် မှာကြားသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ICPD ၏ လုပ်ငန်းစဉ်များအပေါ် မည်မျှအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သနည်း တင်ပြ ရသော် ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်အနေဖြင့် ဝင်ငွေနည်းသော မိသားစုများမှ ကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးသည့် အစီအစဉ်ကို ၁၉၉၆ခုနှစ်က စတင်ခဲ့ရာ မူလတန်းမှတက္ကသိုလ်အဆင့်အထိ ကျောင်းသားကျောင်းသူ ၂၃သမ၆သိန်းကျော်ကို ထောက်ပံ့ပေးခဲ့ပြီး စာမတတ်သူ ပပျောက်ရေးလုပ်ငန်း ဆောင်ရွက်ချက်အနေဖြင့် "အ"သုံးလုံးကျေ သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ စာဖတ်ဝိုင်းများ၊ စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးဆောင်ရွက်ချက်အနေဖြင့် အသင်းပိုင်သားဖွားခန်း ၉၇ခန်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်စောင့်ရှောက်ခြင်း၊ ကျွမ်းကျင်သူများဖြင့် အန္တရာယ်ကင်းစွာ မွေးဖွားပေးခြင်း၊ မိခင်နို့စနစ်တကျတိုက်ကျွေးရေးကူညီပေးခြင်းနှင့် သားဆက်ခြားခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ၁၉၉၆-၂၀၀၁ခုနှစ်အတွင်း UNFPA/ JOICFPတို့နှင့် ပူးပေါင်း၍ Strengthening of Birth Spacingအမည်ရှိ စီမံချက်ကို မြို့နယ်၇၂ခုတွင် ဆောင်ရွက်ခဲ့သည်။

ပိုမိုကျယ်ပြန့်သော မျိုးဆက်ပွားကျန်းမာရေးစီမံချက်အမည်ဖြင့် မြို့နယ်ပေါင်း ၁၀၀အထိ တိုးချဲ့ဆောင်ရွက်ခဲ့ကြရာ မျိုးဆက်ပွားကျန်းမာရေးနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို အောက်ခြေလူထုအထိ ရောက်ရှိစေရန် ဗဟိုနှင့်မြို့နယ်အဆင့်တွင် သင်တန်းများပေး၍ ရပ်ကွက်၊ ကျေးရွာအဆင့်တွင် ဟောပြောပွဲများကို ပြုလုပ်ခဲ့သည်။

မျိုးဆက်ပွားကျန်းမာရေး ဆရာကိုင်လက်စွဲစာအုပ်၊လက်ကမ်းစာစောင်များ၊ နံရံကပ်ပိုစတာများ၊ ပညာပေးရုပ်လှန်ကားချပ်နှင့် ပညာပေးဗီဒီယိုကားများ ထုတ်လုပ်ပြသခဲ့သည်။ နှစ်သိမ့်ဆွေးနွေးခြင်း အစီအစဉ်တွင် ၁၉၉၆ခုနှစ်မှ ယနေ့အထိ UNHCR နှင့် ပူးပေါင်း၍ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များတွင် မျိုးဆက်ပွားကျန်းမာရေးစီမံချက်ကို ဆောင်ရွက်လျက်ရှိသည်။ သားဆက်ခြားခြင်းဆိုင်ရာ သတင်းအချက်အလက်များကို အောက်ခြေလူထုအထိ ပျံ့နှံ့စေရေးအတွက် လေ့ကျင့်ပေးထားသော ဝန်ထမ်းများနှင့် အသင်းဝင်များက ဟောပြောပို့ချပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း၊ သားဆက်ခြားပစ္စည်းများ ဖြန့်ဝေခြင်းတို့အပြင် အမျိုးသမီးများ၏ မျိုးပွားလမ်းကြောင်းတွင်အဖြစ်များသော ကင်ဆာရောဂါအကြောင်း ပညာပေးဟောပြောခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ထုတ်ဝေဖြန့်ချိခြင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)တွင် ရောဂါရှာဖွေရေးဌာနကို ဖွင့်လှစ်၍ စမ်းသပ်ရောဂါရှာဖွေခြင်း၊ ရောဂါရှိသူများကို သက်ဆိုင်ရာဆရာဝန်ကြီးများထံ ညွှန်းပို့ပေးခြင်း၊ ကုသမှုခံယူရန် အခက်အခဲရှိသော ငွေကြေးချို့တဲ့သူများအား ငွေကြေးထောက်ပံ့မှုပေးခြင်း၊ သားပျက်သားလျှောခြင်းများကို ပညာပေးခြင်းနှင့် အချိန်မီ ညွှန်းပို့ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသည် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများကို UNICEF နှင့် ပူးပေါင်း၍ အိမ်ရှင်မများအတွက် ဘဝတစ်သက်တာ သင်ခန်းစာ စီမံချက်ကို မြို့နယ်ပေါင်း ၉၃ခုတွင်လည်းကောင်း၊ UNDPနှင့် ပူးပေါင်း၍ မြို့နယ်လေးခုတွင်လည်းကောင်း၊ ၁၉၉၅-၉၆ ခုနှစ်တွင် HIV/AIDSဆိုင်ရာ အသိပေးစီမံချက်ကို UNDPနှင့် တစ်မြို့နယ်၊ MDMနှင့် ၁၁မြို့နယ်တို့တွင် ဆောင်ရွက်ခဲ့သည်။

၂၀၀၂ ခုနှစ်မှ ယနေ့အထိ UNAIDSနှင့်ပူးပေါင်း၍ ဝေဒနာသည်များနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် Care Support and Counselling စီမံချက်ကို တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်တွင် ဆောင်ရွက်လျက်ရှိရာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက HIV/AIDS ဆိုင်ရာ သတင်းအချက်အလက်များကို အောက်ခြေလူထုအထိ ပျံ့နှံ့ရောက်ရှိစေရေးအတွက် သင်တန်းများပို့ချခြင်း၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ ကွန်ဒုံးများဖြန့်ဝေခြင်း၊ သင်ထောက်ကူပစ္စည်းများဖြစ်သည့် လက်စွဲစာအုပ်များ၊ လက်ကမ်းစာစောင်များ၊ ရုပ်ပုံကားချပ်များ၊ ပညာပေးသတင်းအချက်အလက်များ ပါရှိသော အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဝေခြင်း၊ ပညာပေး ဗီဒီယိုကား ရိုက်ကူးထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ဆယ်ကျော်သက်ရွယ် မျိုးဆက်ပွားကျန်းမာရေး စီမံချက်ကို ၁၉၉၈ခုနှစ်မှ စတင်ဆောင်ရွက်ရာ အထက်တန်း ကျောင်းသားကျောင်းသူများ၊ ကျောင်းပြင်ပရှိ သင်တန်းများ တက်ရောက်နေကြသော သင်တန်းသူများနှင့် စက်ရုံများတွင် အလုပ်လုပ်နေကြသော အမျိုးသမီးငယ်ရွယ်များအား ဆယ်ကျော်သက် မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေး ပညာပေးဟောပြောပွဲများ ပြုလုပ်၍ အသိပညာပေးလျက်ရှိသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် မလေးရှားနိုင်ငံ အခြေစိုက် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် IPPFနှင့်ပူးပေါင်း၍ လူငယ်လူရွယ် ပညာပေးလေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ကာ အသက် ၁၄နှစ်မှ ၂၄နှစ်အတွင်းရှိ လူငယ်များကို မျိုးဆက်ပွားနှင့် လိင်မှုဆိုင်ရာ ကျန်းမာရေး အပါအဝင် ဘဝတစ်သက်တာအတွက် ကျွမ်းကျင်မှုသင်တန်းများ ပို့ချခဲ့သည်။ သင်တန်းတွင် အသုံးပြုရန် အယူအဆခုနှစ်ရပ်ပါသော လက်စွဲ စာစောင်ကို Reproductive Health for Adolescent Module မြန်မာဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့သည်။ ၂၀၀၃-၂၀၀၅ ခုနှစ်အထိ UNFPAနှင့် ပူးပေါင်း၍ ဆယ်ကျော်သက်ရွယ် မျိုးဆက်ပွား ကျန်းမာရေး တိုးမြှင့်ရေးစီမံချက်ကို ဆောင်ရွက်ရာ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ဆင့်ပွားသင်တန်းများ ပြုလုပ်ခြင်း၊ ပညာပေးဟောပြောပွဲများနှင့် သတင်းအချက်အလက်ပေးသော လက်ကမ်းစာစောင်၊ နံရံကပ်ပိုစတာနှင့် လက်စွဲစာအုပ် ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

၂၀၀၃ခုနှစ်တွင် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် လူငယ်ရိပ်မြုံများ ဖွင့်လှစ်ခဲ့ကာ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြင့် လူငယ်များ တာဝန်သိစွာ ပြုမူနေထိုင်တတ်စေရန် သတင်းအချက်အလက်များ ရရှိနိုင်ခဲ့ပြီး လူငယ်များအတွက် အားကစား Board Game၊ Karaoke ၊ Library များထားရှိကာ လူငယ်တို့စိတ်ဝင်စားသည့် အစီအစဉ်များကို ပြုလုပ်ပေးထားသည်။ ၂၀၀၃ခုနှစ်တွင် လူငယ်ရိပ်မြုံ ၁၀ခု ဖွင့်လှစ်နိုင်ခဲ့ကာ အသင်းဝင်ပေါင်း ၃၄၀၀ကျော်နှင့် ဆင့်ပွားစခန်းများဖွင့်လှစ်၍ သင်တန်းများပို့ချလျက်ရှိရာ လူငယ်လူရွယ် ၂၈၀၀ကျော်ကို လေ့ကျင့်ပေးနိုင်ခဲ့သည်။

ကျား/မ ကဏ္ဍညီမျှမှုရှိစေရေး၊ ယောကျ်ား၊ မိန်းမအပြန်အလှန် တစ်ဦးကိုတစ်ဦး လေးစားမှုရှိစေရေးအတွက် လူငယ်များတွင် မှန်ကန်သောအယူအဆ ရရှိစေရန် ပညာပေးလေ့ကျင့်ရေးစခန်းများတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးလက်ဒေသအထိ ခံစားခွင့်ရရှိစေရန် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲများကို ကျေးရွာ ရပ်ကွက်များအထိ ဖွဲ့စည်းပြီး ဝန်ဆောင်မှုပေးလျက်ရှိသည်။ ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စံပြကျေးရွာများ တည်ထောင်ပေးခြင်း၊ ရေကောင်းရေသန့်များရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

ကမ္ဘာ့လူသားအားလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် ICPD က ချမှတ်ထားသည့် လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံရှိ အစိုးရအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များက အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့်ရလဒ်များနှင့် အကြံပြုချက်များကို အသုံးပြုပြီး ရှေ့လာမည့် ၁၀နှစ်တာကာလတွင် ပိုမိုအကျိုးရှိအောင် ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၁-၃-၂၀၀၄

(ကြာသပတေးနေ့)နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၃၅ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် Legal forms and business organization (စီးပွားရေး၊ စီးပွားစီမံ)
- ၅:၃၅ ၁၀။ တိုင်းကျိုးပြည်ပြုတို့ရေးရှု
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တစ်ရေးချစ်ခွင့်"** (အပိုင်း-၁၅)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (အပိုင်း-၃၇)

ငပုတောသည် နိုင်ငံတော်အတွက် အရေးပါသည့် မြို့နယ်
ဆား၊ရေငန်ပုစွန်လိပ်နှင့်ငါးများ အများဆုံးထုတ်လုပ်ပေးနေ

သတင်းဆောင်းပါး-မောင်မောင်ထွေး၊ ဓာတ်ပုံ - ငါးလုပ်ငန်းဦးစီးဌာန

ရန်ကုန် မတ် ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ဧရာဝတီတိုင်း ဒေသဖွံ့ဖြိုးမှုအခြေအနေများကို ကြည့်ရှုလေ့လာရန်နှင့် လိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးရန် ဖေဖော်ဝါရီ၂၆ ရက်မှ မတ်၂ရက်အထိခြောက်ရက်ငါးညအိပ်ခရီးစဉ်အဖြစ် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ကြသည်။



လိပ်စောင်းလျား

လိပ်စောင်းလျားသည် ပုံသဏ္ဍာန် အားဖြင့် စောင်းလျားသီးကဲ့သို့လုံး၍ အလျားလိုက်စောင်းများပါရှိသည်။ ကမ္ဘာပေါ်တွင် အကြီးဆုံးလိပ်ဖြစ်၍ အစုံစားသတ္တဝါမျိုးဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်လိုက်ပါလျက် ဖေဖော်ဝါရီ ၂၇ ရက်တွင် ငပုတောမြို့နယ်သို့ ရောက်ရှိကြသည်။

ကျွန်းများစွာ

ငပုတောမြို့နယ်သည် ဧရာဝတီတိုင်း ပုသိမ်ခရိုင်တွင် ပါဝင်ပြီး ပင်လယ်နှင့်နီးသဖြင့် ကျွန်းများစွာ ပါဝင်လျက်ရှိသည်။

အနောက်ဘက်တွင် အနောက်ရိုးမတောင်တန်းကြီး၏တောင်ဘက်အစွန်ဆုံးအပိုင်း၊ အရှေ့ဘက်တွင် လွင်ပြင်ဒေသများရှိသည်။ မြစ်များ၊ မြစ်လက်တက်များ၊ ချောင်းငယ်များသည် ဘင်္ဂလား ပင်လယ်အော်သို့ အနောက်ရိုးမကို မြစ်ဖျားခံလျက် ဝန်မြစ်အတွင်းသို့ စီးဝင်လျက်ရှိသည်။

ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်တို့၏ တင်ပြချက်များအရ ငပုတောမြို့နယ်သည် ပုသိမ်ခရိုင် မြို့နယ်ခုနစ်မြို့နယ်အနက် လူဦးရေအများဆုံး၊ မိုးစပါးဧက စိုက်ပျိုးနိုင်မှု အများဆုံးဖြစ်ပြီး ဆားထုတ်လုပ်မှု၊ ရေငန်ပုစွန်နှင့် ငါးမွေးမြူရေးလုပ်ငန်းတွင်မူ တစ်နိုင်ငံလုံးတွင် အများဆုံး ထုတ်လုပ်ပေးနိုင်သည့် မြို့နယ်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ငပု တောမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားရာတွင် ငပုတောမြို့နယ်နှင့် စပ်လျဉ်း၍ "ဧရာဝတီတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကို အဓိက အထောက်အကူပြုသည့် တိုင်းကြီးခြောက်တိုင်းတွင် ပါဝင်ကြောင်း၊ ယင်းတိုင်းတွင် ပါဝင်သည့် ငပုတောမြို့နယ်သည်လည်း ဧရာဝတီတိုင်းအတွက်၊ နိုင်ငံတော်အတွက် အရေးပါသည့်မြို့နယ်ဖြစ်ကြောင်း" စသည်ဖြင့် ပြောကြားခဲ့သည်။

အမှန်စင်စစ်လည်း ငပုတောမြို့နယ်သည် ရေသယံဇာတ၊ မြေသယံဇာတတို့ကို ပိုင်ဆိုင်ထားသော



လိပ်ကြက်တုရွေး

လိပ်ကြက်တုရွေးသည် လိပ်ခွေးထက် အရွယ်ငယ်၍ ကျောခွံမှာ အကွက်များဖြင့် လှပသည်။ နှုတ်သီးမှာ ကြက်တုရွေး၊ စွန်နှုတ်သီးတို့နှင့် တူသောကြောင့် လိပ်စွန်၊ လိပ်ကြက်တုရွေးဟု ခေါ်ကြသည်။ လိပ်ကြက်တုရွေးသည် အစုံစား သတ္တဝါဖြစ်သည်။

မြို့နယ်ဖြစ်သည်။ မိုးစပါးစိုက်ပျိုးမှု အနေအထားမှာ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် စိုက်ဧက ၁၇၃၅၃၁၊ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် စိုက်ဧက ၁၇၃၉၈၁၊ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် စိုက်ဧက ၁၇၄၆၂၈၊ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် စိုက်ဧက ၁၇၈၈၉၉ ရှိကာ တစ်နှစ်ထက်တစ်နှစ်တိုး၍ စိုက်ပျိုးနိုင်ခဲ့သည်။

ရေငန်ပုစွန်မွေးမြူမှုမှာ ယခင်နှစ်က ပိဿာ ၁၄၇၄၀၀ နှင့် ယခုနှစ် ပိဿာ ၁၄၈၅၇၂၀ ထွက်ရှိခဲ့ပြီး ဆားထုတ်လုပ်မှုတွင်မူ ၂၀၀၃ ခုနှစ် ဆားထုတ်လုပ်မှုရာသီတွင် နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကတို့၏ ၂၀၀၃ ခုနှစ် ဆားထုတ်လုပ်မှုရာသီတွင် စုစုပေါင်းကျပ်သိန်းပေါင်း ၉၄၃ ဒသမ ၈၀ ထုတ်လုပ်နိုင်ခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ငပုတောမြို့နယ်၏ ဒေသဖွံ့ဖြိုးမှုများနှင့် လိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးရန် တစ်ရွာဝင် တစ်ရွာထွက် ဆက်လက်ထွက်ခွာပြီး ဒေသခံပြည်သူတို့၏ လိုအပ်ချက်များကို မျက်ဝါးထင်ထင် ကြည့်ရှုလေ့လာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ဒေသခံပြည်သူတို့၏ မျက်နှာများသည်ကား မိမိတို့ဒေသ ယခုထက် ပိုမိုဖွံ့ဖြိုးဝေစည်လာတော့မည်ဖြစ်၍ ပြုံးပန်းတဝေဝေဖြစ်လျက် နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင် မြန်မာပြည် အနှံ့အပြားဒေသများသို့ မကြာခဏ သွားရောက်၍ ကြပ်မတ်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိခြင်းကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် မည်သည့် ခေတ်ကာလနှင့်မျှ မတူအောင် ဖွံ့ဖြိုးဝေစည်လျက်ရှိပေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တနင်္သာရီတိုင်း ခရီးစဉ်တွင်-

> **"ပြောင်းလဲတိုးတက်နေသည့် အရှိန်အဟုန်နှင့်အညီ အဆင့်အတန်းရှိရှိ အမီလိုက်နိုင်ရန် မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံအနေဖြင့် တစ်လှမ်းချင်းလိုက်နေ၍ မဖြစ်နိုင်ဘဲ ရှေ့ကို အားထည့်ကျော်လွှား၍ လိုက်ရမှာ ဖြစ်ကြောင်း၊ သူများခြေတစ်လှမ်း လှမ်းပါက မိမိတို့က လေး၊ ငါး၊ ဆယ်လှမ်း လှမ်းနိုင်ရမည်ဖြစ်ကြောင်း"**

လမ်းညွှန်မိန့်ကြားခဲ့ပေသည်။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ နိုင်ငံတော်မှ တာဝန်ရှိသူများသည် မြန်မာပြည်အနှံ့အပြားရှိ ဒေသဖွံ့ဖြိုးမှုများနှင့် တည်ဆောက်ပြုပြင်မှုများကို ခရီးပြင်းနှင်၍ကြပ်မတ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကြောင့် နိုင်ငံတော်ကြီးသည် မည်သည့်ခေတ်ကာလနှင့်မျှ မတူအောင်ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို ပြည်သူများ မျက်ဝါးထင်ထင် တွေ့မြင်လျက်ရှိပေသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ငပုတောမြို့နယ်မှ ဟိုင်းကြီးကျွန်းမြို့၊ ထိုမှ သမီးလှကျွန်းခေါ်



လိပ်လျှောင်း

လိပ်လျှောင်းသည် မြန်မာနိုင်ငံရှိ လိပ်ငါးမျိုးထဲတွင် အသေးဆုံး လိပ်မျိုးဖြစ်သည်။ လိပ်လျှောင်းသည် အစုံစား သတ္တဝါဖြစ်သည်။

လိပ်ကျွန်းသို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။

သမီးလှကျွန်းခေါ် လိပ်ကျွန်းကား နာမည်နှင့်လိုက်အောင် ပင်လယ်လိပ်မျိုးမပြုန်းတီးရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ လိပ်များသည် လွန်ခဲ့သည့် နှစ်သန်းပေါင်း ၂၀၀ ပတ်ဝန်းကျင်ကပင် ဒိုင်နိုဆောသတ္တဝါများထက် ရှေးဦးပေါ်ပေါက်ခဲ့သော တွားသွားသတ္တဝါများအနက် ရှေးအကျဆုံး သတ္တဝါများဖြစ်ကြောင်း သိရသည်။

ကမ္ဘာအနှံ့အပြား၌ လိပ်မျိုးစိတ်ပေါင်း ၂၆၀ ခန့်ရှိပြီး ပင်လယ်ဒေသမှသည် အသက်ရှင်ရပ်တည်ရန် ခက်ခဲလှသော သဲကန္တာရဒေသများအထိ ပျံ့နှံ့နေထိုင်ကျက်စားလျက်ရှိသည်။

သို့သော် ယခုအခါတွင် လိပ်မျိုးစိတ်အတော်များများသည် မျိုးသုဉ်း ပျောက်ကွယ်တော့မည့် ရှားပါးသတ္တဝါမျိုးစိတ်များထဲတွင် သတ်မှတ်ထည့်သွင်းရမည့် အခြေအနေသို့ ရောက်ရှိလာပြီဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် ပင်လယ်လိပ်မျိုးစိတ် ခုနစ်မျိုးရှိသည့်အနက် မြန်မာနိုင်ငံတွင် လိပ်စောင်းလျား၊ လိပ်ကြက်တုရွေး(ခေါ်) လိပ်စွန်၊ ပြင်သာ လိပ်၊ လိပ်ခွေးနှင့် လိပ်လျှောင်းဟူ၍ ပင်လယ်လိပ်မျိုးစိတ် ငါးမျိုး ကျင်လည်ကျက်စားလျက်ရှိကြောင်း သိရသည်။

သို့သော် အထက်ဖော်ပြပါ ပင်



လိပ်ခွေး

လိပ်ခွေးသည် ပြင်သာလိပ်နှင့်တူပြီး အရွယ်ငယ်၍ ကျောခွံ တည်ဆောက်မှု အနည်းငယ်ကွာခြားသည်။ လိပ်ခွေးများသည် အများအားဖြင့် အသားစား သတ္တဝါမျိုး ဖြစ်သည်။

လယ်လိပ်များအနက် ကမ္ဘာပေါ်တွင် အကြီးဆုံး လိပ်မျိုးဖြစ်သော စောင်းလျားသီးသဏ္ဍာန်ရှိ လိပ်စောင်းလျား၊ နှုတ်သီးမှာ ကြက်တုရွေးနှင့် စွန်နှုတ်သီးသဏ္ဍာန်ရှိ လိပ်ကြက်တုရွေး(ခေါ်) လိပ်စွန်နှင့် အသားစားလိပ်မျိုးဖြစ်သည့် လိပ်ခွေးတို့မှာ မြန်မာ့ကမ်းရိုးတန်း ပင်လယ်ပြင် တစ်လျှောက်တွင် အရေအတွက်အထူး လျော့နည်းလျက်ရှိပြီး ဧရာဝတီတိုင်းတွင်မူ လုံးဝမတွေ့ရသလောက်ရှိသည်။

တနင်္သာရီနှင့် ရခိုင်ပြည်နယ်ရှိ အချို့ဒေသများ၌သာ အလွန်နည်းပါးစွာ ကျန်ရှိတော့ရာ ဒေသအလိုက် ထိန်းသိမ်းမှုမရှိပါက မျိုးသုဉ်းပျောက်ကွယ်သွားနိုင်သည့် အခြေအနေ ရှိကြောင်းသိရသည်။

လိပ်ကျွန်းတာဝန်ခံ ဦးချိုလှအောင်က လိပ်များကို အမှတ်အသားပြုတံဆိပ်များ ရိုက်နှိပ်ခြင်းနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းပြသည်။ မြန်မာနိုင်ငံတွင် ပင်လယ်လိပ်များကို အမှတ်အသားပြု တံဆိပ်များ ရိုက်နှိပ်ခြင်းကို ၂၀၀၁ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ဧရာဝတီတိုင်းအတွင်းရှိ လိပ်ကျွန်းများတွင် ဆောင်ရွက်ခဲ့ကြသည်။

အမှတ်အသားပြုသည့် ပစ္စည်းများမှာ Inconel Tag (သတ္တုပြား) ဖြစ်၍ လိပ်များ၏အရှေ့ ရေယက်

ပြင်သာလိပ်

ပြင်သာလိပ်၏ ကျောခွံသည် လုံးဝန်းပြီး အညိုရင့်ရောင်သို့မဟုတ် အစိမ်းရင့်ရောင်ရှိသည်။ အဆိုပါ လိပ်များ၏ နေထိုင် ကျက်စားမှုသည် အခြားလိပ်များထက် ပိုမိုကျယ်ပြန့်သည်။ အစုံစား သတ္တဝါဖြစ်သည်။

တစ်ဖက်တစ်ချက်တွင် အမှတ်တံဆိပ်ရိုက်နှိပ်ကာ ပင်လယ်ပြင်သို့ ပြန်လည်လွှတ်ပေးလျက်ရှိကြောင်း သိရသည်။ အမှတ်အသားပြု တံဆိပ်ရိုက်နှိပ် ထားသော လိပ်များနှင့် ကျောခွံပေါ်တွင် အချက်ပြကိရိယာ တပ်ဆင်ထားသည့် လိပ်များကို ငါးဖမ်းရေယာဉ်များ၊ ငါးဖမ်းလုပ်သားများ၊ ပြည်သူများက တွေ့ရှိပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနရုံးများသို့ အကြောင်းကြားရန်နှင့် ဘေးကင်းရာ ပင်လယ်ပြင်သို့ ပြန်လည်စေလွှတ် ပေးရန်ဖြစ်သည်။

ထိုပြင် ထိုကဲ့သို့အမှတ်အသားပြုရခြင်းနှင့် အချက်ပြ ကိရိယာများ တပ်ဆင်ရခြင်းမှာ ပင်လယ်လိပ်များ ပြောင်းရွှေ့ ကျက်စားရာလမ်းကြောင်းကို သိရှိနိုင်ခြင်း၊ လိပ်များ အရေအတွက်ကို သိရှိနိုင်ခြင်း၊ လိပ်မများ၏ တစ်နှစ်လျှင် ဥချသည့် အကြိမ်နှင့် ဥဥနှုန်းကို သိရှိနိုင်ခြင်း၊ လိပ်များ ပျံ့နှံ့ရာဒေသများကို သိရှိနိုင်ခြင်း စသည့်အကျိုးများကို ရရှိနိုင်ကြောင်း သိရသည်။

ရှေ့ခရီးစဉ်များကို ဆက်လက်ထွက်ခွာရန်အတွက် မိမိတို့အဖွဲ့သည် လိပ်ကျွန်းမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။ လိပ်ကျွန်းမှ အပြန်တွင် ရှုမောမဆုံးနိုင်သည့် မြန်မာ တို့၏ သာယာလှပသော ရေပြင်ပိုင်နက်ရှုမျှော်ခင်းကို ကြည့်ရှုခံစားရင်း မြန်မာလူငယ် အပေါင်းသည် ပထဝီကို သင်ကြားရုံမဟုတ် ရေသစ်၊ မြေသစ်၊ တောတောင်သစ်များကို ရှာဖွေဖော်ထုတ် ထိန်းသိမ်းနိုင်ကြရန် လိုအပ်ကြောင်းကိုလည်း တစ်ဆက်တည်း စဉ်းစားတွေးခေါ်မိပါတော့သည်။ နေရစ်တော့ သမီးလှကျွန်းခေါ် လိပ်ကျွန်း။ ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်က ကြီးမှူး၍ မတ် ၉ ရက်က လမ်းမတော်မြို့နယ် အမှတ်(၂) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲဖွင့်ပွဲကျင်းပရာ ခရိုင်ဦးစီး အရာရှိ ဦးစိန်တိုး၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်လေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ဒုတိယအကြိမ် ကလေးပန်းချီပြပွဲပြသ

ရန်ကုန် မတ် ၁၀

မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူရတနာကျောင်းတိုက်၌ ဖွင့်လှစ်ထားသော ယဉ်ကျေးလိမ္မာဇမ္ဗူရတနာသင်တန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများ၏ ဒုတိယအကြိမ်မြောက် ကလေးပန်းချီပြပွဲကို မတ်၁၀ရက်မှ၁၉ရက်အထိ အလုံလမ်း Summit Parkview Hotel (Northern Breeze Art Gallery)၌ နေ့စဉ်နံနက်၉နာရီမှ ညနေ၆နာရီအထိ ပြသလျက်ရှိသည်။ ဒုတိယအကြိမ် ကလေးပန်းချီပြပွဲတွင် ကျောင်းသားကျောင်းသူ ၁၀၀ကျော်၏ လက်ရာပန်းချီကားပေါင်း၂၀၀ကျော်ကို ပြသထားရာ မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုနိုင်သည်။

ယဉ်ကျေးလိမ္မာဇမ္ဗူရတနာသင်တန်းကို ဇမ္ဗူရတနာကျောင်းတိုက်၌ အရှင်ဩဘာသက ၁၉၈၅ခုနှစ်မှ စတင်၍ တည်ထောင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါသင်တန်းကို တစ်နှစ်လျှင် နှစ်ကြိမ်ဖွင့်လှစ်ပြီး လူမျိုးမရွေးဘာသာမရွေး မေတ္တာဖြင့် အခမဲ့သင်ကြားပို့ချပေးလျက်ရှိကြောင်းသိရသည်။

(က-ပ)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိတ္ထီလာ မြို့ရှောင်လမ်းဖောက်လုပ်မှုကြည့်ရှု တောင်ရေ ရေလှောင်တမံစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ရန်ကုန် မတ် ၁၀

မန္တလေးတိုင်း မိတ္ထီလာမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ်စရက် နံနက်ပိုင်းက မိတ္ထီလာမြို့မှ မော်တော်ယာဉ်ဖြင့်ထွက်ခွာရာ ဟုန်ပန်းကုမ္ပဏီလီမိတက်၏ မိတ္ထီလာမြို့ ရှောင်လမ်းဖောက်လုပ်သည့် မိတ္ထီလာ–သာစည်လမ်းပေါ်ရှိ ပြင်သာကျေးရွာလမ်းဆုံသို့ နံနက် ၈ နာရီ ၄၅ မိနစ်တွင်ရောက်ရှိပြီး တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က မြို့ရှောင်လမ်းဖောက်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြို့ရှောင်လမ်းအတိုင်း ဆက်လက်ကြည့်ရှုစစ်ဆေးရာ ဟုန်ပန်းကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတို့က မိတ္ထီလာမြို့ရှောင်လမ်းလမ်းအူကြောင်းတိုင်းတာပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိတ္ထီလာမြို့ ရှောင်လမ်း၏ လမ်းအူကြောင်း ပေ၂၀၀အကျယ်မြေသားလမ်း ရှင်းလင်းခြင်းလုပ်ငန်းကို မိုးမကျမီ အပြီးဆောင်ရွက်ရန် မှာကြားသည်။

ကြိုဆို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ–ကျောက်ပန်းတောင်းလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာ လာကြရာ နံနက် ၁၀ နာရီခွဲတွင် ကျောက်ပန်းတောင်းမြို့နယ်အစပ်သို့ ရောက်ရှိကြပြီး မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် ကျောက်ပန်းတောင်းမြို့နယ် တယ်ပင်တဲကျေးရွာအနီးရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် တောင်ရေ ရေလှောင်တမံစီမံကိန်းသို့ရောက်ရှိကြပြီး စက်ယန္တရားကြီးများဖြင့် ရေသွယ်တူးမြောင်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တည်ဆောက်ရေး(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ရှင်းလင်းပြသသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကြက်မောက်တောင်ဆည်သို့ ရေကူပေးမည့်ဆက်သွယ်ရေးတူးမြောင်းနှင့် ကျောက်ပုံချောင်းအခြေအနေ၊ ရေလွှဲဥမင်လိုဏ်တစ်လျှောက်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် တောင်ရေရေလှောင်တမံ၏ မြေသားတမံလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက မြေသားတမံလုပ်ငန်းပြီးစီးမှု၊ မြေသားတမံတွင် ကျောက်စီခြင်းလုပ်ငန်းပြီးစီးမှု၊ တောင်ရေချောင်းအားမြေဖို့နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကိုရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ တောင်ရေရေလှောင်တမံ၊ ကျောက်တံခါး ရေလှောင်တမံနှင့် ဆက်သွယ်ရေး တူးမြောင်းပြီးစီးမှု၊ ရေလွှဲဥမင်လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိုးရာသီတွင် ရေဝင်လာပါက ရေလွှဲပေးနိုင်ရေးအတွက် ဆက်သွယ်ရေးတူးမြောင်းကို မိုးမကျမီအပြီးဖောက်လုပ်သွားရန် မှာကြားသည်။တောင်ရေ ရေလှောင်တမံကို မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် တယ်ပင်တဲကျေးရွာအနီး တောင်ရေချောင်းပေါ်၌ တည်ဆောက်နေခြင်းဖြစ်ပြီး မြေသားတမံ အမျိုးအစားဖြစ်သည်။ တမံ၏ ရေဆင်းဧရိယာမှာ ၂၃ စတုရန်းမိုင်ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ၃၄၂၅ဧကပေဖြစ်သည်။ တမံအလျားမှာ ပေ၂၉၅၀ရှိပြီး တမံအမြင့်မှာပေ၇၀ရှိသည်။ ယခုအခါတမံတည်ဆောက်မှု လုပ်ငန်းမှာ ၄၈ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ဆက်သွယ်ရေးတူးမြောင်းမှာ ၁ ဒသမ ၃၅ မိုင်ရှည်လျားပြီး တူးမြောင်းဖောက်လုပ်ခြင်း လုပ်ငန်းမှာ ၇၅ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ရေလွှဲဥမင်မှာ အလျားပေ၄၂၀ရှိပြီး ၄ မီတာ အချင်းရှိ မြင်းခွာပုံ သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ ရေလွှဲဥမင်လုပ်ငန်းမှာ ယခုအခါ လုံးဝပြီးစီးနေပြီဖြစ်သည်။

ယင်းတောင်ရေ ရေလှောင်တမံ စီမံကိန်းပြီးစီးပါက ဆက်သွယ်ရေး တူးမြောင်းစနစ်ဖြင့် ကြက်မောက်တောင်ဆည်သို့ ရေကူပေးနိုင်မည်ဖြစ်ပြီး ကြက်မောက်တောင်ဆည်ရေဖြင့် လက်ရှိစိုက်ပျိုးနေသည့်သီးနှံဧရိယာ ၁၃၄၃၂ ဧကကို ရေလုံလောက်စွာ ပေးဝေနိုင်ရုံသာမက တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက်ပါ ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မိတ္ထီလာ မြို့ရှောင်လမ်းဖောက်လုပ်နေမှုများကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်သူများသင့်တင့်သည့်ဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရန်ရည်ရွယ် ဈေးရောင်းသူများ ဆိုင်အခွန်အခပေးစရာမလိုဘဲ ဦးရာလူစနစ်ဖြင့်ရောင်းချနိုင်

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် စစ်ဒေသမှူးများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဈေးများဌာန ဌာနမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ်၉ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်၍ ဈေးများအတွင်း ဈေးရောင်း၊ ဈေးဝယ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် နံနက်၆နာရီခွဲတွင် ရန်ကုန် အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် ပန်တျာလမ်းရှိ ပန်တျာကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိလာရာ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်ရှိ ပန်တျာကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကို လည်းကောင်း၊ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကို လည်းကောင်း၊ မရမ်းကုန်းမြို့နယ် ကုန်းမြင့်သာကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ် ဈေးနှင့်ကမ္ဘာအေးစေတီလမ်းရှိ နဝဒေးကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတို့ကို လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ရုံးဘေးရှိ ရန်ကင်း ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကို လည်းကောင်း၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကို လည်းကောင်းသွားရောက်၍ ဝန်ကြီးဌာနများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်၊ ကိုယ်တိုင် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံဆီလုပ်ငန်းရှင်များနှင့် ဆီစက်လုပ်ငန်းရှင်များအသင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် ကုမ္ပဏီအဖွဲ့အစည်းသီးသီးတို့မှ ဟင်းသီးဟင်းရွက်၊ သား၊ ငါး၊ ကြက်ဥ၊ ကုန်ခြောက်၊ ဆန်၊ ဆီနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အခွန်လွတ်ဈေးများကို ပြည်သူများလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်နှင့် သား၊ ငါး၊ ကြက်ဥများကို သင့်တင့်သည် ဈေးနှုန်းဖြင့် လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရန် ရည်ရွယ်၍ ဈေးရောင်းချသူများမှ ဆိုင်အခွန်အခပေးစရာမလိုဘဲ ဦးရာလူစနစ်ဖြင့် ပိတ်ရက်မရှိရောင်းချနိုင်ရေး စီစဉ်ပေးထားကြောင်း၊ ဈေးတွင်း ဈေးပြင်သန့်ရှင်း သပ်ရပ်စေရေး၊ ဈေးအတွင်း ရေနုတ်မြောင်းများ၊ လူသျှောက်လမ်းများ၊ ဈေးဆိုင်များ အစဉ်ကောင်းမွန်စေရေး ပြုပြင်စောင့်ရှောက် ထိန်းသိမ်းကြရန်နှင့် အခွန်လွတ်ဈေးများ ရေရှည်တည်တံ့စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်ကြရေး မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် စိုက်ပျိုးမွေးမြူရေးစခန်းစစ်ဆေး

ရန်ကုန် မတ် ၁၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၈ရက် နံနက်ပိုင်းက အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၌ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ထုတ်လုပ်ရေးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြောက်ဥက္ကလာပ စိုက်ပျိုးမွေးမြူရေးစခန်းတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

မတ်၇ရက်က ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၄၂) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၂–၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးညွှန့်လွင်က သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မရတနာနှင်းဝတ်ရည်ဖြိုးအား ဆုချီးမြှင့်စဉ်။ (က–ပ)

ကျောင်းစာကြည့်တိုက်ဖွင့် ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၁၀

လှိုင်သာယာ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၄၂)အခြေခံပညာ မူလတန်း ကျောင်းတို့ ပူးပေါင်း၍ ဦးဖိုးကျားကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်နှင့် နယ်လှည့်စာကြည့်တိုက်နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို အဆိုပါကျောင်းခန်းမ၌ မတ်၁ရက်က ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြင့်မြင့်နိုင်နှင့်ကျောင်းအုပ် ဆရာကြီး ဦးသန်းစိုး တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးကစာကြည့်တိုက်ဖွင့်လှစ်ရခြင်းအကျိုးကျေးဇူးများအကြောင်း ဟောပြောကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လက်မှတ်ပေး

မတ်၇ရက်က သဃ်န်းကျွန်းမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၃–၂၀၀၄ ပညာသင်နှစ် အလယ်တန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသိန်းက မသန္တာဇော်အား ပေးအပ်စဉ်။ (က–ပ)

အာဆင်နယ်နောက်လိုက်ရင်းဖြင့် ဝေး၍ကျန်ခဲ့ကြသည့် ချယ်လ်ဆီးနှင့်မန်ယူ

ပရီမီယာရှစ်မှာ အာဆင်နယ် ဦးဆောင်၍ကောင်းနေဆဲ၊ မန်ယူနှင့်ချယ်လ်ဆီးတို့မှာမူ အာဆင်နယ်နောက် အမီလိုက်ရင်းဖြင့်ပင် တဖြည်းဖြည်း ကျန်ရစ်ခဲ့ကြသည်ကို တွေ့နေရသည်။ မန်ယူဆိုလျှင် တဖြည်းဖြည်းကျသွားခဲ့ရာ ချယ်လ်ဆီးကပင် မန်ယူ၏နေရာကို လုယူသွားသည်ကို တွေ့နေရသည်။ လက်ကျန်အဖြစ် တစ်သင်းကို ၁၁ပွဲစီသာ ကစားရတော့မည်။ ထို ၁၁ပွဲ၌ အာဆင်နယ် သုံးပွဲရှုံးနိုင်ပါမည်လား။ သို့တည်းမဟုတ် ချယ်လ်ဆီးနှင့် မန်ယူတို့ကရော လက်ကျန် ၁၁ပွဲစလုံးကို အနိုင်ရအောင် ကစားနိုင်ကြမည်လား။ ယခုအချိန်ထိ ရှုံးပွဲမရှိသေးသည့် အာဆင်နယ်အတွက် လက်ကျန် ၁၁ပွဲ၌ သုံးပွဲမရှုံးအောင် ထိန်းကစားနိုင်ရေးမှာ သိပ်အခက်အခဲကြီးမဟုတ်။ လက်ရှိအချိန်၌ ခြေစွမ်းကလည်း အကောင်းဆုံးရထားသည့်အပြင် ပြီးခဲ့သည့်ရာသီက အတွေ့အကြုံကလည်း အာဆင်နယ်ကို သတိပေးနေသလိုရှိနေရာ ချယ်လ်ဆီးနှင့် မန်ယူတို့အတွက် ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရမည့် ဒုတိယနေရာကိုသာ အဓိကထားပြီး ယှဉ်လုရုံသာရှိတော့သည်။ ပရီမီယာရှစ်ဖလားကိုတော့ အာဆင်နယ်လက်ထဲ ထည့်ပေးလိုက်ပါပြီ။ အခုလာမယ့် ပွဲစဉ်(၂၈)မှာတော့ အာဆင်နယ်၊ မန်ယူနှင့် ချယ်လ်ဆီး သုံးသင်းစလုံး အဝေးကွင်းပွဲများ နွှဲကြရမည်ဖြစ်သည်။ အာဆင်နယ်က ဘလက်ဘန်း၊ ချယ်လ်ဆီးက ဘော်လ်တန်၊ မန်ယူက မန်စီးတီးနှင့်ကစားကြရမည်ဖြစ်ရာ မန်ယူအတွက် အခက်ခဲဆုံးပွဲကို နွှဲရမလိုဖြစ်နေသည်။ တစ်မြို့တည်းသားချင်း မန်စီးတီးကလည်း မန်ယူတို့ကို ကောင်းကောင်းတုံ့ပြန်ပြဦးမည်ဖြစ်ရာ အာဆင်နယ်နောက် ဆက်လိုက်နိုင်ရန်အတွက် မန်ယူတို့ ဆက်လက်အားရှိပါ့ဦးမလား သံသယဝင်စရာကောင်းနေပြီဖြစ်သည်။

ပွဲစဉ်(၂၈) ၁၃/၁၄-၃-၂၀၀၄

ဘာမင်ဂမ်-လက်စတာ

ဘာမင်ဂမ် ခြေတွေ့နေသည်။ ပွဲကျန်နှစ်ပွဲစလုံးကို အနိုင်ကစားပြီး အဆင့်(၅)ထိ တက်လာနိုင်သည်။ ထိုအဆင့်ကို ဆက်ထိန်းနိုင်ရန် ဘာမင်ဂမ် ကြိုးစားလိမ့်မည်။ ခံစစ်အား နဂိုကတည်းက တောင့်တင်းနေရာ လက်ရှိအချိန်၌ တိုက်စစ်အားကပါတက်လာရာ ဘာမင်ဂမ်အတွက် နိုင်ပွဲများရရေးမှာ မခက်ခဲတော့။ လက်စတာမှာမူ ကစားသမားများ၏ လူမှုရေး အရှုပ်အထွေးများကြား ဒုက္ခများနေသည်။ ပေါလ်ဒစ်ကော့၊ ဖရန့်ဆင်ကလဲယားနှင့် ကိသ်ဂူလက်စပီတို့ သုံးဦး စပိန်၌ အချုပ်ထဲရောက်နေကြသည်။ နည်းပြမှာလည်း ကစားသမားများ၏ ပြဿနာကြောင့် ဝေဖန်မှုကိုခံနေရသည်။ တပည့်မကောင်းဆရာ့ခေါင်း စကားပုံ ရှိသည်။ ထို့ကြောင့် အတန်းမဆင်းရရန် ရုန်းကန်နေရသော လက်စတာ၏ ခြေစွမ်းကို ပုံမှန်တွက်ထား၍မရတော့။ နဂိုကလည်း အဝေးကွင်း၌ အားနည်းနေရာ ခြေစွာသည့် အိမ်ရှင်ဘာမင်ဂမ်ကို ကျော်ဖြတ်နိုင်ရေးမှာ လွယ်ကူလိမ့်မည်မထင်၊ ဘာမင်ဂမ်နိုင်ပွဲ ဆက်သွားဦးမည့်ပုံရှိသည်။

ဘလက်ဘန်း-အာဆင်နယ်

ပထမအကျော့ ဟိုက်ဘူရီမှာ ၁-၁၊ ယခုအခြေအနေက ပြောင်းနေပြီ။ အာဆင်နယ်ခြေစွမ်း အကောင်းဆုံးအချိန် ရောက်နေသည်။ စိတ်ဓာတ်လည်း ကောင်းနေသည်။ ချန်ပီယံလိဂ်ပွဲနွှဲထား၍ ပွဲပန်းနေနိုင်တာတစ်ခုပဲ ရှိနိုင်သည်။ ထို့အပြင် ဗိုလ်စွဲဖို့အလားအလာကလည်း အကောင်းဆုံးဖြစ်နေရာ စောစောစီးစီး ဖလားသေချာအောင် အာဆင်နယ်တို့ အားထုတ်ပေလိမ့်မည်။ ဘလက်ဘန်းမှာ အဆင့်(၁၅)မှာရှိသည်။ သို့သော် အတန်းမဆင်းရရေးအတွက် စိတ်ချရသည့် နေရာရောက်အောင် ကြိုးစားရဦးမည်ဖြစ်ရာ အိမ်ကွင်း၌ အာဆင်နယ်ကို ရင်ဆိုင်နိုင်ရန် ကြိုးစားလိမ့်မည်။ ပြီးခဲ့သည့်နှစ်ရာသီ အိမ်ကွင်း၌ အာဆင်နယ်နှင့် ဆုံခဲ့စဉ်က ဘလက်ဘန်းတစ်ပွဲနိုင် ၁-၀ (၂၀၀၂-၀၃)၊ တစ်ပွဲရှုံး ၂-၃ (၂၀၀၁-၀၂) အဖြေထွက်ထားရာ အာဆင်နယ်နှင့် ဘလက်ဘန်း သိပ်မကွာဟု ထင်စရာဖြစ်သည်။ သို့သော် ယခုရာသီ၌ ကွာနေသည်က ခြေစွမ်းချင်း။ ဘလက်ဘန်း၏ခြေစွမ်းမှာ အာဆင်နယ်ကို လိုက်မမီနိုင်။ ထို့ကြောင့် အာဆင်နယ်ကို စိတ်ဓာတ်ဖြင့်သာ ယှဉ်ရလိမ့်မည်။ အာဆင်နယ်ကလည်း ရှုံးပွဲမရှိဂုဏ်သိက္ခာကိုဆက်ထိန်းရေးနှင့် ပရီမီယာရှစ်ချန်ပီယံ မြန်မြန်ဖြစ်ရေး ရည်မှန်းချက်များ ရှိနေပြန်ရာ ဘလက်ဘန်းတို့ သည်ရာသီ၌ အခြေလှမည်မထင်မိတော့။ အာဆင်နယ် နိုင်ပွဲဆက်ဦးမည့်ပုံရှိသည်။

ဘော်လ်တန်-ချယ်လ်ဆီး

ချယ်လ်ဆီး လူပြန်စုံနေပြီ။ ဗီရွန်၊ ပီတစ်တို့မှလွဲ၍ ကျန်လူများ ပြန်ကစားနိုင်ကြပြီဖြစ်သည်။ ချယ်လ်ဆီးမှာ ချန်ပီယံဘွဲ့ကို လက်လျှော့ထားလိုက်ပြီ။ သူတို့လိုချင်သည့်နေရာမှာ ဒုတိယနေရာ၊ ဒုတိယရလျှင် ရေနီယာရီ အခြေအနေကောင်းနိုင်သည်။ ကစားသမားများကလည်း ရေနီယာရီအတွက် ကစားပေးကြတော့မည်ထင်သည်။ ဘော်လ်တန်မှာ လောလောဆယ် ခြေကျနေသည်။ အိုကိုချာလည်း ခြေပန်းနေသည်။ ထို့ကြောင့် တိုက်စစ်အားလည်း လျော့ကျလာသလိုရှိနေသည်။ ပထမအကျော့ သည်နှစ်သင်းဆုံစဉ်က ၂-၁ ဖြင့် ဘော်လ်တန်နိုင်ထားသည်။ ပြီးခဲ့သည့် နှစ်ရာသီဆက် ဘော်လ်တန်ကွင်း၌ သည်နှစ်သင်းဆုံကြစဉ်ကလည်း နှစ်ကြိမ်စလုံး ချယ်လ်ဆီးမနိုင်ခဲ့၊ သရေကျထားသည်။ ၁-၁(၂၀၀၂-၀၃)၊ ၂-၂ (၂၀၀၁-၀၂)။ သည်တော့ ထိုရလဒ်များအရ ဘော်လ်တန်က ချယ်လ်ဆီးထက် သာသလိုရှိနေသည်။ ထို့အပြင် ချယ်လ်ဆီးတို့ ချန်ပီယံလိဂ်ပွဲလည်း နွှဲထားရသေးရာ ပွဲပန်းနေနိုင်သည်ကိုပါ ထည့်တွက်ထားမှ ရလိမ့်မည်။ ချယ်လ်ဆီးတို့အနေဖြင့် ပွဲပန်းနေနိုင်သည်ကို လူအင်အားတောင့်တင်းမှုဖြင့် ပြန်လည်ထေထားနိုင်သည်ကလည်း ရှိနေပြန်ရာ တစ်သင်းနှင့်တစ်သင်း အနေအထားမှာ သိပ်မကွာလှ။ သို့ရာတွင် လက်ရှိ အချိန် လက်ရှိအနေအထားများဖြင့် တွက်လျှင်မူ ချယ်လ်ဆီးက အငြိမ်၊ ဘော်လ်တန်က အယိုင်ဖြစ်နေသည်။ ထို့ကြောင့် ယခုပွဲ၌ ချယ်လ်ဆီးနိုင်ဖို့ ရာခိုင်နှုန်း ပိုများလိမ့်မည်ဟု ထင်မိသည်။

အာဆင်နယ်အသင်းမှ ရောဘတ် ပီးရက်စ် ချာလ်တန်ဘက်သို့ ပထမဂိုးသွင်းပြီးနောက် အောင်ပွဲခံစဉ်။

ဟိန်းသန့်

ချာလ်တန်-မစ်ဒယ်ဘရော့

ချာလ်တန် ဥရောပပွဲဝင်ခွင့်အတွက် ကြိုးစားလိမ့်ဦးမည်။ ယခုတလော ချာလ်တန်၏ခြေစွမ်းမှာမူ သိပ်အကောင်းကြီးမဟုတ်။ ခံစစ်ပိုင်းအားပျော့နေသလို တိုက်စစ်ပိုင်းကလည်း ကျဆင်းနေသည်။ မစ်ဒယ်ဘရော့မှာမူ လိဂ်ဖလား ချန်ပီယံဘွဲ့ကြောင့် ယူအီးအက်ဖ်အေဝင်ခွင့် ရသွားပြီဖြစ်သည်။ ချန်ပီယံဆုနှင့် ဝေးလွန်းနေပြီး အတန်းပြန်မဆင်းရရေးကလည်း စိတ်ချရသလောက် ဖြစ်နေပြီဖြစ်ရာ မစ်ဒယ်ဘရော့၏ ရည်မှန်းချက် ပျောက်နေသလိုရှိသည်။ စိတ်ဓာတ်ပိုင်းလည်း ပေါ့သွားသလို ရှိနေနိုင်သည်။ ထို့ကြောင့် ယခုပွဲ၌ ချာလ်တန်နိုင်ရန် အခွင့်အလမ်းကောင်းသွားနိုင်သည်။

အဲဗာတန်-ပို့စ်မောက်

ပထမအကျော့အဖြေက ၂-၁၊ အဲဗာတန်နိုင်ထားသည်။ ပို့စ်မောက်ကွင်း၌ ကစားစဉ်ကဖြစ်သည်။ ယခုကစားရမည်က အဲဗာတန်ကွင်း၊ အဲဗာတန်ကလည်း အိမ်ကွင်းစွာသည့်အပြင် ရူနီ၊ ရက်ဇင်စကီးတို့လို တိုက်စစ်မှူးများလည်း ခြေတွေ့နေကြသည်။ ထို့ကြောင့် အဝေးကွင်း၌ ယခုအချိန်ထိ နိုင်ပွဲဝေးနေဆဲဖြစ်သောပို့စ်မောက် လွယ်မည်မထင်မိ၊ အဲဗာတန်ပင် နိုင်ပွဲရဖို့များနေ၏။

ဖူလ်ဟမ်-လိဒ်စ်

ဖူလ်ဟမ်အတွက်လည်း ဥရောပပွဲ ဝင်နွှဲခွင့်ရရေးအတွက် မျှော်လင့်ချက် ရှိနေသည်။ ထို့ကြောင့် အိမ်ရှင်အခွင့်အရေးကို လက်လွှတ်ခံလိမ့်မည်မထင်မိ။ သို့သော် ယခုတလော လိဒ်စ်ရုန်းထွက်အားက အကျိုးသက်ရောက်မှုရှိနေသည်။ ဝုလ်ဖ်ကို ဂိုးပြတ်အနိုင်ကစားသည် ၄-၁၊ မန်ယူနှင့် သရေကျသည် ၁-၁၊ လီဗာပူးကိုလည်း သရေရအောင်ခံကစားထားသည် ၂-၂။ ထို့ကြောင့် လိဒ်စ်တို့၏ ခြေစွမ်းတက်လာမှုမှာ မြင်သာသည်။ တိုက်စစ်၌ ဗီဒူကာနှင့် စမစ် နှစ်ဦးစလုံးကလည်း ခြေစွမ်းပြနေကြရာ လိဒ်စ်၏ ကစားအားကို လျှော့တွက်ထား၍ မဖြစ်တော့။ ပထမအကျော့ အိမ်ကွင်းတွင် လိဒ်စ်ကပင် ၃-၂ ဖြင့် အနိုင်ယူထားပြန်ရာ စိတ်ဓာတ်ပိုင်းမှာပါ လိဒ်စ်သာနေနိုင်သည်။ သို့ရာတွင် တစ်ဖက်ကကြည့်လျှင် ဖူလ်ဟမ်ကွင်း၌ ပြီးခဲ့သည့် နှစ်ရာသီက ဆုံထားကြသည့် ပွဲများတွင် လိဒ်စ်တို့ ဖူလ်ဟမ်ကို မနိုင်ခဲ့၊ ဂိုးလည်း မသွင်းနိုင်ခဲ့၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားသည်။ ထို့ကြောင့် သည်တစ်ကြိမ်၌လည်း လိဒ်စ်တို့ ဖူလ်ဟမ်ကို အနိုင်ရရေးအတွက် ခက်ခက်ခဲခဲရုန်းကန်ရဖွယ် ရှိနေသည်။ သို့သော် လိဒ်စ်တို့နိုင်နိုင်သည်။

မန်စီးတီး-မန်ယူ

တစ်မြို့တည်းသားချင်း၏ ပွဲဖြစ်နေ၍ အကြိတ်အနယ် ရှိလိမ့်မည်။ လောလောဆယ် ခြေစွမ်းများအရဆိုလျှင်မူ နှစ်သင်းစလုံးခြေစွမ်းများက အားရစရာမရှိလှ။ မန်စီးတီးဆို ပို၍ဆိုးနေသလိုရှိသည်။ ပြီးခဲ့သည့် နိုဝင်ဘာလဆန်းမှစပြီး ယခုအချိန်ထိ ပရီမီယာရှစ်၌ နိုင်ပွဲတစ်ပွဲသာ ရဖူးတော့သည်။ အိမ်ကွင်း၌လည်း နိုင်ပွဲဝေးနေသည်မှာ ပြီးခဲ့သည့်နှစ် အောက်တိုဘာလကတည်းက ဖြစ်နေရာ မန်စီးတီး၏ အနေအထားကို တွက်ဆကြည့်နိုင်သည်။ မန်ယူတို့အနေဖြင့် သည်ရာသီ၌ မန်စီးတီးနှင့် နှစ်ကြိမ်ဆုံထားဖူးပြီးဖြစ်သည်။ နှစ်ကြိမ်စလုံး အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ ကစားခဲ့ခြင်းဖြစ်ပြီး နှစ်ကြိမ်စလုံးကို အနိုင်ရထားသည်။ ၃-၁(ပရီမီယာရှစ်)၊ ၄-၂(အက်ဖ်အေ)။ ထို့ကြောင့် မန်ယူတို့က သာသလိုရှိနေသော်လည်း ယခုကစားရမည်က မန်စီးတီးကွင်း ဖြစ်နေသည့်အပြင် ယခုတလောကစားပုံကလည်း ပြန်ကောင်းလာနေရာ မန်ယူသတိတော့ထားရလိမ့်မည်ဖြစ်သည်။ မန်စီးတီးကွင်း၌ ခြောက်ကြိမ် ဆုံတွေ့ခဲ့ကြရာတွင်လည်း အသာစီးရထားသည်က မန်ယူပင် ဖြစ်နေပြန်သည်။ လေးပွဲနိုင်၊ တစ်ပွဲသရေကျပြီး၊ တစ်ပွဲရှုံးထားသည်။ သို့သော် ရှုံးထားသည်က ပြီးခဲ့သည့် ရာသီက ဖြစ်ရာ မန်ယူအတွက် သတိပေးနေသလိုဖြစ်သည်။ မန်ယူတို့အနေဖြင့် ခံစစ်၌ ဂယ်ရီနဗီး ပြန်ကစားနိုင်ခြင်း၊ အာဆင်နယ်နှင့် ထပ်မဝေးအောင် အမှတ်ရရန် အရေးကြီးနေခြင်းများက သည်ပွဲအတွက် တွန်းအားများ ဖြစ်နေနိုင်သည်။ မန်ယူ မရှုံးနိုင်ဟုထင်သည်။ သရေလား၊ အနိုင်လား စဉ်းစားရုံပင်။

ဆောက်သမ်တန်-လီဗာပူး

နည်းပြသစ်လက်ထဲ၌ စိန့်တို့ အသားကျရန် မလွယ်သေး။ သို့သော် အိမ်ရှင်ဖြစ်နေခြင်း၊ ပထမအကျော့၌ လီဗာပူးကွင်း၌ ၂-၁ ဖြင့် နိုင်ထားခြင်းများက စိန့်တို့၏ စိတ်ပိုင်းဆိုင်ရာကို ပိုအားကောင်းစေနိုင်သည်။ လီဗာပူးမှာလည်း ယူအီးအက်ဖ်အေပွဲ နွှဲထားရ၍ ပွဲပန်းနေနိုင်သည်ကလည်း ရှိနေပြန်သေးရာ စိန့်တို့သာ ရဲရဲတင်းတင်း ကစားခဲ့ပါက လီဗာပူး အခက်တွေ့သွားနိုင်သည့် အနေအထားမှာ ရှိနေသည်။ သရေပွဲဖြစ်သွားလိမ့်မည်ထင်သည်။

တော့တင်ဟမ်-နယူးကာဆယ်

တော့တင်ဟမ် တိုက်စစ်တက်နေသည်။ သို့သော် ခံစစ်ကပျက်နေသည်။ တစ်ဖက်အသင်းက ဖိအားပေးမှုများလာပါက မည်သို့ကစားရမှန်းမသိတော့။ ခံစစ်ကို ဦးဆောင်ပေးနိုင်မည့်သူလည်းမရှိရာ တော့တင်ဟမ်၏ အနေအထားကို ခန့်မှန်းရခက်နေသည်။ နယူးကာဆယ်ကလည်း အဝေးကွင်း ခြေစွမ်းမှာ သာမန်ထက်မပို၊ ထို့အပြင် ယူအီးအက်ဖ်အေပွဲ နွှဲထားရသည်ကလည်း ရှိနေသေးရာ တော့တင်ဟမ်ကွင်း၌ ကစားသည့်အခါ သာမန် ခြေစွမ်းရဖို့ပင် မနည်းကြိုးစားရမည့်ပုံ ရှိနေသည်။ ပထမအကျော့၌ နယူးကာဆယ်တို့ ၄-၀ ဖြင့် အပြတ်အသတ်နိုင်ထားသော်လည်း ယခုပွဲ၌ ထိုအနိုင်မျိုးပြန်ရရန် (လုံး၀) မလွယ်တော့။ တော့တင်ဟမ် ခံစစ်ငြိမ်ပါက နယူးကာဆယ်ကို နိုင်သွားနိုင်သည့် အခြေအနေမျိုး၌ပင် ရှိနေသည်။

ဝုလ်ဖ်-အက်စတန်ဗီလာ

ဝုလ်ဖ်ကွင်း၌ အာဆင်နယ်၊ ချယ်လ်ဆီးတို့လောက်သာ ခေါင်းမော့နိုင်ခဲ့ကြသည်။ မန်ယူ၊ လီဗာပူးတို့ဆိုလျှင် ဝုလ်ဖ်ကွင်း၌ အနိုင်မရခဲ့ကြ။ ထို့ကြောင့် ဗီလာအတွက် ဝုလ်ဖ်မှာ ပြိုင်ဘက်ကောင်း ဖြစ်နိုင်သည်။ ဗီလာ၏ ခြေစွမ်း ပြန်မှန်လာခြင်း၊ ယခုတလော ဝုလ်ဖ်တို့ ခြေပျက်နေခြင်းများရှိနေသော်လည်း ဝုလ်ဖ်ကွင်း၌ ဗီလာတို့ ခက်ခက်ခဲခဲကစားရမည်မှာ သေချာနေသည်။ ဗီလာ မနိုင်လောက်ဟု ထင်မိသည်။ ။

(မြန်မာ့အလင်း)

ပရီမီယာရှစ်ပွဲစဉ်(၂၇) အာဆင်နယ်နှင့် ချာလ်တန်တို့ပွဲတွင် အာဆင်နယ်အသင်းမှ သီယာရီအွန်နရီ၏ ထိုးဖောက်ကစားဟန်။

နွေရာသီဂူရှူးအားကစားသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၀

အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဂူရှူးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် နွေရာသီဂူရှူးအားကစားသင်တန်းကို မတ် ၁၅ ရက်မှ ဧပြီ ၉ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ နွေရာသီ ဂူရှူးအားကစားသင်တန်းကို ပဒုမ္မာ ဂူရှူးအားကစားလေ့ကျင့်ရေးစခန်း၊ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၊ အထက(၄)တာမွေ၊ တီတီစီ (ကမာရွတ်)၊ အလက(၁)ဒဂုံ၊ အမက (၁၈)တာမွေနှင့် အလက(၄)မရမ်းကုန်းတို့၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ အသက် အရွယ်မရွေး တက်ရောက်နိုင်ပြီး သင်တန်းပြီးဆုံးပါက သင်တန်းဆင်း လက်မှတ်ပေးအပ်မည်ဖြစ်သည်။ ပြည်တွင်းမှ အဖွဲ့ချုပ်နည်းပြဆရာများက အခြေခံဂူရှူးပညာရပ်များကိုသင်ကြား ပို့ချမည်ဖြစ်ပြီး ယခုသင်တန်းပြီးဆုံးပါက အဆင့်မြင့်သင်တန်းကို တစ်လ ထပ်မံသင်ကြားပေးမည် ဖြစ်သည်။ အဆင့်မြင့်သင်တန်းကို သင်္ကြန်အပြီးတွင် မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် ပဒုမ္မာ ဂူရှူးအားကစားလေ့ကျင့်ရေးစခန်း၌ တနင်္လာနေ့မှ ကြာသပတေးနေ့အထိ နံနက် ၇နာရီမှ ၈ နာရီခွဲအထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ယမန်နှစ် နွေရာသီ ကျောင်းပိတ်ရက်တွင် နွေရာသီ ဂူရှူးအားကစား သင်တန်းကို ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသား၊ သင်တန်းသူ ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ ယမန်နှစ်က နွေရာသီ အားကစားသင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ရာတွင် ဘောလုံးအားကစားနည်းပြီးလျှင် ဂူရှူးအားကစားနည်းသည် သင်တန်းသားအများဆုံး တက်ရောက်ခဲ့ကြောင်း သိရသည်။ နွေရာသီ ဂူရှူးအားကစားသင်တန်း တက်ရောက်လိုသောသူများသည် အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဂူရှူးအားကစားအဖွဲ့ချုပ် (ပဒုမ္မာ) ရုံးခန်း၌ ဝင်ခွင့်လျှောက်လွှာ တစ်စောင်လျှင် ကျပ် ၂၀၀ ဖြင့် ဝယ်ယူစာရင်းပေးသွင်းနိုင်ကြသည်။**(မြန်မာ့အလင်း)**

ပဏာမမြန်မာ့လက်ရွေးစင် အဖြူရောင်နှင့်အနီရောင် ခြေစမ်းမည်

ရန်ကုန် မတ် ၁၀

မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးဘောလုံးပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်ကစားရန်အတွက် ရွေးချယ်လေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင် အဖြူရောင်အသင်းနှင့် အနီရောင်အသင်းတို့၏ ခြေစမ်းပွဲကို မတ် ၁၁ ရက် (ယနေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပမည်ဖြစ်သည်။

ကွင်းဝင်ကြေးအဖြစ် အထူးတန်း ကျပ် ၅၀၀နှင့် ရိုးရိုးတန်း ကျပ် ၂၀၀ သတ်မှတ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုကျေးဇူးတင်လွှာ

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၈-၃-၂၀၀၄ ရက်နေ့တွင် စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၌ ကျင်းပပြုလုပ်သည့် ပထမအကြိမ်အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အလှူငွေပေါင်း ကျပ်၃၇၂၆၅၀၀၀နှင့် ကျပ်၂၅၅၁၇၀၅၀ တန်ဖိုးရှိပစ္စည်းများ၊ စုစုပေါင်းငွေသားနှင့် ပစ္စည်းတန်ဖိုး ကျပ်၆၂၇၈၂၀၅၀ ကို လှူဒါန်းခဲ့ကြသည့်အတွက် အောက်ဖော်ပြပါအလှူရှင်များအား အထူးကျေးဇူးတင်စွာဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

- မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကငွေကျပ် (၃၅၃၀၀၀ိ/-) တန်ဖိုးရှိအပ်ချုပ်စက် ၁၀လုံး ၃၅၃၀၀၀
- အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၁၀၀၀၀၀၀
- မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန) ၁၀၀၀၀၀၀
- ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ၁၀၀၀၀၀၀
- အမှတ်(၂)စက်မှုဝန်ကြီးဌာန ၅၀၀၀၀၀
- စည်ပင်သာယာရေးဘဏ်လီမိတက် (နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန) ၅၀၀၀၀၀
- မြကျောက်ဆရာတော်၊ ရန်ကင်းတောင်၊ မန္တလေးမြို့က ကျပ်သိန်း (၉၀) တန်ဖိုးရှိ မြကျောက်သဘာဝသောက်ရေသန့် ပုလင်း၅၀၀၀၀ ၉၀၀၀၀၀၀
- ကမ္ဘောဇဘဏ်လီမိတက် ၃၀၀၀၀၀၀
- မြန်မာယူနီဗာဆယ်ဘဏ် ၅၀၀၀၀၀
- မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် ၁၀၀၀၀၀
- အာရှဓနဘဏ် ၁၀၀၀၀၀
- ဦးကျော်မြင့် (ဟိုးအင်ဝမ်း) ကုမ္ပဏီလီမိတက် ၃၈၉၅၀၀၀
- ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်က (၅၄၀၀၀၀ိ/-)တန်ဖိုးရှိငါးပိသာ ၁၃၅၀ ၅၄၀၀၀၀
- အာရှကြီးပွားတိုးတက်ရေးနှင့်သွင်းကုန် ထုတ်ကုန်ကုမ္ပဏီ ၁၂၀၀၀၀၀
- United Myeik Co.,Ltd. ၅၀၀၀၀၀
- TT International Co.,Ltd. ၅၀၀၀၀၀
- Ruby Consulting & Trading Co.,Ltd. ၅၀၀၀၀၀
- မင်းသိတာကုမ္ပဏီလီမိတက် ၃၀၀၀၀၀
- 7 Marine Co.,Ltd. ၃၀၀၀၀၀
- Looking Forward Co.,Ltd. ၃၀၀၀၀၀
- သိင်္ဂီရွှေရည်ခတ်ပုံတိုက် ရွှေတိဂုံဘုရားလမ်းနှင့် ယောမင်းကြီးလမ်းထောင့်၊ ဒဂုံမြို့နယ် ၃၀၀၀၀၀
- ဘိတ်ဘိမွေးမြူရေးကုမ္ပဏီနှင့်တိုက်ဂါးဟတ်အင်ဒတ်စတီကုမ္ပဏီ ဦးသိုင်းဝင်း၊ ဦးမောင်မောင်၊ ဦးဝင်းနိုင်တို့က ကျပ်သိန်း ၂၀တန်ဖိုးရှိ ပလတ်စတစ်ခတ်မီး ၈၂၀၀လက်နှင့်ငါးမျိုးစုံ ၂၀၀၀၀၀၀
- မြဝတီထရေးဒင်းလီမိတက်က အလှူငွေ ၁၀၀၀၀၀၀
- ဦးခင်စိုး(အဏ္ဏဝါလွှမ်းကုမ္ပဏီ)က ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ငါးပိသာ (၁၅၀၀) ၁၀၀၀၀၀၀
- ဦးသိန်းထွန်း (မြန်မာဂိုးဒင်းစတားကုမ္ပဏီလီမိတက်)က ၉၂၄၀၀၀ တန်ဖိုးရှိ အချိုရည်မျိုးစုံနှင့် ငွေကျပ် နှစ်သိန်း ၁၁၂၄၀၀၀
- မြန်မာ မာမီး Double Decker က (၃၃၆၀၀၀၀)တန်ဖိုးရှိ ခေါက်ဆွဲခြောက်များ ၃၃၆၀၀၀၀
- ဦးကျော်ကျော်-ဒေါ်မေလွင်ထွန်း (K.Y Kyaw Kyaw Trading Co.,Ltd.) ၁၅၀၀၀၀၀
- စိန်တံဆိပ်မိသားစုက ၁၃၀၀၀၀၀ တန်ဖိုးရှိ ဆင်တုံးမနွယ်အစာကြေဆေးဘူး၆၀၀၀နှင့် ဝေါရှိ ၁၀၀၀ ၁၃၀၀၀၀၀
- ဦးမောင်မောင်နှင့်ညီများ(ဂရိတ်ဝေါဒဏ်ကြေလိမ်းဆေး)က ၁၀၃၅၀၀၀တန်ဖိုးရှိ ဂရိတ်ဝေါဒဏ်ကြေလိမ်းဆေးမျိုးစုံ ဘူး၈၂၈၀ ၁၀၃၅၀၀၀
- သမားတော်ကြီး ဦးလှဌေး-ဆရာမ ဒေါ်တင်နွယ်ဦး သား မောင်ကျော်ကျော်ဌေး (မှန်ချိုဆေးတိုက်)က ၈၂၂၀၀၀ တန်ဖိုးရှိ မှန်ချိုဆေးမျိုးစုံနှင့် ငွေကျပ်နှစ်သိန်း ၁၀၂၂၀၀၀
- ခနအောင်ကုမ္ပဏီလီမိတက် ၁၀၀၀၀၀၀
- ဦးတီတိုး ဥက္ကဋ္ဌ မြန်မာမန်းရေထွက်ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်က ၈၈၅၀၀၀ တန်ဖိုးရှိ ငါးပိသာ (၅၀၀)နှင့် ငါးခြောက် ပိဿာ ၃၀၀ ၈၈၅၀၀၀
- ဦးအောင်မွန်-ဒေါ်လှလှမွန်(မြင့်မြတ်ဆန်စပါးရောင်းဝယ်ရေး)က ၈၄၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၁၀၀ ၈၄၀၀၀၀
- ဒေါ်စန်းစန်းရီ စူပါဝမ်းကုမ္ပဏီလီမိတက်က ငွေကျပ် ၆၈၀၀၀၀ တန်ဖိုးရှိ ကော်ဖီမစ်ထုပ်သေး ၁၇၀၀၀ ၆၈၀၀၀၀
- အဏ္ဏဝါရေလုပ်ငန်းက ငွေကျပ်ခြောက်သိန်းတန်ဖိုးရှိ ငါးပိသာ (၁၅၀၀) ၆၀၀၀၀၀
- မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (ရန်ကုန်တိုင်း) ၅၀၀၀၀၀
- မန္တလေးမြို့ ကျွဲဆည်ကန်ရပ်နေ ဦးလှမြင့် [မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်)ဥက္ကဋ္ဌ၊ မြင့်မိသားစုကုမ္ပဏီလီမိတက် ဒေါ်ရီရီညွှန့် ဒုတိယဥက္ကဋ္ဌ၊ ကိုချိုမြင့်၊ ကိုကျော်ကျော်မြင့်(အုပ်ချုပ်မှုဒါရိုက်တာ၊ မြင့်မိသားစုကုမ္ပဏီလီမိတက်] ၅၀၀၀၀၀
- ဦးကျော်ဝင်း(ကျောက်စိမ်းတောင်ကျောက်မျက်ကုမ္ပဏီလီမိတက်) ၅၀၀၀၀၀
- ဦးအုန်းသော်(ဥက္ကဋ္ဌ၊ပင်လယ်ကမ်းဝေးရေလုပ်ငန်းရှင်များအသင်း)အလုံ ၅၀၀၀၀၀
- ဦးသူရသွင်(ဖိုးလပြည့်ကုမ္ပဏီ)က ၄၅၈၁၀၀ တန်ဖိုးရှိ အချိုရည်မျိုးစုံ ၄၅၈၁၀၀
- ဦးနေလင်းအောင်၊ နီလာရိုးမကုမ္ပဏီ ၅၀၀၀၀၀
- ဦးအောင်ကိုဝင်း၊ နီလာရိုးမကုမ္ပဏီ ၄၀၀၀၀၀
- ဦးတေဇ၊ ထူးထရေဒင်းကုမ္ပဏီ ၅၀၀၀၀၀
- ဦးကျော်ဝင်း၊ရွှေသံလွင်ထရေးဒင်းကုမ္ပဏီ ၄၀၀၀၀၀
- ဦးလှိုင်စိုး၊ ရတနာကျော်ကုမ္ပဏီလီမိတက် ၄၀၀၀၀၀
- ဦးတင်ထွဋ်၊ Asia Link Co., Ltd. ၄၀၀၀၀၀
- ဦးသန်းမြင့်၊ အေးရှားဝေါကုမ္ပဏီလီမိတက် ၆၀၀၀၀၀
- ဦးအင်းယား၊ First Top Co., Ltd. ၂၀၀၀၀၀
- ဒေါက်တာကိုကိုကြီး၊ Diamond Star Co., Ltd. ၂၀၀၀၀၀
- ဦးအောင်သန်း၊ South Dagon Co., Ltd. ၂၀၀၀၀၀
- ဦးမင်းဟန်၊ Golden Hawks Co., Ltd. ၂၀၀၀၀၀
- ဦးသိန်းဟန်၊ Golden Horse Co., Ltd. ၂၀၀၀၀၀
- ဦးကြည်မျိုး၊ Toe Tet Linn Co., Ltd. ၂၀၀၀၀၀
- ဦးစိုင်းဘဉာဏ်၊ M. O. S Co., Ltd. ၂၀၀၀၀၀
- ဦးတင်မြင့်၊ B. R. B Co., Ltd. ၂၀၀၀၀၀
- ဦးအောင်ဝင်း၊ 7 Golden Lions Co., Ltd. ၂၀၀၀၀၀
- ဦးစိန်သန်း၊ Shwe Thagin Co., Ltd. ၂၀၀၀၀၀
- ဦးစိုးမြင့်၊ City Mate Co., Ltd. ၂၀၀၀၀၀
- ဒေါ်ရန်းကျင်ခင်၊ Win Sein Co., Ltd. ၁၀၀၀၀၀
- ဦးအောင်မြင့်၊ Asia Japan Co., Ltd. ၁၀၀၀၀၀
- ဦးဘိုမောင်ကြည်၊ အင်းပေါက်ဝကုမ္ပဏီ ၁၀၀၀၀၀
- Daw Hnin Chwe (Asia Hling Kyaw Co.,Ltd.) ၁၀၀၀၀၀
- ဦးအောင်ကျော်မင်း၊ Great Fame Co., Ltd. ၁၀၀၀၀၀
- ဦးအောင်ကျော်မိုး၊ Pyei Phyo Aung Co., Ltd. ၁၀၀၀၀၀
- ဒေါ်ရီရီ၊ All State Co., Ltd. ၁၀၀၀၀၀
- ဒေါ်ဥမ္မာမော်၊ ရတနာမြင့်မိုရ်ဦးကုမ္ပဏီလီမိတက် ၁၀၀၀၀၀
- ဦးစိန်မောင်၊ မြန်မာ့စောင်းကုမ္ပဏီလီမိတက် ၁၀၀၀၀၀
- ဦးထူးမြင့်၊ Progress Co., Ltd. ၁၀၀၀၀၀
- ဒေါ်မြရီ၊ ပိုတန်စာကုမ္ပဏီလီမိတက် ၁၀၀၀၀၀
- ဦးဝင်းကျော်စိန်၊ သုခဇုန်ကုမ္ပဏီလီမိတက် ၁၀၀၀၀၀
- နှင်းဝန်ကုမ္ပဏီလီမိတက် ၁၀၀၀၀၀
- ဦးခွန်မြင့်အောင်၊ စိန်ရွှေပွင့်ကုမ္ပဏီ ၁၀၀၀၀၀
- ဦးအောင်ကြည်၊ နီလာရိုးမကုမ္ပဏီ ၁၀၀၀၀၀
- ဦးဇော်ဝင်းနိုင်၊ နီလာရိုးမကုမ္ပဏီ ၁၀၀၀၀၀
- ဦးမျိုးဝင်းနိုင်၊ နီလာရိုးမကုမ္ပဏီ ၁၀၀၀၀၀
- ဦးညွှန့်ဝင်း၊ နီလာရိုးမကုမ္ပဏီ ၁၀၀၀၀၀
- ဦးစိုင်းရန်ပိုင်ဝင်း၊ နီလာရိုးမကုမ္ပဏီ ၁၀၀၀၀၀
- ဦးဌေးအောင်၊ အာရှပရိစီးယာ့ကုမ္ပဏီ ၁၀၀၀၀၀
- ဦးဘိုနီ၊ အရှေ့ရှမ်းရိုးမကုမ္ပဏီ ၁၀၀၀၀၀
- ဦးအောင်ဖြိုးမင်း၊ ဂရင်းဖလားဝါးကုမ္ပဏီ ၁၀၀၀၀၀
- ဦးဇော်မင်း၊ မြန်မာအဖွိုင်ရာကုမ္ပဏီ ၁၀၀၀၀၀
- ဦးတင်မောင်၊ ရှယ်ဖင်မလီကုမ္ပဏီ ၁၀၀၀၀၀
- ဒေါ်သီရိမြင့်ဦး၊ မြန်မာရာဇာကုမ္ပဏီ ၁၀၀၀၀၀
- ဦးမြင့်အောင်၊ ဇမ္ဗူမဏ္ဍိုင်ကုမ္ပဏီ ၁၀၀၀၀၀
- ဦးစိုးထွန်း၊ စိုးသီဟကုမ္ပဏီ ၁၀၀၀၀၀
- ဦးတင်အောင်၊ ဒိုင်းမွန်းဒရက်ဂွန်ကုမ္ပဏီ ၁၀၀၀၀၀
- ဦးစစ်ကျန်၊ ဂိုးဒင်းပွိုင့်ကုမ္ပဏီ ၁၀၀၀၀၀
- ဒေါ်စိန်စိန်ရီ၊ အေးမြချမ်းသာကုမ္ပဏီ ၁၀၀၀၀၀
- ဒေါ်ခင်မြဝေ၊ ထွန်းအောင်ကျော်ကုမ္ပဏီ ၁၀၀၀၀၀
- ဦးခိုင်စိုးသာ၊ ဂျီအီးအို ၇၀ ကုမ္ပဏီ ၁၀၀၀၀၀
- ဦးမောင်မောင်အောင်၊ စကိုင်းဂျက်ကုမ္ပဏီ ၁၀၀၀၀၀
- ဦးရဲမင်းဆွေ၊ ဟောလ်မတ်ကုမ္ပဏီ ၁၀၀၀၀၀
- ဦးကျော်ဝင်း၊ ဖင်မလီကုမ္ပဏီ ၁၀၀၀၀၀
- ဦးမောင်မောင်ဦး၊ မောင်မောင်ဦးကုမ္ပဏီ ၁၀၀၀၀၀
- ဒေါ်စန်းဝင်းမေ၊ ညွှန့်သိင်္ဂါအောင်ကုမ္ပဏီ ၁၀၀၀၀၀
- ဦးမောင်မောင်၊ အီတာနတီကုမ္ပဏီ ၁၀၀၀၀၀
- ဗိုလ်မှူးဌေးဝင်း၊ ယဉ်လှိုင်ဝင်းကုမ္ပဏီ ၁၀၀၀၀၀
- ဗိုလ်မှူးကြီးလှမြင့်ကျော်၊ မြပုဏ္ဏမီကုမ္ပဏီ ၁၀၀၀၀၀
- ဒေါ်ကေသီမင်း၊ မင်းတာရာကုမ္ပဏီ ၁၀၀၀၀၀
- ဦးသန်းထွန်း(ပီအမ်စီကုမ္ပဏီ) ၁၀၀၀၀၀
- ဒေါ်ယုယုခိုင်၊ ယုယုခိုင်ကုမ္ပဏီ ၁၀၀၀၀၀
- ဦးမြသန်း၊ ရွှေတောင်ကုမ္ပဏီ ၁၀၀၀၀၀
- ဦးစိုးမြင့်၊ မြင်းနှစ်ကောင်ကုမ္ပဏီ ၁၀၀၀၀၀
- ဦးမျိုးမင်းတင်ထွန်း၊ ကြယ်ငါးပွင့်ကုမ္ပဏီ ၁၀၀၀၀၀
- ဦးအေးလှိုင်၊ ရွှေဥဒေါင်းကုမ္ပဏီ ၁၀၀၀၀၀
- ဦးသူရ၊ ရွှေနှင့်ငွေကုမ္ပဏီ ၁၀၀၀၀၀
- ဦးလင်းအောင်(မေဂျာခင်မောင်ရင်ကုမ္ပဏီ) ၁၀၀၀၀၀
- ဦးဝင်းမြဟန်၊ထိုးတက်ဝင်းကုမ္ပဏီ ၁၀၀၀၀၀
- စုစန္ဒာကျော်၊ ပြည့်စုံညွှန့်ကုမ္ပဏီ ၁၀၀၀၀၀
- ဦးစိုးစိုးလွင်၊ ဦးကျော်လွင်မျိုး၊ ဧရာဝတီအုပ်စု ၁၀၀၀၀၀
- ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ၊ ထွန်းရွှေဝါဆေးတိုက်က (၃၆၀၀၀၀)တန်းဖိုးရှိ ထွန်းရွှေဝါလိမ်းဆေးဘူး(၂၄၀၀) ၃၆၀၀၀၀
- ဟာဂျီ ဦးမောင်မောင်ကြည်-မချို(ဂေါ်ပြား) စာအုပ်ချုပ်လုပ်ငန်း ၂၀၀၀၀၀
- ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် ဆန်းမြန်မာကုမ္ပဏီ ၃၀၀၀၀၀
- မြန်မာဝိုင်နဒီကုမ္ပဏီ ၃၀၀၀၀၀
- သီရိသုဓမ္မဏိဇောတဓရ ဦးသန်းနိုင်၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ၊ သမ္မတသက်န်းတိုက် ၂၀၀၀၀၀
- ဟာဂျီဦးစိုးမြင့် (အုပ်ချုပ်မှုဒါရိုက်တာ၊ စတိန်းလက်စတီး) ၁၀၀၀၀၀
- ဦးလှဝင်း၊ မုတ်ဆိတ်ဒဏ်ကြေလိမ်းဆေးလုပ်ငန်းက (၁၀၈၀၀၀ိ/-)တန်ဖိုးရှိ ဒဏ်ကြေလိမ်းဆေးပုလင်း ၈၆၄လုံး ၁၀၈၀၀၀
- ထက်လင်းဆေးတိုက်က ငွေကျပ် တစ်သိန်းနှင့် (၄၆၅၀၀)တန်ဖိုးရှိဆေးမျိုးစုံ ၁၄၆၅၀၀
- ဦးငြိမ်း-ဒေါ်အုန်းကြင် (အိုကေဆန်နှင့်ပဲဆီသန့်) ရောင်းဝယ်ရေး၊ ဘုရင့်နောင် ၁၀၀၀၀၀
- အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ဆယ် (ငွေဆယ်ကုမ္ပဏီ) ၃၀၀၀၀၀
- မြဝတီဘဏ်လီမိတက် ၁၀၀၀၀၀
- မြန်မာဆေးဂဲလ်အင်တာနေရှင်နယ်လီမိတက် ၁၀၀၀၀၀
- မြန်မာဒေဝူးအင်တာနေရှင်နယ်လီမိတက် ၁၀၀၀၀၀
- Rothmans of Pall Mall Myamar Pte.,Ltd. ၃၀၀၀၀၀
- မြန်မာဘရူဝါရီကုမ္ပဏီလီမိတက် ၃၀၀၀၀၀
- ဟာဂျီဦးမောင်မောင်ကြီး (မောင်မောင်ကြီးဆောက်လုပ်ရေး) ၂၀၀၀၀၀
- မြန်မာပေါစကိုစတီးကုမ္ပဏီလီမိတက် ၃၀၀၀၀၀
- MG Ruby Co.,Ltd. ၂၀၀၀၀၀
- The First Automotive Co., Ltd. ၁၀၀၀၀၀
- ဟာဂျီဦးညီညီထွန်း (ချာချီးယားအကျီုဆောင်လုပ်ငန်း) ၁၀၀၀၀၀
- ဒါရိုက်တာဇွန်မောင်မောင် (တနင်္သာရီတိုင်းကုန်စည်ပစ္စည်း ဈေးရောင်းပွဲတော်လုပ်ငန်း) ဆရာကြီးဦးအေးမောင်-ဒေါ်ယဉ်ယဉ်မြင့် အောင်တမန်ဆေးတိုက်မိသားစုက (၂၆၅၄၅၀)တန်ဖိုးရှိ အောင်တမန်တိုင်းရင်းဆေးမျိုးစုံနှင့်ဘာသာရေးစာအုပ်များ ၂၆၅၄၅၀
- ကိုမျိုးဝင်း (ပိုလိုဆေးတိုက်) ၁၀၀၀၀၀
- မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (လွင် ကြက်ဥ၊ဘဲဥနှင့် အစာရောင်းဝယ်ရေး)က (၁၅၀၀၀၀) တန်ဖိုးရှိ ကြက်ဥ ၆၀၀၀လုံး ၁၅၀၀၀၀
- ဟာဂျီဦးခင်မောင်သန်း(လစန္ဒာပုံနှိပ်မင်နှင့်စက္ကူရောင်းဝယ်ရေးလုပ်ငန်း) ၁၀၀၀၀၀
- ဦးလှစိန်-ဒေါ်အမာလေး၊ သီရိချောင်းသာပင်လယ်ကမ်းခြေအပန်းဖြေဟိုတယ် ၁၀၀၀၀၀
- ဦးမောင်မောင်စိုး-ဒေါ်လှတင်မိသားစု ၁၀၀၀၀၀
- ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အလယ်ဘလောက် လမ်းသာယာရေး ကော်မတီအမှုဆောင်များ ၁၀၀၀၀၀
- ဟာဂျီဦးမြင့်စိုး(ရွှိုင်ရယ်ကြွေပြားရောင်းဝယ်ရေး) ၁၀၀၀၀၀
- ဦးတင်ဝင်း-ဒေါ်ခင်ကြည်(ဆန်းကိုကိုဘီစကစ်မိသားစု)က ငွေကျပ်(၁)သိန်းတန်ဖိုးရှိ ဘီစကစ်အထုပ်(၁၀၀၀)နှင့်ငွေကျပ်(၅)သောင်း ၁၅၀၀၀၀
- ကိုသက်(သီရိမင်္ဂလာဈေး ကုန်စိမ်းဒိုင်)က (၉၂၀၀၀)တန်ဖိုးရှိ ကုန်စိမ်းမျိုးစုံ ၉၂၀၀၀
- ဟာဂျီဦးချိုဦး(အမ်စီအိုင်၊ ကြွေပြား၊ သဘော်ဆေးရောင်းဝယ်ရေး) ၁၀၀၀၀၀
- ဇက်ဘီတီကုမ္ပဏီလီမိတက်၊ ဘုရင့်နောင်လမ်းမ၊ ထွန်စက်အရောင်းပြခန်း ၁၀၀၀၀၀
- ဟာဂျီဦးခင်ရွှေ(စီးတီးဝေါထရယ်ပယ်လိုင်းရင်းကုမ္ပဏီ) ၁၀၀၀၀၀
- ဦးမူဆာ(အေမဒါး)နတ်မောက်ဆောက်လုပ်ရေး ၅၀၀၀၀
- ဗိုလ်ချုပ်မြင့်လွင်(ငြိမ်း) ၅၀၀၀၀
- ဟာဂျီဦးတင်မောင်(အိမ်ဆောက်ပစ္စည်းနှင့်သံဇကာထုတ်လုပ်ရေး ၁၀၀၀၀၀
- ဦးမြင့်အောင်-ဒေါက်တာဒေါ်တင်တင်အုန်း (ပြည်သူ့ဆေးရုံကြီး၊ မန္တလေးမြို့)က (၁၅၀၀၀၀)တန်ဖိုးရှိကြေးပွတ်ဆေးဘူးကြီး(၅၀) ၁၅၀၀၀၀
- ဟာဂျီဦးလှအောင်၊ မဟာဘောဂဝတီအင်တာနေရှင်နယ် ၁၀၀၀၀၀
- ဦးဝင်းဌေးမိသားစု၊ ရေထွက်ပစ္စည်းစားကုန်လုပ်ငန်း ၁၀၀၀၀၀
- ဦးသန်းမောင်-ဒေါ်ငွေကြည်(ချမ်းမြေ့စတိုး)၊ မေဓာဝီလမ်း မြောက်ဥက္ကလာပက (၈၈၀၀၀)တန်ဖိုးရှိဆန်(၁၁)အိတ် ၈၈၀၀၀
- ဟာဂျီဦးမောင်မောင်၊ အောင်နိုင်သူသံထည်ပစ္စည်းရောင်းဝယ်ရေး ၁၀၀၀၀၀
- ဦးတန်စိန်-ဒေါ်ကြင်ဌေးမိသားစု လှိုင်မြို့နယ် ၃၀၀၀၀
- မဟန်သီဦး မွေးနေ့အတွက်အလှူငွေ ၂၀၀၀၀
- ဟာဂျီဦးမင်းဟန်၊ ဟန်ညီအစ်ကိုများဆန်စက်ပစ္စည်းရောင်းဝယ်ရေး ၅၀၀၀၀
- ဟာဂျီဦးမြင့်မောင်နှင့်မိသားစု(ဖူဂျီပန်းချီဆေးလုပ်ငန်း) ၁၀၀၀၀၀
- ဦးမြသိန်း(သား)ဦးရန်ရှင်း(ယူနိုက်တက်ဝင်းနားနေရှင်နယ်ကုမ္ပဏီ ၃၀၀၀၀
- မောင်အာကာမောင်မောင် ၁၀၀၀၀
- ဟာဂျီဦးကျော်မြင့်-ဒေါ်လှခင်(အုတ်၊သဲ၊ကျောက်ရောင်းဝယ်ရေး) ၃၀၀၀၀
- ဟံသာဝတီဂေါက်ကွင်းနှင့်မြို့တော်ကလပ်အသင်းလီမိတက် ၅၀၀၀၀
- ဦးခင်အောင်-ဒေါ်ခင်မြင့်သူ၊ သားမောင်ရန်အောင် မြို့တွင်းခရီးသည်ပို့ဆောင်ရေး၊ စက်မှုအပိုင်း(၅)လိုင်းသာယာ ၅၀၀၀၀
- ဟာဂျီဦးထွန်းမြင့်(နယူးပါဝါစတိန်းလက်စတီး)လုပ်ငန်းက တပ်မတော်ဆေးရုံကြီးအတွက် (၃၆၀၀၀၀)တန်ဖိုးရှိ တွန်းလှည်း(၃)စီး ၃၆၀၀၀၀
- မွတ်စလင်ဗဟိုရန်ပုံငွေအဖွဲ့ ၅၀၀၀၀

ဒေါက်တာမြင့်ဦး-ဒေါက်တာသီတာလင်းထွန်းမိသားစု၊ ဝါးတန်းစာအုပ်တိုက်ပိုင်ရှင်က ငွေကျပ် ၂၅၈၀၃၀၀ တန်ဖိုးရှိ ဆေးပညာရပ်စာအုပ်ပေါင်း(၇၇၅)အုပ်နှင့် ဝေါရှိ(၅၀၀)ချပ်အား တပ်မတော်ဆေးတက္ကသိုလ်အတွက် သီးခြားလှူဒါန်းခဲ့ပါသည်။

(၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ပြိုင်ပွဲဝင်အသင်းများ၏ အဆင့်ရရှိမှု အခြေအနေ

သတင်းဆောင်းပါး-ကိုထွေး၊ ဓာတ်ပုံ-မြန်မာ့အလင်း

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး ကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၈ရက် ပွဲစဉ်များ ယှဉ်ပြိုင်ကစားပြီးချိန်တွင် ခေတ္တရပ်နားထားသည်။ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံး ပြိုင်ပွဲကို ၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၀ရက်မှ စတင်၍ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပခဲ့ရာ ပွဲစဉ်များ ခေတ္တ ရပ်နားချိန်တွင် ဘဏ္ဍာ/အခွန်အသင်းနှင့် စွမ်းအင်အသင်းတို့က ၁၀ပွဲစီဖြင့် ပွဲအများဆုံး ကစားထားသည်။ စီးပွား/ကူးသန်း၊ မြို့တော် စည်ပင်၊ ပို့ဆောင်ရေး၊ တံခွန်၊ ပြည်ထဲရေး၊ သစ်တောရေးရာ၊ ပတ္တမြားနဂါး၊ တပ်မတော်(ကြည်း)၊ လျှပ်စစ်စွမ်းအား၊သတ္တုတွင်းနှင့် မလိခ တို့က ကိုးပွဲစီ ကစားပြီးဖြစ်သည်။ လယ်/ဆည်နှင့် ဆောက်လုပ်ရေးတို့က ရှစ်ပွဲစီသာကစားရသေးပြီး ကာကွယ်ရေးကခုနစ်ပွဲသာ ကစားထားရသည်။ ကာကွယ်ရေးအသင်းသည် မတ်လ အတွင်း၌အိန္ဒိယနိုင်ငံသို့ချစ်ကြည်ရေး ခြေစမ်းပွဲများ သွားရောက်ကစားရန် ရှိသဖြင့်ဖေဖော်ဝါရီ၁၄ရက် လယ်/ဆည်နှင့်ပွဲကိုလည်းကောင်း၊ ဖေဖော်ဝါရီ၂၃ရက် ဆောက်လုပ်ရေးနှင့် ပွဲကိုလည်းကောင်း ပွဲစဉ်ရက် ရွှေ့ဆိုင်းခဲ့ရပြီး ယခုကဲ့သို့ ပွဲစဉ်လျော့နည်းနေရခြင်းဖြစ်သည်။

အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် ၁၆ သင်း ပါဝင် ယှဉ်ပြိုင်လျက်ရှိရာ တစ်သင်းလျှင် ၁၅ပွဲစီ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဘဏ္ဍာ/အခွန် အသင်းသည် ဖေဖော်ဝါရီ ၂၈ရက်က ယှဉ်ပြိုင်ကစားသော ပွဲစဉ်တွင် စွမ်းအင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်သွားရာ အမှတ်ပေး ဗိုလ်လုပွဲဆုံး၌ ဆက်လက်ရပ်တည် နေဆဲဖြစ်သော်လည်း ချန်ပီယံဖြစ်ရန် သေချာပြီဟု တွက်၍ မရသောအနေ အထားဖြစ်သွားသည်။

ဘဏ္ဍာ/အခွန် အသင်းသည် လက်ကျန်ပွဲများအဖြစ် ကာကွယ်ရေး၊ စီးပွား/ကူးသန်း၊ မြို့တော်စည်ပင်၊ ပို့ဆောင်ရေး၊ တံခွန်အသင်းများနှင့် ယှဉ်ပြိုင် ကစားရမည် ဖြစ်သည်။ လက်ကျန် ပွဲစဉ်များအနက် တံခွန်အသင်းနှင့်ပွဲမှလွဲလျှင် ကျန်လေးသင်းကို ဘဏ္ဍာ/အခွန်အသင်း ခက်ခက်ခဲခဲ ကစားရဖွယ်ရှိပြီး အရှုံးခံ၍မရသော အနေအထားပင်ဖြစ်သည်။ ကာကွယ်ရေးအသင်းသည် ခုနစ်ပွဲသာ ကစားပြီး ၁၇မှတ်ရရှိထားရာ လက်ကျန်ပွဲစဉ်များကို အနိုင်ရရှိလျှင် ဘဏ္ဍာ/အခွန်အသင်းထက် တစ်မှတ်သာလျော့နည်းမည်ဖြစ်သည်။ သို့ဖြစ်ရာ ကာကွယ်ရေးနှင့် ဘဏ္ဍာ/အခွန်ပွဲသည် နှစ်သင်းစလုံးအတွက် အတိမ်းအစောင်း မခံဘဲ အနိုင်ကစားရမည့်ပွဲဖြစ်သည်။

ဖေဖော်ဝါရီ ၂၈ရက် ပွဲစဉ်များ အပြီးအသင်းများ၏ ရပ်တည်မှု အနေအထားကိုကြည့်လျှင် ဘဏ္ဍာ/အခွန် အသင်းက ၁၀ပွဲကစား ၂၇မှတ်၊ ပို့ဆောင်ရေး အသင်းက ကိုးပွဲကစား ၂၂မှတ်၊ စွမ်းအင်အသင်းက ၁၀ပွဲ ကစား ၂၁မှတ်၊ မြို့တော်စည်ပင် အသင်းက ကိုးပွဲကစား အမှတ်၂၀၊ စီးပွား/ကူးသန်းအသင်းက ကိုးပွဲ ကစား ၁၈မှတ်၊ ကာကွယ်ရေးအသင်းက ခုနစ်ပွဲကစား ၁၇မှတ်၊ ဆောက်လုပ်ရေးအသင်းကရှစ်ပွဲကစား ၁၂မှတ်၊ ပြည်ထဲရေး အသင်းက ကိုးပွဲကစား ၁၀မှတ်၊တပ်မတော်(ကြည်း)အသင်းက ကိုးပွဲကစား ၁၀မှတ်၊ တံခွန်အသင်းက ကိုးပွဲကစား ရှစ်မှတ်၊ သစ်တောရေးရာ အသင်းက ကိုးပွဲကစား ရှစ်မှတ်၊ ပတ္တမြားနဂါးအသင်းက ကိုးပွဲကစား ခုနစ်မှတ်၊ လယ်/ဆည် အသင်းက ရှစ်ပွဲကစား ခြောက်မှတ်၊ မလိခ အသင်းက ကိုးပွဲကစား ငါးမှတ်၊ လျှပ်စစ်စွမ်းအားအသင်းက ကိုးပွဲ ကစား လေးမှတ်၊ သတ္တုတွင်း အသင်းက ကိုးပွဲကစား လေးမှတ်ရရှိ ထားကြသည်။

၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံး ရာသီ အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံး ပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုအဖြစ် ငွေကျပ် ၁၀၀၀၀စီ ချီးမြှင့်လျက်ရှိရာ ဖေဖော် ဝါရီ၂၈ရက် ပွဲစဉ်များအပြီးတွင် ပွဲစဉ် အလိုက်အကောင်းဆုံးဆု ရရှိထားသူ ၅၄ဦးရှိသည်။ ပွဲစဉ်အလိုက်အကောင်း ဆုံးဆု အများဆုံး ရရှိထားသူမှာ တပ်မတော် (ကြည်း)အသင်းမှ အောင် ချမ်းမင်းဖြစ်ပြီး စုစုပေါင်းလေးကြိမ်ရရှိ ထားသည်။ပွဲစဉ်အလိုက်အကောင်းဆုံး ဆု သုံးကြိမ်စီ ရရှိထားကြသူများမှာ ထွန်းထွန်းဝင်း (ဘဏ္ဍာ/အခွန်)၊ အေးမင်းထွန်း(စွမ်းအင်)၊ ဘိုဘိုအောင် (စီးပွား/ကူးသန်း)၊ မြတ်မင်းဦး (ပို့ဆောင်ရေး) နှင့်မောင်မောင်အောင် (ကာကွယ်ရေး)တို့ ဖြစ်ကြသည်။ ပွဲစဉ် အလိုက် အကောင်းဆုံးဆု နှစ်ကြိမ်စီ ရရှိထား ကြသူများမှာ အောင်ဇော်မျိုး (မြို့တော် စည်ပင်)၊ မျိုးနိုင် (လယ်/ ဆည်)၊ စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)နှင့် မောင် မောင်ဌေး(မြို့တော်စည်ပင်)တို့ ဖြစ်ကြသည်။

ပွဲစဉ်အလိုက် အကောင်းဆုံးဆု တစ်ကြိမ်စီ ရရှိထားကြသူများမှာ ထွန်းစိုးနိုင်(စီးပွား/ကူးသန်း)၊ မောင် မောင်မြင့်(ပို့ဆောင်ရေး)၊ သက်နိုင် (ကာကွယ်ရေး)၊ဟန်ဝင်းအောင်(တံခွန်)၊ စိုင်းလှအောင်(သစ်တောရေးရာ)၊ အေးမင်းထွန်း(ဘဏ္ဍာ/အခွန်)၊မျိုးမင်း ဆွေ(လယ်/ဆည်)၊ ထွန်းမင်းနိုင် (ကာကွယ်ရေး)၊ အောင်မြင့်သိန်း (သစ်တောရေးရာ)၊ မိုးကျော်သူ (ဘဏ္ဍာ/ အခွန်)၊ စိုးသိန်း(ဆောက် လုပ်ရေး)၊ သက်နိုင်ဦး (မြို့တော် စည်ပင်)၊ ကျော်မျိုးဟန် (စွမ်းအင်)၊ ဆန်းဒေးသိန်း (ဆောက်လုပ်ရေး)၊ ကိုကိုနိုင်(သတ္တုတွင်း)၊ထွန်းထွန်းလင်း (မြို့တော်စည်ပင်)၊ ကျော်ဒွန်း (ပို့ ဆောင်ရေး)၊ လွင်ဦး(ဘဏ္ဍာ/အခွန်)၊ ဝင်းဇော်မိုး (ဆောက်လုပ်ရေး)၊ လှအေးထွေး(ပတ္တမြားနဂါး)၊ ဇော်ဇော် (မလိခ)၊ နေလင်းထွန်း(ပြည်ထဲရေး)၊ ဇော်ထက်အောင်(စွမ်းအင်)၊စန်းမောင် (ကာကွယ်ရေး)၊ ချစ်ကိုကို(ပြည်ထဲ ရေး)၊ ကျော်ကျော်မင်း (မလိခ)၊ ကျော်သီဟ (တံခွန်)၊ ဌေးအောင် (ကာကွယ်ရေး)၊ညီညီအောင်(ပို့ဆောင် ရေး)၊ နေသူလှိုင် (ပြည်ထဲရေး)၊ အောင်ထွန်းနိုင်(သစ်တောရေးရာ)၊ နိုင်ဝင်း(စွမ်းအင်)၊ အေးစန်း (တံခွန်)၊ ထက်အောင်(ပို့ဆောင်ရေး)၊ ညီညီ ဇော်(မြို့တော်စည်ပင်)၊ ဇော်လင်း ထွန်း(ပြည်ထဲရေး)၊ သန့်ဇင်ထွေးစန်း (ဆောက်လုပ်ရေး)၊ အောင်စိုးကြူ (တပ်မတော်-ကြည်း)၊ ဇာနည်မောင် (ပို့ဆောင်ရေး)၊ မျိုးလှိုင်ဝင်း(ဘဏ္ဍာ/ အခွန်)၊ မျိုးလွင်ဦး(ပတ္တမြားနဂါး)၊ မျိုးမင်းထွန်း (စီးပွား/ကူးသန်း)၊ ဝင်းဇော် (သတ္တုတွင်း)နှင့် ရန်နောင်စိုး (စွမ်းအင်)တို့ဖြစ်ကြသည်။ အဆင့်မြင့် တန်း အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်ခေတ္တ ရပ်နားထားချိန်တွင် ပွဲစဉ်ပေါင်း ၇၁ ပွဲ ယှဉ်ပြိုင် ကစားထားပြီး ဖြစ်သည်။ ယှဉ်ပြိုင်ကစားပြီးသည့် ၇၁ ပွဲတွင် စုစုပေါင်း ၂၂၈ဂိုး သွင်းယူခဲ့ကြရာ တစ်ပွဲလျှင်ပျမ်းမျှ ၃.၂၁သမ၂ဂိုးနှုန်း သွင်းခဲ့သည်ကို တွေ့ရသည်။ ဖေဖော် ဝါရီ ၂၈ရက် ပွဲစဉ်များအပြီးတွင် မြို့တော်စည်ပင်အသင်းမှ မောင်မောင် ဌေးက စုစုပေါင်း၁၀ဂိုးဖြင့် ဂိုးအများ ဆုံးသွင်းထားသည်။ စုစုပေါင်း ခုနစ် ဂိုးဖြင့် ဒုတိယဂိုးအများဆုံး သွင်းထား ကြသူများမှာ မြတ်မင်းဦး (ပို့ဆောင် ရေး)၊ ထွန်းထွန်းဝင်း(ဘဏ္ဍာ/အခွန်) နှင့် မျိုးလှိုင်ဝင်း (ဘဏ္ဍာ/အခွန်)တို့ ဖြစ်ကြသည်။ စုစုပေါင်းခြောက်ဂိုးဖြင့် တတိယဂိုးအများဆုံး သွင်းထားကြသူ များမှာ နိုင်ဝင်း (စွမ်းအင်)နှင့် ထွန်းမင်း နိုင်(ကာကွယ်ရေး)တို့ ဖြစ်သည်။

စုစုပေါင်းငါးဂိုးသွင်းထားသူများမှာ ဘိုဘိုအောင်(စီးပွား/ကူးသန်း)၊ မျိုးနိုင် (လယ်/ဆည်)၊ နေသူလှိုင်(ပြည်ထဲ ရေး)နှင့် ဇော်ထိုက်(ဘဏ္ဍာ/အခွန်) တို့ဖြစ်ကြသည်။ စုစုပေါင်း လေးဂိုး သွင်းထားသူများမှာ ဇေမောင်မောင် (ဘဏ္ဍာ/အခွန်)၊ သက်နိုင်ဦး :(မြို့တော် စည်ပင်)၊ သက်နိုင်(ကာကွယ်ရေး)၊ တင်ထွေး (တပ်မတော်-ကြည်း)၊ သန့်ဇင်ထွေးစန်း(ဆောက်လုပ်ရေး) နှင့် စိုးမြတ်မင်း (ဘဏ္ဍာ/အခွန်) တို့ဖြစ်ကြသည်။စုစုပေါင်း သုံးဂိုးသွင်း ထားကြသူများမှာ အောင်ထွေးမောင် (မြို့တော်စည်ပင်)၊ အောင်ဇော်မျိုး (မြို့တော်စည်ပင်)၊ အေးမင်းထွန်း (ဘဏ္ဍာ/အခွန်)၊ အောင်လင်းထွန်း (ဘဏ္ဍာ/အခွန်)၊စည်သူမောင်(လယ်/ ဆည်)၊ ဆန်းဒေးသိန်း(ဆောက်လုပ် ရေး)၊ ကျော်သီဟ(တံခွန်)၊ မိုးကျော်သူ (ဘဏ္ဍာ/အခွန်)၊ ရန်ပိုင် (ဘဏ္ဍာ/ အခွန်)နှင့် ရန်နောင်စိုး (စွမ်းအင်)တို့ ဖြစ်ကြသည်။

၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံး ရာသီအဆင့်မြင့်တန်း အမှတ်ပေး ဘောလုံး ပြိုင်ပွဲ ပွဲစဉ်ထက်ဝက်ကျိုး လာချိန်တွင် အမှတ်ပေး ချန်ပီယံ အသင်းကို တပ်အပ် သေချာစွာမပြော နိုင်သေးသလို ပထမတန်းဆင်းရမည့် အသင်းနှစ်သင်းကိုလည်းသေချာပေါက် မတွက်ဆနိုင်သေးပေ။ ဘဏ္ဍာ/အခွန် အသင်းချန်ပီယံဖြစ်ရန် အလားအလာ အကောင်းဆုံးဖြစ်သော်လည်းလက်ကျန် ပွဲများ အမှားမခံသည့် အနေအထား၌ တွေ့ရသည်။

ပို့ဆောင်ရေး၊ စွမ်းအင်၊ မြို့တော် စည်ပင်နှင့် ကာကွယ်ရေးအသင်းတို့ အမှတ်ပေးချန်ပီယံဆုအတွက်မျှော်လင့် ချက်မကုန်ကြသေးပေ။ဒုတိယနေရာမှ ကပ်လိုက်နေသော ပို့ဆောင်ရေး အသင်းအနေဖြင့် လက်ကျန်ပွဲစဉ် များအားလုံး နိုင်လျှင်အမှတ်ပေး ချန်ပီယံဖြစ်နိုင်သည့် အခွင့်အလမ်း ရှိနေသည်ဖြစ်ရာ လက်ကျန် ပွဲစဉ်များ အကြိတ်အနယ် ဖြစ်လာမည်ဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံး ပြိုင်ပွဲတွင် အမှတ်အနည်းဆုံး နှစ်သင်း ကို ပထမတန်းသို့ အတန်းချမည်ဟု သိရသည်။ ယခုအချိန်တွင် မလိခ၊ လျှပ်စစ်စွမ်းအားနှင့် သတ္တုတွင်း အသင်းတို့ အမှတ်ပေးဇယား အောက်ဆုံး၌ ရပ်တည်နေကြရာ အတန်း မဆင်းရရေးအတွက် နိုင်ပွဲရရန်လိုအပ် နေသည်။ မည်သို့ပင် ဖြစ်စေအဆိုပါ သုံးသင်းထဲမှသာ ပထမတန်းသို့ဆင်းရ မည့်အသင်းပေါ်ထွက်လာနိုင်ကြောင်း ဖော်ပြလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

ပွဲစဉ်အလိုက် အကောင်းဆုံးဆုရ မြို့တော်စည်ပင်အသင်းမှ အသင်းခေါင်းဆောင် မောင်မောင်ဌေးအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အကြံပေး ဦးလှတင် (ကီး-လှတင်)က ဆုပေးအပ်စဉ်။ (မြန်မာ့အလင်း)

တံခွန်အသင်းနှင့် တပ်မတော် (ကြည်း)တို့ ယှဉ်ပြိုင်ကစားစဉ်။
(ထိုပွဲတွင် ဂိုးမရှိသရေ ဖြစ်သွားသည်) **(မြန်မာ့အလင်း)**

အဆင့်မြင့်တန်းအသင်းများ၏ ဖေဖော်ဝါရီ ၂၈ ရက် ပွဲစဉ်အပြီး ရပ်တည်မှုအနေအထား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁	ဘဏ္ဍာ/အခွန်	၁၀	၉	၀	၁	၄၇	၆	၂၇
၂	ပို့ဆောင်ရေး	၉	၇	၁	၁	၁၇	၈	၂၂
၃	စွမ်းအင်	၁၀	၆	၃	၁	၁၈	၉	၂၁
၄	မြို့တော်စည်ပင်	၉	၆	၂	၁	၂၂	၁၁	၂၀
၅	စီးပွား/ကူးသန်း	၉	၅	၃	၁	၂၀	၈	၁၈
၆	ကာကွယ်ရေး	၇	၅	၂	၀	၁၇	၆	၁၇
၇	ဆောက်လုပ်ရေး	၈	၃	၃	၂	၁၂	၁၄	၁၂
၈	ပြည်ထဲရေး	၉	၃	၁	၅	၁၁	၁၆	၁၀
၉	တပ်မတော်(ကြည်း)	၉	၂	၄	၃	၉	၁၅	၁၀
၁၀	တံခွန်	၉	၂	၂	၅	၇	၁၃	၈
၁၁	သစ်တောရေးရာ	၉	၂	၂	၅	၇	၁၃	၈
၁၂	ပတ္တမြားနဂါး	၉	၂	၁	၆	၆	၁၇	၇
၁၃	လယ်/ဆည်	၈	၂	၀	၆	၉	၁၉	၆
၁၄	မလိခ	၉	၁	၂	၆	၅	၂၄	၅
၁၅	လျှပ်စစ်စွမ်းအား	၉	၁	၁	၇	၁၃	၂၉	၄
၁၆	သတ္တုတွင်း	၉	၁	၁	၇	၆	၂၃	၄

၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ၌ ဘဏ္ဍာ/အခွန် အသင်းနှင့် မလိခ အသင်းတို့၏ အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်။
(အဆိုပါပွဲတွင်ဘဏ္ဍာ/အခွန် အသင်းက မလိခအသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့် ဂိုးသွင်းစံချိန် တင်ကာ အနိုင်ရရှိသည်။)

ဖေဖော်ဝါရီ ၂၉ ရက်က မော်လမြိုင်မြို့ ဒိုင်ဝန်းကွင်း ရှမ်းစု ဆင်ဖြူစာသင်တိုက် ဆရာတော်ဘဒ္ဒန္တ ခေမာစာရ (ဒွိပိဋကဓရ)နှင့် သံဃာတော် ၁၇၀ အား ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူးက သာသနာဝင်လက်မှတ်များ ဆက်ကပ်စဉ်။(က-ပ)

နိုင်ငံသားကတ်ပြားပေးအပ်

နန်းယွန်း မတ် ၃

နန်းယွန်းမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်းမှ နိုင်ငံသား အရည်အချင်းနှင့် ကိုက်ညီသူ ကျောင်းသား ကျောင်းသူ ၁၂၅ ဦးတို့အား အသက် ၁၀ နှစ်ပြည့်၊ အသက် ၁၈နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နန်းယွန်းမြို့နယ်ဦးစီးဌာနမှူးက နန်းယွန်းမြို့ရှိ ရပ်မိရပ်ဖ တစ်ဦးကို ပေးအပ်သည်။ **(အောက်ပုံ)**

အခမ်းအနားသို့ စစ်ကိုင်းတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီး ဌာနမှူးညွှန်ကြားရေးမှူး ဦးကြည်လင်နှင့် နန်းယွန်း မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီး အေးလွင်တို့ တက်ရောက်ကြသည်။

(က-ပ)

ပုသိမ်မြို့ ကွင်းတန်းလမ်းကတ္တရာလမ်းသစ်ဖွင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တက်ရောက်အားပေး

ပုသိမ် မတ် ၄

ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက်ရှိ ကွင်းတန်းလမ်း (ဖြတ်လမ်း) ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက်က ကျင်းပရာ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဖိတ်ကြားထားသော စစ်ဘက် နယ်ဘက်မှ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစန်းမော်ခင်က ကတ္တရာလမ်းသစ်နှင့် ပတ်သက်၍ရှင်းလင်းတင်ပြပြီးတိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ပုသိမ်ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးလှသွင်နှင့် တိုင်း စည်ပင်ညွှန်ကြားရေးမှူးများသို့ ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူးက အထိမ်းအမှတ် အလံများပေးအပ်ခြင်း၊ လမ်းဖြစ်မြောက်ရေးကော်မတီဝင်က ကျေးဇူးတင်စကားပြောကြားပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်နှင့် ကတ္တရာလမ်းအလှူရှင် ဒေါ်ရင်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကတ္တရာလမ်းသစ်မှာ အရှည် ပေ ၁၃၅၀၊ အကျယ် ၁၀ ပေ ရှိပြီး အလှူရှင် အမေဒေါ်ရင်ကြည်က သိန်း၄၀စည်ပင်သာယာရေးမှ ကျပ် ၁၅သိန်း လမ်းခင်းကြကြောင်း သိရသည်။ **(က-ပ)**

ရွှေပန်းတောင်းစေတီ ဆီမီး ၅၀၀၀ ပူဇော်

အောင်ပန်း မတ် ၂

ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့ မြို့မပြင်သာ ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသိရီ(သာ သနဓဇမ္မာစရိယ)၏ သြဝါဒခံယူလျက် ဝေါပကအဖွဲ့က ဦးဆောင်ပြီး ရှေးဟောင်းရွှေပန်းတောင်း ဆုတောင်းပြည့် စေတီတော်နှင့် ကျောင်းတိုက်အတွင်းရှိ စေတီတော်၊ ရုပ်ပွားဆင်းတုတော်များကို (၁၂)ကြိမ်မြောက် ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ရာ မြို့ပေါ်ရပ်ကွက်ပေါင်းစုံနှင့် ဒေသခံ ကျေးရွာများမှ ဗုဒ္ဓဘာသာဝင်သူတော်စင်များ၊ တပ်မတော်မိသားစုဝင်များက ပန်း၊ ဆီမီး၊ အမွှေးတိုင်များ၊ ရိုးရာဝလေ့ မီးရှူးတိုင်များဖြင့် ပူဇော်ပွဲကို တပို့တွဲလဆန်း ၁၃ရက်မှ လပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ **(၀၉၆)**

ကျောက်ချောလမ်းခင်း

ရွှေကျင် မတ် ၅

ရွှေကျင်မြို့နယ် စည်ပင် သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော တောင်ဘက်/ တံခွန်တိုင် မြေသားလမ်း အရှည်ပေ ၁၂၀၀ အကျယ် ၁၀ပေရှိလမ်းအား အဆင့်မြှင့် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်မှုများကို အချိန်မီ ပြီးစီးနိုင်ရေးအတွက် အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ကျော်တို့က ကြီးကြပ်ဆောင်ရွက်ကြကြောင်းသိရသည်။ **(၃၂၉)**

ကျေးလက် ကျောက်ချောလမ်းဖွင့်

ကျောက်တော် မတ် ၅

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်တော် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် ညောင်ချောင်း (ကျေးလက်) ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှနေနှင့် မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးသန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ်စည်ပင်)

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီမတိုင်မီ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့တွင်း ရေနုတ်မြောင်းများအတွင်းမှ အမှိုက်နှင့်အညစ်အကြေးများ၊ နုန်းများရှင်းလင်းခြင်းလုပ်ငန်းအား စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဖေဖော်ဝါရီ ၂၀ရက်က ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ကျေးလက် ရေရရှိရေး စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ပြည်ခရိုင် ပန်းတောင်းမြို့နယ် လဲရွာကျေးရွာ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်တင်နှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးအေးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၄ ရက်က ပဲခူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခန်းမတွင် သတ္တမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ ပဲခူးခရိုင်ဆရာဝန်ကြီး ဒေါက်တာတင့်ထွန်းကျော်က ဟောပြောစဉ်။

(မြို့နယ် ပြန်/ဆက်)

ကျန်းမာရေးအသိပညာပေးဟောပြော

ချောင်းဆုံ မတ် ၈

ချောင်းဆုံမြို့နယ် မိခင်နှင့် ကလေးကျန်းမာရေးဌာနနှင့် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းတို့က ကြီးမှူးကျင်းပသော ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၇ ရက်က မုရစ်ကလေး(အထက)နှင့် ဇန်နဝါရီ ၂၈ ရက်က ချောင်းဆုံ (အထက)တွင် ကျင်းပရာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး ဒေါက်တာ သန်းဌေးအောင်က ဆယ်ကျော်သက် မျိုးဆက်ပွား ကျန်းမာရေးအကြောင်း ဟောပြောပြီး ဒေါက်တာ ကြည်ကြည်အေးက လူငယ်လူရွယ် ဆေးလိပ်အန္တရာယ်နှင့် စိတ်ကျန်းမာရေးအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောကြသည်။

အလားတူ ကျန်းမာရေးဟောပြောပွဲများကို မြို့နယ်အတွင်းရှိ ကျောင်းများသို့ ဟောပြောမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လမြိုင်ကျွန်းမြို့နယ် မဲဇလီပုသိမ်စုကျေးရွာအုပ်စု ဂုတ်ချောင်းကျေးရွာ တွင် စိန်ပန်းခိုင်ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၉ရက်က ကျင်းပရာ မြို့နယ်သတင်းထောက် ဦးမြင့်အောင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်နော်မာဂရက်နှင့်ကျေးရွာဥက္ကဋ္ဌ ဦးပေါက်စတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၉၇)

မြန်မာ့အသံ

၁၂-၃-၂၀၀၄
(သောကြာနေ့)

နံနက်ပိုင်း

- ၀၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့်ခန္ဓသုတ်

နေ့လယ်ပိုင်း

- ၁၁း၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (ပြည်တွင်းဖြစ်မော်တော်ယာဉ် ထုတ်လုပ်ရေး၏ အလားအလာကောင်းများအကြောင်း)
- ၁၁း၃၅ သုတရေးရာဖြေကြားလွှာ
- ၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်သံပရာပင်)
- ၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အိပ်မက်ထဲကမျက်ရည်)
- ၁၃း၁၀ ကမ္ဘာ့ဂီတ

ညနေပိုင်း

- ၁၆း၂၀ ကျေးလက်ဇာတ်လမ်း (အချီအချမပြောလိုတော့ပါ)
- ၁၇း၃၀ မေတို့ရေးရာဆွေးနွေးစရာ (တေးသံရှင်တင်တင်မြနှင့် ဆွေးနွေးခန်း)
- ၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
- ၁၈း၁၅ ဟောပြောချက်(ဦးတည်ချက်များ ဆက်လက်ပုံဖော်တပ်မတော်)
- ၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (မျက်နှာအကြောင်း-မောင်ဆုရှင်)
- ၁၉း၁၅ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဆုရတေးများအစီအစဉ်

မင်္ဂလာဦးဆွမ်းကျွေးကျေးဇူးတင်လွှာ

(၇–၁–၂၀၀၄) ရက်နေ့တွင် လက်မှတ်ရေးထိုးပြီး၍ (၂၁–၂–၂၀၀၄) ရက်နေ့ ဆူထူးပန် ပရိယတ္တိစာသင်တိုက်တွင် ပြုလုပ်သော ကျွန်တော် ကျွန်မတို့၏ မင်္ဂလာဦးဆွမ်းကျွေးအလှူသို့ ကြွရောက် ချီးမြှင့်ကြသည့် ဂုဏ်သရေရှိဆွေမျိုးမိတ်သင်္ဂဟ အားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်နိုင်ဦး–မခင်မာလာ။

မိသားစုလွှဲပို့ငွေထုတ်ပေးမည့်ရက် ကြေညာခြင်း

ရွှေအင်းဝ ဝန်ဆောင်မှုအေဂျင်စီကုမ္ပဏီလီမိတက်မှ တာဝန်ယူစေလွှတ်ခဲ့သော မလေးရှားနိုင်ငံရှိ လုပ်သားများအနက် အကြွေးကြေပြီး ငွေလာရောက်ထုတ်ယူရန် အကြောင်းကြားစာပို့ပြီးသူများ၏ မိသားစုလွှဲပို့ငွေများကို ၂၀၀၄ခုနှစ် မတ်လ ၈ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ရာ သက်ဆိုင်ရာမိသားစုဝင်များသည် အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ အိမ်ထောင်စုဝင်စာရင်း၊ ကိုယ်စားလှယ်လွှဲစာနှင့် သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ထောက်ခံချက်များ၊ ငွေလွှဲပို့သည့် အထောက်အထားများနှင့်အတူ ရွှေအင်းဝရုံး (အောင်ဆန်း)တွင် လာရောက်ဆက်သွယ်ထုတ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း–၆၄၂၄၇၃ နှင့် Fax ၆၄၂၉၀၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြတ်ဒါန ပါရမီရှင်များသို့အသိပေးနှိုးဆော်ခြင်း

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်အား ရွှေသင်္ကန်းကပ်လှူရန်ရည်စူး၍ မြတ်ဒါနပါရမီရှင်များက နှစ်စဉ်မပျက်လှူဒါန်းလျက်ရှိကြရာ ၁၃၆၄ ခုနှစ် ဗုဒ္ဓပူဇနိယပွဲတော်တွင် ကျပ် သိန်း ၁၉၀ ရရှိခဲ့ပြီး ၁၃၆၅ ခုနှစ် ဗုဒ္ဓပူဇနိယပွဲတော်တွင် ကျပ် ၂၅၆ သိန်း ရရှိခဲ့ပါသည်။ ယင်းအလှူတော်ငွေဖြင့် စေတီတော်မြတ်ကြီး၏ ပစ္စယာလေးဆင့်ကို ရွှေဆိုင်း(ရာဆိုင်း) ၂၈၃၃ ဆိုင်း စုစုပေါင်းအလှူတော် ကုန်ကျငွေ ၃၄၇ သိန်းဖြင့် ရွှေသင်္ကန်းတော်မြတ်ကပ်လှူခဲ့ရာ ဖေဖော်ဝါရီ ၂၃ ရက်နေ့တွင် ကပ်လှူပြီးစီးပါကြောင်း၊ သဒ္ဓါကြည်လင်မြတ်ဒါနပါရမီရှင်များ ပီတိသဒ္ဓါပွားများနိုင်စိမ့်သောငှာ အသိပေးအပ်ပါကြောင်းနှင့် စေတီတော်၏ ပန်းတင်ခုံနှင့်ရင်ပြင်တော် ပေါ်ရှိ စေတီရံ ၁၂၄ ဆူအား ရွှေဆေးသင်္ကန်းကပ်လှူရန်စီစဉ်လျက်ရှိပါသဖြင့် မူလအလှူရှင်များနှင့် ထပ်မံပါဝင်လှူဒါန်းလိုသော အလှူရှင်များပါဝင်လှူဒါန်းနိုင်ကြပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့
ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်
ဖုန်း–၀၅၆–၂၁၁၄၃

SUNFLOWER GALLERY
ငွေပန်းချီသင်တန်းများ
နံနက်၊ ညနေ (မတ်၊ဧပြီ၊မေ)
ဦးမောင်မောင်သိမ်း ပုသိမ်၊ ဆရာမ ချောအိသိမ်း
အမှတ် ၇၂၊ အောင်မင်းခေါင်(၁)လမ်း၊ ဝင်ဒါမီယာ၊ ကမာရွတ်မြို့နယ်။
ဖုန်း–၅၃၄၂၇၁ Res: ၆၆၀၃၇၅
Y.M.C.A သင်တန်း (မတ်၊ဧပြီ၊မေ)
ဖုန်း–၂၉၄၁၀၉၊ ၂၀၃၀၂၇

The Union of Myanmar

Forest Products Joint Venture Corporation Limited

Price Quotation No. (06/2003-2004)

F.P.J.V.C. Ltd Quotation Sale will be held as follows.

Commodity	Quantity (about Tons)	Location
(a) Teak Logs	425	South Dagon Depot Hponedawtoe Depot (Mandalay)
(b) Teak Squares & Conversions	672	South Dagon Depot Hponedawtoe Depot (Mandalay) Tharketa Timber Shop Yankin Timber Shop.
(c) Hardwood Logs & Squares	877	South Dagon Depot. Hponedawtoe Depot (Mandalay)
Total	1974	

Closing Date : (18-3-2004) Thursday (12:00) Noon.

Please Contact F.P.J.V.C Ltd. No.422-426, Corner of Botataung Pagoda Road and Strand Road for further details.

Tel:202060, 202101 (ext)-127

Tender Committee

စေ့စပ်ကြောင်းလမ်းခြင်းမှဖျက်သိမ်းခြင်း

မမျိုးမျိုး မှတ်ပုံတင်အမှတ် ၁/မကန(နိုင်)၀၁၂၃၂၀ ကိုင်ဆောင်သူသည် အဖဦးစိန်လှိုင်၏ သား မောင်ဝင်းဇော်လှိုင် မှတ်ပုံတင်အမှတ် ၁/မကန(နိုင်)၀၃၃၃၇၀ ကိုင်ဆောင်သူနှင့် စိတ်သဘောထားချင်း မတိုက်ဆိုင်သောကြောင့် မမျိုးမျိုးက စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းကြောင်း ကြော်ငြာ အပ်ပါသည်။

မမျိုးမျိုး ၁/မကန(နိုင်)၀၁၂၃၂၀။

အမည်ပြောင်း လားရှိုးမြို့အထက (၂) နဝမတန်း(ဂ)မှ ဦးထွန်းမြင့်ဝေ၏သား မောင်ကျော်စွာထွန်းအား မောင်လပြည့်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လပြည့်ထွန်း။**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးအမိန့်–၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်–၂၅

၁။ ဦးဆွေယောဒ်ခေါ်ရမ် နှင့် အမှတ်(၁၁–က)၊အောင်ချမ်းသာလမ်း ဗျိုင်းရေအိုးစင်ရပ်ကွက်၊ တာမွေမြို့နယ် ရန်ကုန်မြို့	၁။ ဒေါ်သန်းကြည်
	၂။ ဒေါ်ကျင်သန်း အမှတ်(၁၁–က)အောင်ချမ်းသာလမ်း၊ ဗျိုင်းရေအိုးစင်ရပ်ကွက်၊ တာမွေမြို့နယ် ရန်ကုန်မြို့။
၂။ ဦးမောင်စိန် အမှတ်(၁၁–ခ)အောင်ချမ်းသာလမ်း ဗျိုင်းရေအိုးစင်ရပ်ကွက်၊ တာမွေမြို့နယ် ရန်ကုန်မြို့	၃။ ဒေါ်စန်းနွဲ့ အမှတ်(၁၁–ခ)အောင်ချမ်းသာလမ်း၊ ဗျိုင်းရေအိုးစင်ရပ်ကွက်၊ တာမွေမြို့နယ် ရန်ကုန်(ယခုနေရပ်လိပ်စာမသိသူများ)

အထက်တွင်ဖော်ပြထားသော တရားပြိုင်များဖြစ်သည့် ဒေါ်သန်းကြည်၊ ဒေါ်ကျင်သန်း၊ ဒေါ်စန်းနွဲ့ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ ဦးဆွေယောဒ်ခေါ်ရမ်ပါ–၂က မြေနှင့် အိမ်မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင့်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ခုနှစ် မတ်လ ၂၂ရက် (၁၃၆၅ ခု၊ နှောင်းတန်ခူးလဆန်း ၂ရက်)မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးပေးလိုက်သည်။

ဒေါ်စုစုဝင်း LL.M.,D.B.L
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
ဆေးဘက်ပညာသည်တက္ကသိုလ်–မန္တလေး
မန္တလေးမြို့

ပထမအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

ဆေးဘက်ပညာသည်တက္ကသိုလ်–မန္တလေး ပထမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း မန္တလေးမြို့တော်ခန်းမ(၁)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အကြိုလေ့ကျင့်ခြင်း–၂–၄–၂၀၀၄ရက်(သောကြာနေ့) (၂:၀၀)နာရီ

ဘွဲ့နှင်းသဘင်ကျင်းပခြင်း–၃–၄–၂၀၀၄ ရက်(စနေနေ့) နံနက် (၈:၀၀)နာရီ

(ပထမ)အကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားသို့ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပခဲ့သည့်ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများ တက်ရောက် ဘွဲ့ယူနိုင်သည်။

ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

တက်ရောက်ဘွဲ့ – ၁၅၀၀ိ/ (ကျပ်တစ်ထောင့်ငါးရာတိတိ)

အဝေးရောက်ဘွဲ့ – ၁၀၀၀ိ/(ကျပ်တစ်ထောင်တိတိ)

ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို ဆေးဘက်ပညာသည် တက္ကသိုလ်–မန္တလေး ကျောင်းသားရေးရာဌာနစုမှ ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ပတ်စပို့အရွယ် (၂လက်မ x တစ်လက်မခွဲ) (အဖြူအမည်း) ဓာတ်ပုံ နှစ်ပုံပူးတွဲလျက် ၁၁–၃–၂၀၀၄ နေ့မှ ၁၉–၃–၂၀၀၄ နေ့ အထိ တင်သွင်းကြရမည်။

နွယ်နွယ်ဝင်း
မော်ကွန်းထိန်း
ဆေးဘက်ပညာသည်တက္ကသိုလ်–မန္တလေး
မန္တလေးမြို့။

မိဘအမည်မှန်

အလက(ဂ)လှိုင် ဆဋ္ဌမတန်း(B)မှ မောင်သူရိန်လင်း၏ မိဘအမည်မှန်မှာ ဦးတင်လင်း–ဒေါ်တင်လှိုင် အမှန်ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် လက–၁၃၇၄ (HONDA DREAM)လက်ဝယ်ရှိသူက (ကမ–၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ လှိုင်ကော်သို့ ဆက်သွယ် ဆောင်ရွက်နိုင်ပါသည်။

ကညန၊ (လှိုင်ကော်)

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်
ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂။





ပျောက်ဆုံးခြင်း

ကျွန်မ မယုယုခိုင်၏ e-passport စာအုပ် No. CM 103176နှင့် ယာဉ်မောင်း လိုင်စင်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာသို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

အမှတ် ၈၀၊ မြေညီထပ်၊ ၁၆လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၁၂၁၁၈, ၂၄၂၇၆၂

အဆင့်မြင့် မြန်မာ့ကုန်စည်ပြပွဲနှင့်

အထူးဈေးရောင်းပွဲတော် (ယခင် သန့်ထိုက်စံ)

MYANMAR TRADE FAIR 2004

CSN Business Group Co. Ltd.

ဆက်သွယ်ရန် - CSN Business Group Co. Ltd. Ko Win Lwin No. (384), Thamana (3), Street (5) Quarter, Thakayta Township, Yangon. Ph: 379658

FAME

HEPATEC®

"သဘာဝအသည်းအားဆေး"

GMP & ISO 9001:2000

FAME Pharmaceuticals မှထုတ်လုပ်ဖြန့်ချိသည်။

(Germany) (France) (Switzerland) (China) (Myanmar)

GUARDIAN MONTHLY MAGAZINE

VCD KARAOKE ထွက်ပြီ

NO ဘာလိုသေးလဲ

TAPE,CD ကိုလိုက်လိုက်လုပ်လုပ်အားပေးခဲ့ကြသောသူငယ်ချင်းပရိသတ်များနှင့် တွေ့ဆုံလိုပါ၍ သမီးတို့ရဲ့ "NO" VCD KARAOKE စတင်ဖြန့်ချိမယ့် 12th March 2004 (Friday) မှာ သမီးတို့တစ်ဖွဲ့လုံးစောင့်နေမယ်

- ချိုကြည်သာတေးသံသွင်း (10:00 am to 12:00 am)
- Yankin Centre - City Mart (3:00 pm to 5:00 pm)

သကြန်

EXPRESS Ph:292268

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

တောင်ကြီးမြို့ သစ်တောရပ် ကျောက်တစ်လုံးလမ်း၊ အမှတ် (၄)နေ ဦးတင်မောင်သောင်း ၁၃/တကန (နိုင်) ၀၁၄၂၉၉ နှင့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စိန်ပန်းလမ်း (ထ-၁၅) နေ ဦးနေဝင်း ၁၂/လမတ(နိုင်) ၀၁၄၈၅၁ တို့နှစ်ဦးမှ တောင်ကြီးမြို့၊ ကံရှေ့ရပ် ကုန်သည်လမ်း အမှတ် (၁၅၃)နေ ဦးမောင်မောင် ၁၃/လလန (နိုင်) ၀၂၁၀၃၀ အား လွှဲအပ်ထားသော စာချုပ်စာတမ်းမှတ်ပုံတင်ရုံး တောင်ကြီး၏ ၁၅-၁-၂၀၀၂ရက်နေ့စွဲပါ စာချုပ် အမှတ်၁၁/၂၀၀၂အား ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း။**ဦးတင်မောင်သောင်း။**

Vacancy Announcement
(For Local Service Only)

We are looking for energetic and productive players for our "Myanmar Forever June Co., Ltd. (IT Section)" and warmly welcome those who are eagerly seek a job of their profession to join us:

1. **Marketing Manager** M/F (2) Posts
   - Any graduate who is fluent in English
   - Age between (25 - 35) years
   - Must have computer skill
   - Who can tour wherever s/he is assigned
   - 1 year service experience in Marketing
   - Marketing Diploma is more preferred.
2. **Marketing Staff** M/F (10) Posts
   - Must be a graduate
   - Age under 30 years
   - Must have computer knowledge
   - Good personality, being intelligent and clever in communication is more preferred.

Interested candidates can submit your CV together with labor registration card (duplicated), two recent photos and qualification papers of your education to No. 447/449 (1st Floor), Merchant Rd, Botahtaung Tsp.(ph: 297188) within (7) days after the date of this advertisement, please.

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော လှိုင်မြို့နယ်ရှိတိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါအဆိုပါတိုက်ခန်းအား ဆက်ခံပိုင်ခွင့်ရှိသူက အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့်တိုက်နှင့် အခန်းအမှတ်
၁။	ဒေါ်သောင်းကြည် ၁၂/လမန(နိုင်) ၀၇၀၀၄၁	ဒေါ်သန့်သန့်ဦး ၁၂/လမန(နိုင်) ၀၇၀၀၂၀	တိုက်-၅ အခန်း-၇၆ လှိုင်ရတနာအိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)

First Asia Co.,Ltd. (Citron & Asahi Electronic)

ZENITH

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ရီ အသက်(၈၅)နှစ်

ဒေါက်တာဝမ်းမောင်(ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန)- ဒေါက်တာမေမာလာဆွေ (မီးယပ်/သားဖွား အထူးကုဆရာဝန်ကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး)တို့၏မိခင် ဒေါ်ခင်ရီသည် ၁-၃-၂၀၀၄ ရက် ည ၇ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကလေးမြို့ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး၊
ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများ။

ဝမ်းနည်းခြင်း
ဦးမောင်သာဇံ (စစ်တွေ)
အသက်(၉၀)

စက်ရှင်တရားသူကြီးနှင့် ပြည်နယ်တရားရေးဦးစီးမှူး(ငြိမ်း) ဦးဇော်အေးမောင်၊ ဒေါ်လှမြင့်သန်းတို့၏အဘိုး ဦးမောင်သာဇံသည်၄-၃-၂၀၀၄နေ့တွင် ကွယ်လွန်ကြောင်းသိရှိရ၍ မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းရပါကြောင်း။

ဦးစိုးဦးနှင့်အဖွဲ့,
GMP Co., Ltd.
ဂမုန်းပွင့်မိသားစု။

ကိုမိုနိုဟောက်(စ်)မှ ကိုမိုနိုမျိုးစုံ၊ လီနင်မျိုးစုံ စိန်မိုက်ကယ်မျိုးစုံ

လက်လီလက်ကား အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးနေပါသည်။ တူညီဝတ်စုံ၊ သကြန် တူညီဝတ်စုံ မျိုးစုံ ရနိုင်ပါသည်။

(တရုတ်ပစ္စည်း လုံးဝမရောင်းပါ။)

A-11-b, A-22

ဒုတိယထပ်-ယုဇနပလာဇာ

အမွေပြတ်စွန့်လွှတ်ခြင်း

အုတ်တွင်းမြို့နယ် ညောင်ခြေထောက်မြို့ (၂)ရပ်ကွက်နေ ဦးရှိ အိုစန်ကား၏သား မီစံရီလာလ် ရ/အတန(နိုင်) ၀၅၈၈၁၀ သည် မိသားစုအား စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း။

(၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။)

ညီအစ်ကိုမောင်နှမများ။

ဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းထွန်း (ရေဦး)
(၄၉) နှစ်
1A/E, MV YTHAN, EASTWIND

တူမ ဒေါ်ဝင်းဝင်းသိန်း (Geocomp)၏ချစ်လှစွာသောခင်ပွန်း၊ တူဖြစ်သူ ဦးထွန်းထွန်း ၂၈-၂-၂၀၀၄ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလေး-ဦးတင်ဝင်း (ရာဇာဝင်း) ရေဦးမြို့နှင့်
ညီ/ညီမများ-စပယ်၊ သဇင်၊ ချယ်ရီ၊ ထွန်းမင်း၊ ကိုမျိုး၊ အေးခိုင်။

ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့လက်ရွေးစင် ဘော်လီဘောသမားဟောင်း (အသင်းခေါင်းဆောင်) လက်ထောက်မြို့နယ်မှူး (လဝက) ဦးကျော်ဒင် အသက် (၅၉) နှစ်သည် ၇-၃-၂၀၀၄ရက်နေ့တွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဘော်လီဘောသမားဟောင်းများ။

ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့လက်ရွေးစင် ဘော်လီဘောသမားဟောင်း (အသင်းခေါင်းဆောင်) လက်ထောက်မြို့နယ်မှူး (လဝက) ဦးကျော်ဒင် အသက် (၅၉) နှစ်သည် ၇-၃-၂၀၀၄ရက်နေ့တွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲပါကြောင်း။

မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်။

အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်၊ အောင်သုခရပ်၊ အရှေ့တပ်မြေလမ်း၊ အိမ်အမှတ် ၅B နေ ဦးစိုးလှိုင်နှင့် ဒေါ်သင်းသင်းကြည်၏သား မောင်သင်းမောင်စိုး ၁၀/မလမ (နိုင်) ၁၈၇၂၃၂ သည် မိဘများသဘောမတူနိုင်သော ကိစ္စများကို ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စများကို တာဝန်မယူပါ၊ မေးမြန်းစုံစမ်းခြင်း သည်းခံပါ။

ဦးစိုးလှိုင်
ဒေါ်သင်းသင်းကြည်။

ဒေါ်တင်တင်ညွန့် (Anna)
ကျောင်းဆရာမ (ငြိမ်း)
အထက(၃)ကြည့်မြင်တိုင်
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ (အေဝမ်းခြံ)၊ မြသီရိလမ်းသွယ်၊ အမှတ် ၁၄ နေ (ဦးတင်ဝိန်-ဒေါ်ညွန့်ညွန့်)တို့၏သမီး၊ (ဦးမြင့်မောင်) (ညွန်ကြားရေးမှူးချုပ်၊ စက်မှု/လယ်ယာ)၏ဇနီး၊ ရဲမှူးဘုန်းကြွယ် (ပြည်ထဲရေးဝန်ကြီးဌာန)-ဒေါ်နွယ်နီသန်းထွန်း (အထက-၃၊ မရမ်းကုန်း)၊ ဦးဘုန်းမြင့်(2nd Officer)-ဒေါ်ညွန့်ညွန့်ဝင်း၊ ဦးဘိုဘို-ဒေါ်နှင်းနှင်းမြင့်၊ (ဦးအောင်ခိုင်)-ဒေါ်ညွန့်ရင်၊ ဒေါ်အေးအေးမွန်-ဦးကျော်မင်းသန်း (Chief Officer)၊ ဦးညီထွေး-ဒေါ်စောကလျာတို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏ အဘွားသည် ၉-၃-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၈း၁၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်ညွန့် (Anna)
ကျောင်းဆရာမ (ငြိမ်း)
အထက(၃)ကြည့်မြင်တိုင်
အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ ဦးတင်ဝိန်-ဒေါ်ညွန့်ညွန့်တို့၏သမီး၊ ဒေါ်တင်တင်ဝေ-(ဦးတင်ဦး)တို့၏ညီမ၊ (ဦးတင်ရှိန်)-ဒေါ်မြမြခက်တို့၏အစ်မ၊ မောင်သူရမြင့် (ပ-ဓာတု)၊ မသိမ့်သိမ့်ဝင်း(ဆဋ္ဌမတန်း-A၊ TTC)၊ ပြည့်ဖြိုးလင်း(စတုတ္ထတန်း-C၊ TTC)၊ မောင်ထိန်ဝင်းအောင် (ဆဋ္ဌမတန်း-F၊ TTC)၊ မသက်ထားနွယ်(ပဉ္စမတန်း-C၊ TTC)၊ မနှင်းမိုးခိုင်(ဆဋ္ဌမတန်း-F၊TTC)၊ မထက်စုမြတ်နွယ် (ရင်ပိုင်းမူကြို)၊ မောင်ကျော်မျိုးဇင် (တတိယတန်း-B၊ TTC)၊ မအိမြတ်နိုး(K.G-B၊TTC)၊ မထရီဇာတို့၏ဘွားမာမီသည် ၉-၃-၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၈း၁၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမြေးတစ်စု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်တင်ညွန့်
အသက်(၇၂)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန ရဲမှူးဘုန်းကြွယ်(ဝန်ကြီး၏ဦးစီးအရာရှိ)၏မိခင်သည် ၉-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးတင်မြင့်(ညွှန်ကြားရေးမှူး)နှင့်ဇနီး ဒေါ်ရွှယ်ဂျာ
(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)။

ဒေါ်ခင်ဖုန်းဝေ
(ဆသရတိုင်းရုံး၊ မကွေး)
အသက်(၄၈)နှစ်

မကွေးမြို့၊ အမှတ် ၆၂၊ ဘုရားလမ်း၊ အလယ်ရပ်နေ ဦးတင်-ဒေါ်လှကြွယ်တို့၏သမီး၊ ဦးသန်းဝင်း (ရန်ကုန်)၊ ဦးစန်းဦး-ဒေါ်ခင်ပြုံးဝေတို့၏ ညီမ၊ (ဦးမျိုးကြည်)-ဒေါ်ခင်အုန်းဝေ၊ဦးအောင်ကျော်မိုး-ဒေါ်ခင်မို့နိုင်၊ ဦးအောင်ကျော်တိုး-ဒေါ်သန်းသန်းအေး၊ ဦးအောင်ကျော်စိုး-ဒေါ်လှလှဝင်း၊ ဒေါ်ခင်သန်းကြွယ်၊ ဦးအောင်ကျော်ထွေး-ဒေါ်လဲ့ယဉ်ဝင်းတို့၏အစ်မ၊ တူ တူမ ၁၄ ယောက်တို့၏အဒေါ်သည် ၉-၃-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄း၃၀ နာရီတွင် မကွေးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် မကွေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်စန်း (မိုးကုတ်ယောဂီ)
အင်းစိန်
အသက်(၇၀)

အင်းစိန်မြို့နေ(ဦးထွန်းဖေ-ဒေါ်ညွန့်)တို့၏သမီး၊ သံတွဲမြို့နေ (ဦးမြဘူး-ဒေါ်ဝါယုံ)တို့၏သမီးချွေးမ၊ (ဦးကြင်မောင်)(ယစ်မျိုးမှူး)၏ဇနီး၊ ဒေါ်ခင်မမ၊ ဦးမြင့်မောင်(ဘဓရ၊ ငြိမ်း)-ဒေါ်ဝင်းမာ (အလက-၆၊ အင်းစိန်)၊ ဦးသောင်းစိန် (အမှုဆောင်အင်ဂျင်နီယာ၊MEPE)-ဒေါ်ခင်သက်သက်၊ ဒေါ်စန်းစန်းဝေ (MEPE၊ လသာမြို့နယ်)တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၀၄ရက်(သောကြာနေ့)ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ် ၂၉ နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။



ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဓမ္မကထိက
ဆရာကြီး ဦးခိုင် (ဆကာကြီးမြို့)
အသက်(၇၃)နှစ်

ဧရာဝတီတိုင်း၊ဆကာကြီးမြို့နေ(ဦးရွှေ-ဒေါ်စိန်)တို့၏သားကြီး၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ ၂၄ လမ်း၊ အမှတ် ၅၃၂နေ(ဒေါ်ရီ)၏ခင်ပွန်း၊ ဦးကျော်မြင့်-ဒေါ်မြမြဝင်း၊ ဦးကျော်ဝင်း-ဒေါ်သန်းသန်းဌေး၊ ဦးကျော်ဇော(ဖျာပုံ၊ ရေနံ)-ဒေါ်အေးအေးသန်း(ကျန်းဦးစီး၊ ငြိမ်း)၊ ဒေါ်ဌေးဌေးဆွေ၊ ဦးအောင်မြင့်-ဒေါ်အေးအေးစန်း၊ ဒေါ်မြင့်မြင့်ကြူ (နည်းပြ၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ဖခင်၊ မောင်ချစ်ထူးခိုင်၊ မဇွန်ပွင့်ခိုင်၊ မောင်အာကာကျော်ဇော၊ မဖူးသဉ္ဇာခိုင်၊ မမေသူကျော်ဇောတို့၏အဘိုးသည် ၁၀-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၀၄ရက်(သောကြာနေ့)ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယကာကြီး
ဦးဇော်တင့် (ကိုထူး)
Chief Engineer (F.G) C.D.C - 3606
အသက်(၅၉)နှစ်

၂၇-၂-၂၀၀၄ရက် (သောကြာနေ့)က ကွယ်လွန်သွားသော ဦးဇော်တင့် (ကိုထူး)၏ ဈာပနကိစ္စအဝဝနှင့် ရက်လည်သည်အထိ အဘက်ဘက်မှဝိုင်းဝန်းကူညီအားပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအားလုံး၊ လိုက်ပါပို့ဆောင်ကြသူများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းပေးပို့ကြသူများ၊ ရပ်ဝေးမှ သတင်းမေးအားပေးကြသူများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ငြိမ်း
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ဖဆပလရပ်ကွက်၊တိုက် ၁၆၊ အခန်း ၁၆နေ(ဦးရွှေတုတ်-ဒေါ်ခင်သိန်း)တို့၏သမီး၊ ပဲခူးတိုင်း၊ ပြည်ခရိုင်၊ တရုတ်မော်မြို့နယ်နေ (ဦးကောင်းဘော်-ဒေါ်ထား)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၁၅၁၊ ၃၂ လမ်းနေ ဦးကာစီ (အဘိဓမ္မာသင်တန်းပြဆရာကြီး၊အဘိဓမ္မာပြန့်ပွားရေးအသင်း၊ ဆူးလေ)၏ဇနီး၊ ဦးဝင်းကိုင် (အကောက်ခွန်မှူး)-ဒေါ်မိုးသီတာစီ၊ (ဦးဖေသင်စီ)-ဒေါ်မြမြသွယ် (A.A Medical Co., Ltd.)၊ မယဉ်မင်းသိုက်စီ (MSC Yr II, Engineering Physics, Y.U)တို့၏ မိခင်၊ မခင်ယမုံသန့် (ပထမတန်း-ဂ၊ အလက-၁၊ ဒဂုံ)၏အဘွားသည် ၁၀-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၀၄ရက်(သောကြာနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
နော်ခင်ခင်
သတ္တုတွင်းဝန်ကြီးဌာန(ငြိမ်း)
Tasaki Shin Ju Co., Ltd.
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၄)ရပ်ကွက်၊ အမှတ် ၃၂၅ နေ (စောထွန်းလင်း)-နော်မူဆိတို့၏ သမီးကြီး၊ နော်ကြင်ကြင်-စောချစ်ဦး၊ (နော်ကပေါလေး)-ဦးမန်းကျော်၊ စောအောလမူး (ဆည်မြောင်းဝန်ကြီးဌာန)-နော်လေးဒီယာ (တွဲဖက်ပါမောက္ခ၊ တောင်ငူ)၊ (နော်ဘရီး)-ဦးမြင့်ဆွေ၊ စောအားမယ်-နော်ပိုးလိုးသာတို့၏အစ်မကြီး၊ စောစံတော၏ဇနီး၊ နော်အယ်လင်းနော-ရဲအုပ်စိုင်းကျော်ညွန့် (ဒု-မြို့နယ်မှူး၊ မြောင်းမြမြို့နယ်)၊ (ရဲတပ်ကြပ် စောဖီးလစ်)-မလှမြင့်၊ စောအောင်လင်းတို့၏မိခင်၊ စိုင်းကျော်မင်းထွန်း(ချော်တွင်းကုန်း)နှင့် မြေးခုနစ်ယောက်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၆း၃၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၃-၂၀၀၄ရက် (သောကြာနေ့)နံနက် ၁၀နာရီတွင်ရေဝေးခရစ်ယာန်ဝတ်ပြုဆောင်၌ဝတ်ပြုပြီး ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၉ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျင်အောင်(ခ)
ဦးကျင်းဝက် (ဒိုက်ဦး)
အသက်(၆၇)နှစ်

ဒိုက်ဦးမြို့၊ မင်းလမ်း၊ (၁)ရပ်ကွက်နေ (ဦးရှမ်းမ-ဒေါ်ရွှေ)တို့၏ သားကြီး၊ (ဒေါ်နှင်းရီ)(အထက၊ဒိုက်ဦး)၏ခင်ပွန်း၊ သနပ်ပင်မြို့နယ်၊ မင်းရွာနေ (ဦးကျင်မွန်း)-ဒေါ်မြ၊ အမေရိကန်နိုင်ငံ၊ အော်လန်းမြို့နေ (ဦးလွန်းမောင်-ဒေါ်ကြည်)တို့၏ညီ/မောင်၊ ဒိုက်ဦးမြို့နေ ဦးကျင်စိန်-ဒေါ်ကြင်၊ ဦးကျင်းဝမ်-ဒေါ်တင်တင်ဝင်းတို့၏အစ်ကို၊ တောင်ငူမြို့နေ ဦးသက်ဦး-ဒေါ်သီတာ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်နေ ဗိုလ်ကြီးအောင်မိုး(ငြိမ်း၊ သန်မြန်သူမော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၊ ရုံးချုပ်)-ဒေါ်လင်းလင်းရှိန်၊ မိုးညှင်းမြို့နေ ဦးဝင်းဗိုလ်တို့၏ဖခင်၊ မြေး၄ယောက်တို့၏အဘိုးသည် မြောက်ဥက္ကလာပဆေးရုံကြီး၌ ၁၀-၃-၂၀၀၄ရက် မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၀၄ ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ရီရီမြင့်
B.E (Chem)
(အလုပ်ရုံမှူး၊
ကျော်စွာဓာတ်မြေသြဇာစက်ရုံ)
အသက်(၅၁)နှစ်

ပြည်မြို့၊ စစ်ကဲလမ်း၊ အမှတ် ၆၀၂ နေ (ဦးဆောင်း-ဒေါ်လျှံဘုား)တို့၏သမီး၊ ထီးလင်းမြို့နေ (ဦးခင်မောင်တိုး)-ဒေါ်စိန်စိန်တို့၏သမီးချွေးမ၊ (ဦးတင်သိန်း)-ဒေါ်သန်းသန်းဌေး၊ ဦးခဲမိန်-ဒေါ်ကျင်ကြည်၊ ဦးကျင်ဆွေ-ဒေါ်ကြည်ကြည်မြင့်တို့၏ညီမ၊ ဦးမြင့်သိန်း-ဒေါ်သန်းသန်းအေး၊ ဦးတင်လေး-ဒေါ်ခင်ဝင်းကြည်၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းအေး၊ ဦးဖိုးပြုံး-ဒေါ်ဌေးဌေးမြင့်တို့၏ အစ်မ၊ တူ တူမ ၂၃ ယောက်တို့၏ အဒေါ်၊ ဦးအောင်မြင့်ဦး (အလုပ်ရုံခွဲမှူး၊ ကျော်စွာဓာတ်မြေသြဇာစက်ရုံ)၏ ဇနီးသည် ၁၀-၃-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၀၄ရက် နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမျိုးနိုင်
အသက်(၄၈)နှစ်

တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ် ၂၈၊ တတိယထပ်(အလယ်)နေ၊ (ဦးကျင်ပို-ဒေါ်တင်တင်)တို့၏သား၊ ဒေါ်ဝင်းဝင်း၏တူ၊ ဦးမျိုးမော်-ဒေါ်မြင့်မြင့်သန်း (မြန်မာ့သံရုံး၊ ပီကင်းမြို့)၊ ဦးမျိုးဟန် (တရားရုံးချုပ်ရှေ့နေ) - ဒေါ်မြင့်မြင့်၊ ဦးမျိုးဆွေ (မြန်မာ့လေကြောင်း)-ဒေါ်မြင့်မြင့်၊ ဒေါ်ခင်မို့မို့(အထက-၂၊ ပုဇွန်တောင်)၊ ဒေါ်ခင်မိမိတို့၏ ညီ/မောင်၊ တူ တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၂း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၀၄ရက်(သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

(ယာယီတပ်ခွဲမှူး၊ဗိုလ်မှူး)
ဗိုလ်ကြီးခင်မောင်ထွန်း
တဗ(၂၁)
အသက်(၃၂)နှစ်

ပဲခူးမြို့၊ အမှတ် ၁၁၊ သကြားစက်နေ ဦးထွန်းချို (ဌာနမှူး၊ ထွေ/စီ)၊ ဒေါ်ခင်လှတို့၏သားကြီး၊ ရန်ကုန်မြို့၊ တိုက် ၁၊ မြို့ပတ်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဦးအုန်းဖေ (ကျန်းမာရေးမှူး၊ ငြိမ်း)-ဒေါ်လှရီ (ကုန်သွယ်ရေး၊ ငြိမ်း) တို့၏သားသမက်၊ ဒေါ်ခင်သီတာစန်း (အလပြ၊ အထက၊လောပိတ၊လှိုင်ကော်မြို့နယ်)၏ခင်ပွန်း၊ မသက်ယမင်း (ပထမတန်း၊ အမက-၁၂၊ တာမွေ)၏ ဖခင်သည် ၆-၃-၂၀၀၄ရက် (စနေနေ့) တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်လထော်နန်ဂရောင်
အလယ်တန်းပြဆရာမ(ငြိမ်း)
အထက(၁)ဇန်းမော်မြို့
အသက်(၇၄)နှစ်

ဇန်းမော်ခရိုင်၊ အင်ဘာပါရွာနေ (ဆရာကြီး ဒူဝါလထော်ဇော်ဆိုင်း-ဒေါ်ဒမောင်ရွယ်)တို့၏သမီးကြီး၊ (ဦးမခါနော်-ဒေါ်လဖိုင်ကော့)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇမ္ဗူရစ်လမ်း၊ အမှတ် ၁၆၊ အခန်း ၃ နေ ဦးမခါကမ်ထွဲ (စိန်လုံတောင်တန်းဝန်ထောက်၊ ငြိမ်း)၏ဇနီး၊ မြစ်ကြီးနားမြို့နေ ဦးလထော်ဂွမ်ဂျာ-ဒေါ်လဖိုင်နန်ကွယ်၊ ရန်ကုန်မြို့နေ ဒေါ်လထော်နန်းလုံ-(ဦးကျော်ဝင်း)၊ မြစ်ကြီးနားမြို့နေ ဒေါ်လထော်နန်တောမ်-(ဦးဘုန်းအောင်နော်)တို့၏အစ်မကြီး၊ ဒေါ်ခေါန်ရာ(ဒု-ညွှန်/မှူး၊ဆည်မြောင်းရုံးချုပ်)-ဦးလဘန်ရှိန်ရစ်(လ/ထ ထွေဂျာ၊ မြန်မာ့မီးရထား၊ စွမ်းအားပြည့်ကော်မတီ)၊ ဒေါ်ဘောက်နူး၊ ဒေါ်ရွှယ်တောင် - Mr. Yuji Kinoshita၊ ဦးနူးလာ-ဒေါ်အဲလစ်ဇဘက်ရှန်လွမ်(ခ) Nu Nu၊ ဗိုလ်ကြီးထုဆန်(သားဖွား/မီးယပ်နှင့် ကလေးဆေးရုံ၊ မင်္ဂလာဒုံ)၊ ဦးနော်တောင်-ဒေါ်ထုဆိုင်း၊ ဦးလဒိန်-ဒေါ်မရန်ဂျာဆိုင်းတို့၏မိခင်၊ မောင်လဘန်ဘရန်မိုင် (TTC၊ ရန်ကင်း)၊ မဆိုင်းဆန့်တို့၏ အဘွားသည် ၉-၃-၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၁၁း၄၅ နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅-၃-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်သုသာန်တွင်ဝတ်ပြုဆုတောင်းပြီးဂူသွင်းသဂြိုဟ်ပါမည်။ (ရွှေပြည်အေးလမ်း၊စမ်းချောင်း၊ ကချင်နှစ်ခြင်းအသင်းတော်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးညွန့်ဦး
Chief Officer
MV Timber Star
Skyline Ship Management
အသက်(၄၈)နှစ်

ရန်ကုန်မြို့နေ ဦးထွေးမြင့်-(ဒေါ်ခင်မေခင်)တို့၏သားကြီး၊ (ဗိုလ်မှူးကြီးစံလွင်)-ဒေါ်လှလှတို့၏ သားသမက်၊ အမှတ် ၁၄၆၊ သီရိမင်္ဂလာလမ်း၊ ရှစ်မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ဝါဝါလွင်၏ခင်ပွန်း၊ မမေဝိုင်းဖြူ၊ မမေပွင့်ဖြူတို့၏ဖခင်၊ ဦးဝင်းမြင့်-ဒေါ်မို့မို့၊ Dr.မေကျော့နိုင်၊ ဒေါ်မေချိုအေး၊ ဦးမိုးဦး-ဒေါ်လှလှဦး၊ ဦးမိုးလတ်ထွေး (MTM Ship Management) - ဒေါ်စန်းစန်းဌေးတို့၏အစ်ကိုကြီးသည် ၁၀-၃-၂၀၀၄ရက် ဒေသစံတော်ချိန် နံနက် ၁၁း၄၅ နာရီတွင် ဂျပန်နိုင်ငံ၊ Kokura မြို့၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးသန်းဆွေ
(ဒု/လက်ထောက်အကောက်ခွန်မှူး)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ပုသိမ်ညွန့်ရပ်ကွက်၊ အမှတ် ၈၁၊ ဘယသုဒ္ဓိလမ်း၊ (ပ)ထပ်ခြေရင်းနေ ဦးဘစိန်-(ဒေါ်အုံးမြ)တို့၏သား၊ (ဦးစံညွန့်-ဒေါ်ကြည်)တို့၏သားသမက်၊ မခင်စန်း၏ ခင်ပွန်း၊ မောင်ထွန်းအောင်ကျော်၊ မောင်နိုင်ထွန်းတို့၏ဖခင်သည် ၁၀-၃-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၀၄ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အိမ်မဲမြို့နယ်အသင်း
ဦးကျော်ဇင်စိမ်း(ခ)
ဦးကျော်ကျော်
အသက်(၄၇)နှစ်

အိမ်မဲမြို့နယ်အသင်း နာယက (ဦးဟုတ်စိမ်း)-ဒေါ်မြင့်ကြည်တို့၏သားကြီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း(မော်တင်)၊ အမှတ် ၇၅ နေ ဦးကျော်ဇင်စိမ်း(ခ)ဦးကျော်ကျော်သည် ၉-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ အိမ်မဲမြို့နယ်သူ မြို့နယ်သားများ လိုက်ပါပို့ဆောင်ကြပါရန်။(အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးရွှေဘော်အောင် (နတ်မြစ်)
(မောင်တောမြို့)
အသက်(၉၇)နှစ်

မောင်တောမြို့နယ်နေ(ဦးမောင်ထွန်း-ဒေါ်ကြိုင်စာဦး)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊မုန့်/တောင်ရပ်ကွက်၊ အမှတ် ၁၉၊ ရွှေနှင်းဆီလမ်းနေ ဦးစောအောင်-ဒေါ်စောနု၊ ဦးထွန်းစိုးအောင်-ဒေါ်ယိုင်စိန်သာ၊ ဦးရွှေသိန်း-ဒေါ်တင်နု၊ ဦးညွန့်သာ-ဒေါ်မကြီးတို့၏ဖခင်၊ မြေး ၁၃ ယောက်၊ မြစ်လေးယောက်တို့၏ အဘိုး၊ (ဒေါ်မြဝါ)၏ ခင်ပွန်းသည် ၉-၃-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအေးလွင်
လက်ထောက်မန်နေဂျာ(ငြိမ်း)
မြန်မာ့သစ်လုပ်ငန်း
(တောင်ငူမြို့၊ဆင်နှစ်ကောင်၊
ကျောက်မဲမြို့)
အသက်(၆၅)နှစ်

တောင်ငူမြို့နေ (ဦးရီစွတ်-ဟာဂျီမဒေါ်ခတီ)တို့၏သား၊ ကျောက်မဲမြို့၊ ဆင်နှစ်ကောင်ဆေးလိပ်လုပ်ငန်း (ဦးရာမန်)-ဒေါ်ခမ်းမုတ်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်း၊ မြေနီကုန်း၊ ရှမ်းကုန်းလမ်း၊ အမှတ် ၁၆/ဘီ-၄ နေ ဒေါ်စောဝင်း၏ခင်ပွန်း၊ ကိုရီကို-မနန်းစံဟွမ်(လင်းထက်အောင်၊ရတနာလုပ်ငန်း)၊ ကိုညီလတ်၊ ကိုမင်းမင်း၊ မအေးမီလွင်၊ မောင်လူမင်းပိုင်(ခ)ဘိုဘိုတို့၏ ဖခင်၊ ဦးအောင်တင်ဦး-ဒေါ်ခင်မြကြွယ်၊ဦးဝင်းနောင်-ဒေါ်ကြည်ကြည်(မကွေး)တို့၏ညီ၊ဦးဌေးနိုင်-ဒေါ်ညိုညိုထွန်း(မိုးကုတ်)၊ Dr.ဦးစိုးအောင်၊ ဦးဉာဏ်ဝင်း-ဒေါ်ခင်နှင်းသွယ်၊ ကိုအောင်ဇော်မင်း-မစန်းစန်းရီတို့၏အစ်ကို၊ မနန်းခမ်းမိုလျှမ်း၊ နန်းအေးငြိမ်းမေ၊ နန်းခိုင်ဇာသွယ် (အလက-၁၊ဒဂုံ)တို့၏အဘိုးသည် ၁၀-၃-၂၀၀၄ရက်တွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၁-၃-၂၀၀၄ ရက် (ကြာသပတေးနေ့) ဇဟိုရ်နမာဇ်အပြီး မွန်းလွဲ ၂ နာရီတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာမည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်တင်မြင့်
ကုန်သွယ်ရေး(၄)
စား/ဖျော်/ရှင်း (အငြိမ်းစား)
အသက်(၆၁)နှစ်

အင်းစိန်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာမြိုင်လမ်း၊ အမှတ် ၂၃၄(ဆ)နေ ဦးလှထွန်း (တရားရုံးချုပ်ရှေ့နေ)၏ ဇနီး၊ ဦးအောင်အောင်(Uniteam Marine)-ဒေါ်ခင်ဆွေမြင့်(ဇာခြည်)၊ ဦးအောင်သန်းထိုက်၊ ဦးဇေယျာဝင်း-ဒေါ်ခင်ဆွေဝင်း (ရတနာ)တို့၏မိခင်၊ မအေးချမ်းငြိမ်း၊ မောင်ထက်အောင်လှိုင်တို့၏အဘွားသည် ၉-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်မောင်အောင်
B.Sc (Zool)
(စိုက်/မွေး စီမံ)
အသက်(၃၀)

ထောက်ကြန့်မြို့သစ်၊ တိုးချဲ့(၁)ရပ်ကွက်၊ အမှတ် ၃၂ နေ ဗိုလ်ကြီးသန်းအောင်(ငြိမ်း) မြန်မာ့လက်ရွေးစင်နှင့် တပ်မတော်လက်ရွေးစင် နည်းပြဆရာ(ငြိမ်း)-ဒေါ်စန်းမြတို့၏ သား၊ တကကဇော်မင်းဦး - ဒေါ်နီနီအောင်၊ တကက မောင်မောင်အေး (ဗိုလ်တထောင်) - ဒေါ်စီစီအောင် (မြို့တော်စည်ပင်၊ရေသန့်ဌာန)၊ တကက ကိုကိုအောင်-မဥမ္မာခိုင်(ပြည်)၊ မဝါဝါအောင် (ဒု/လဝကမှူး၊ ပုသိမ်ခရိုင်ရုံး)တို့၏ညီ/မောင်၊ တူ တူမ ၁၀ ယောက်တို့၏ ဦးလေးသည် ၉-၃-၂၀၀၄ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(ထောက်ကြန့် နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းအောင်(ခ)
လင်ဟွာအမ်း (လပွတ္တာမြို့)
အသက်(၈၀)

ရန်ကုန်မြို့၊ အမှတ် ၂၅၊ ဓမ္မာရုံလမ်း၊ လှိုင်မြို့နယ်နေ ဒေါ်ဟိုင်လင်း၏ခင်ပွန်း၊ ဦးပြန့်မင်း၊ ဦးအောင်မင်း (First Top Co., Ltd.)၊ ဒေါ်ညွန့်ရီ၊ ဒေါ်ယုယုခင်၊ ဦးစိန်မင်း(First Top Co., Ltd.)၊ ဦးဝင်းဇော် (Gold Yacht Co., Ltd.)၊ ဦးရန်မင်း(First Top Co., Ltd.)တို့၏ ဖခင်သည် ၁၀-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့်၁၂-၃-၂၀၀၄ ရက်(သောကြာနေ့)တွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေးတင်
(ခရမ်း၊တောင်ငူ၊ပဲခူးမြို့)
အသက်(၇၈)နှစ်

ခရမ်းမြို့၊ ကံကောင်းကျေးရွာနေ (ဦးထွန်းစိန်-ဒေါ်သက်နှင်း)တို့၏သမီး၊ ခရမ်းမြို့၊ ကန္တားလမ်း၊ (သမာဓိမြို့ဝန်ဦးမြို့-ဒေါ်သန်းရှင်)တို့၏သမီးချွေးမ၊ ပဲခူးမြို့၊တိုက် ၂၇၊ အခန်း ၃၊ ရှင်စောပုလမ်းနေ ဦးထွန်းအောင်၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးသန်းညွန့် (ငြိမ်း)-ဒေါ်မြမြဆွေ၊ ဦးတင်လှိုင်(ကုန်သွယ်/လယ်ယာ-ငြိမ်း)-ဒေါ်သန်းသန်းလွင်၊ ဦးဇော်မိုး-ဒေါ်သီ၊ ဗိုလ်မှူးအုန်းဆွေ(ငြိမ်း)(ဒုအထွေထွေမန်နေဂျာ မွေး/ရေ ဘဏ်၊ သံတွဲ)-ဒေါ်နီလာချစ်၊ ဒေါ်ပုလဲတင်(ပဲခူးတိုင်း သမဝါယမ)၊ ဦးထွန်းထွန်းဦး-ဒေါ်နီလာတင် (အထက-၂၊ ခရမ်း)၊ ဗိုလ်မှူးထွန်းအေး(ယာယီတပ်ရင်းမှူး)-ဗိုလ်ကြီးဥမ္မာတင် (တပ်မတော် ဆေးရုံကြီး၊ မင်္ဂလာဒုံ)၊ မတင်တင်အောင်(ပဲခူးတိုင်း၊ သ/မဦးစီး)တို့၏မိခင်၊မြေး ၂၄ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၉-၃-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် တပ်မတော်ဆေးရုံကြီး ငြိမ်းအေးဇရပ်၌ တရားတော်နာယူမည်ဖြစ်ပြီး မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (တပ်မတော်ဆေးရုံကြီးမှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေးတင်
(ခရမ်း၊တောင်ငူ၊ပဲခူးမြို့)
အသက်(၇၈)နှစ်

ခရမ်းမြို့၊ ကံကောင်းကျေးရွာနေ (ဦးထွန်းစိန်-ဒေါ်သက်နှင်း)တို့၏သမီး၊ ခရမ်းမြို့၊ ကန္တားလမ်း၊ (သမာဓိမြို့ဝန်ဦးမြို့-ဒေါ်သန်းရှင်)တို့၏သမီးချွေးမ၊ ပဲခူးမြို့၊တိုက် ၂၇၊ အခန်း ၃၊ ရှင်စောပုလမ်းနေ ဦးထွန်းအောင်၏ဇနီး၊ ခရမ်းမြို့၊ ကံကောင်းရွာသစ်နေ ဒေါ်အေးကြွယ်၊ ဒေါ်ခင်လှ၊ ဦးတင်ရွှေ၊ ဦးမြင့်ဆွေ၊ ပဲခူးမြို့၊ မြို့သစ်နေ ဒေါ်ခင်သိန်းတို့၏အစ်မကြီးသည် ၉-၃-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် တပ်မတော်ဆေးရုံကြီးမင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် တပ်မတော်ဆေးရုံကြီး ငြိမ်းအေးဇရပ်၌ တရားတော်နာယူမည်ဖြစ်ပြီး မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(တပ်မတော်ဆေးရုံကြီးမှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမောင်နှမများ။

ကိုကျော်ဇင်စိမ်း(ခ)
ကိုကျော်ကျော်
(အိမ်မဲ-မြောင်းမြ)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၇၅၊ လမ်းမတော်မြို့နယ်၊ မော်တင်(လမ်းသစ်)လမ်းနေ (ဦးဟုတ်စိမ်း)-ဒေါ်မြင့်ကြည်တို့၏သားကြီး၊ ဦးစိုးအောင်-ဒေါ်ယုယုစိမ်းတို့၏ ညီ/မောင်၊ ကိုအောင်ဇင်စိမ်း၊ ကိုသန့်ဇင်စိမ်း၊ မလတ်လတ်စိမ်း၊ကိုကံထူးမောင်-မမြတ်မြတ်စိမ်းတို့၏အစ်ကို၊ တူ တူမ သုံးယောက်တို့၏ဘကြီးသည် အကယ်ဒမီအထူးကုဆေးခန်း၌ ၉-၃-၂၀၀၄ ရက် မွန်းလွဲ ၁း၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

အဆင့်မြင့်တန်း ရောက်လာမည့် "ကမ္ဘောဇ"

သတင်းဆောင်းပါး - ဖိုးတာတေ

ရန်ကုန် မတ် ၁၀

"ကမ္ဘောဇ" ဟူသော အမည်ကို ကြားလိုက်ရတိုင်း မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် နှစ်စဉ်အလှူငွေ သိန်းပေါင်းများစွာ ပေးလှူနေသော ကမ္ဘောဇဘဏ်လီမိတက်နှင့် ထိုလုပ်ငန်း၏ တာဝန်အရှိဆုံးပုဂ္ဂိုလ် ဦးအောင်ကိုဝင်းကို မြင်ယောင်မိပါသည်။ ထိုပုဂ္ဂိုလ်ကို မကြာမီက ပြန်လည်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သစ်တွင်လည်း နာယကတစ်ဦးအဖြစ် တွေ့ရပြန်ပါသည်။ မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် ဦးဆောင်ကဏ္ဍမှ ပါဝင်နေသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပေသည်။ စာမျက်နှာ ၉ ကော်လံ ၁ ❁

ကမ္ဘောဇဘောလုံးအသင်းအား အသင်းနည်းပြများနှင့်အတူ တွေ့ရစဉ်။



မြန်မာ့ပင်လယ်ပြင်မှ ဖမ်းဆီးရမိသော ငါးသေး၊ ငါးမွှား၊ပယ်ငါးများကို ငါးအမှုန့်ကြိတ်ရန် စက်ယန္တရားများဖြင့် စက်လှေပေါ်မှ ဤသို့ သယ်ယူခဲ့ကြသည်။

မြန်မာနိုင်ငံ၌ နိုင်ငံတကာငါးဈေးကွက်ကြီးပေါ်ထွန်းရေး မြိတ်အပြည်ပြည်ဆိုင်ရာငါးလေလံဈေးကြီးပြန်လည်ဖွင့်မည်

သတင်းဆောင်းပါး – မောင်မောင်ခိုး၊ ဓာတ်ပုံ – ထွေးကြည်(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၀

တနင်္သာရီတိုင်း မြိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးကြီးကို ယခုအခါ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သည်။ မြန်မာ့ငါးလုပ်ငန်းဦးစီးဌာနနှင့် ပြင်သစ်နိုင်ငံ စီထရာကိုကုမ္ပဏီတို့ ဖက်စပ်တည်ထောင်ပြီး ၂၀၀၁ခုနှစ် အောက်တိုဘာလတွင် စတင်ဖွင့်လှစ်ဆောင်ရွက်စဉ်ကတစ်နေ့လျှင် ငါးတန်ချိန် ၅၀ကျော် ၆၀ခန့် လာရောက် ရောင်းချလျက်ရှိပြီး ငါးဖမ်းလုပ်ငန်းရှင်များအနေဖြင့် ယခင်ရရှိလျက်ရှိသော ငါးဈေးနှုန်းထက် ၃၀ ရာခိုင်နှုန်းပိုမိုရရှိကြသည်။ စာမျက်နှာ ၉ ကော်လံ ၆ ❐

တနင်္သာရီတိုင်း မြိတ်မြို့၌ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးသည် မြန်မာနိုင်ငံ ငါးဈေးကွက်အတွက် အရေးပါလှသည့် နိုင်ငံတကာအဆင့်မီ ငါးဒိုင်ကြီး ဖြစ်သည်။ ဓာတ်ပုံ–ထွေးကြည် (မြန်မာ့အလင်း)

ဝိုး ဘေးအန္တရာယ်
အစဉ်သတိပြုကာကွယ်

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရောမဂေါ်ဇီလာရုပ်တုကြီး

အမြင့် ၁၀ မီတာ ရှိသော ရောမ ဂေါ်ဇီလာရုပ်တုကြီးကို ဂျပန်နိုင်ငံ ယိုကိုဆူကာမြို့ရှိ ဇီဝဥယျာဉ် အတွင်း၌ တည်ဆောက် ပြသထားသည်ကို တွေ့ရခြင်းဖြစ်သည်။**(ဝဲပုံ)**

ဂေါ်ဇီလာသည် ဂျပန်နိုင်ငံ၏ထင်ရှားကျော်ကြားသော ကြောက်စရာသတ္တဝါကြီးအဖြစ် လွန်ခဲ့သည့် နှစ် ၅၀ကြာ ဂျပန်ရုပ်ရှင်ကားများတွင်ရိုက်ကူးပြသခဲ့သည်။ **(အင်တာနက်)**

ဟိုက်ဒရိုဂျင်ဗုံးစမ်းသပ်ဖောက်ခွဲစဉ်က

အောက်ပုံမှာ ၁၉၅၂ခုနှစ်၌ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ အီညူဝီတက် သန္တာကျောက်ကျွန်းစုမှ အီလူဂီလက်ကျွန်းပေါ်တွင် ဟိုက်ဒရိုဂျင်ဗုံး တစ်လုံးကို ဖောက်ခွဲစမ်းသပ်ခဲ့ရာ၌ ဖြစ်ပေါ်လာသော မီးခိုးလုံးကြီးကို တွေ့ရစဉ်ဖြစ်သည်။

လွန်ခဲ့သည့် နှစ်၅၀ကျော်က ပစိဖိတ်သန္တာကျောက်ကျွန်းပေါ်တွင် ဟိုက်ဒရိုဂျင်ဗုံးစမ်းသပ်ခဲ့ရာ၌ဘီကီနီကျွန်းသားများသည် ၎င်းတို့နေအိမ်များမှဖယ်ရှားပေးခဲ့ရသည်။ ယခုအခါ အသက်အရွယ်ကြီးကုန်ကြပြီဖြစ်သော ဘီကီနီကျွန်းသား လေးဆယ်သည် ဟိုက်ဒရိုဂျင်ဗုံး စမ်းသပ်ခဲ့သော နှစ် ၅၀ ပြည့်နှစ်ပတ်လည်နေ့အဖြစ် ထိုကျွန်းသို့ရှားရှားပါးပါး သွားရောက်ရန် ပြင်ဆင်လျက်ရှိကြသည်။



(အင်တာနက်)